www.dhammaransi.com

# ကံနှင့်လူသား

## ပုံပြင်တရားတော်

မဟာစည်ဓမ္မကထိက
ပြန့်တန်းသော **အရှင်သုန္ဒရ** ဟောသော

[illegible]

www.dhammaransi.com

သတ္တမအကြိမ်
၁၉၇၅—ခုနှစ်၊ ဇန်နဝါရီလ၊ အုပ်ရေ [၃၅၀၀]
မျက်နှာဖုံး ပန်းချီနှင့် အတွင်းသရုပ်ဖော် ပန်းချီများ
ပန်းချီဆရာကြီး—ဦးကိုလေး၊
ဘလောက် လွင် နှင့် သောင်းလှ
မျက်နှာဖုံးရိုက်—ဗျိုးညွန့်
ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ်[၇၅၂]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၄၂၈] ပညာအလင်းပြစ အုပ်ဆိုင်
တန်ဖိုး ၁၂-ကျပ်။ ၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ဆန်မြို့
ဖုန်း-၉၀၉၂၇

ထုတ်ဝေသူ။ ။ဒေါ်တီ (မြဲ-၀၀၆၈)၊ သီရိစာပေဖြန့်ချိရေး၊ အမှတ် ၃၈၊ ၈၇ လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။
ပုံနှိပ်သူ။ ။ဒေါ်တီ (မြဲ-၀၁၂၆၁)၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် ၃၈၊ ၈၇ လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။
သီဒ္ဓိ—၁

www.dhammaransi.com

သီရိရတနာစာပေတိုက်

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

www.dhammaransi.com

မဟာဝိဇ္ဇာ နိုင်ငံခြားသာသနာပြု ဓမ္မကထိက
ပြန်တန်ဆာ အရှင်သုန္ဒရ (ဘီ-အေ)
အမျိုးသားပထမကျောင်း-အစိုးရဓမ္မာစရိယ

# ကံနှင့်လူသား

ပုံပြတရားတော်

သီရိရတနာ စာပေတိုက်
၁၆၆၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

www.dhammaransi.com

# "ကံနှင့်လူသား ပုံပြတရားတော်"

## ပဏာမ

သုဘေန ပုစ္ဆိတံ ပဉှံ၊ ဝိဿဇ္ဇိတုံ ဟဘာဂတော။
စူဠကမ္မံ အဒေသေသိ၊ နမာမိ သုဂတံ အဟံ။ ။

ယော တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ မခြားညီဘူ လာခြင်းကောင်းတော်မူသော အကြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သုဘေန၊ တောဒေယျ ခေါ် ပုရောဟိတ် ပုဏ္ဏားကျော်၏ သားဖြစ်သော သုဘမည်တွင် ပုဏ္ဏားလုလင်က။ ပုစ္ဆိတံ၊ ယုတ်မြတ်နှစ်ဖြာ ကွဲရတာကို သေချာသိလို၍ မေးအပ်သော။ ပဉှံ၊ တဆယ့်လေးဖြာ ပြဿနာကို။ ဝိဿဇ္ဇိတုံ၊

www.dhammaransi.com

တခုမကျန် ပြန်လည်ဖြေကြားရန်အလို့ငှာ။ စူဠကမ္မံ၊ စူဠကမ္မ ဝိဘင်္ဂခေါ် သုတ်ဘုရားတော်ကို။ အာဒေသယိ၊ သာဝတ္ထိပြည်မှ ဇေတဝန်ဆောင်မောင်း သာသွေးမကျောင်း၌ ကိန်းအောင်း နွေခလျှော် သီတင်းသုံးနေတော်မူသောအခါ ဘုရားဘာရွှေသွား ပညာအားဖြင့် ညွှန်ကြား ဟောပြတော်မူခဲ့လေပြီ။ သုဂတံ၊ ကောင်းသော စကားကို ဆိုတော်မူတတ်ထသော။ တံတထာဂတံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ အဟံ၊ စူဠကမ္မ ဝိဘင်္ဂခေါ် သုတ်ဘုရားတော်ကို နည်းမှီစံထား၍ "ကံနှင့် လူသား" သိဖွယ်များကို ဟောကြားတော့မည် စိတ်ကရည်၍ ကြံစည်အားထုတ် အကျွန်ုပ်သည်။ နမာမိ၊ ဂုဏ်တော်ရှယ်ကိုး အားတော်ကိုး၍ ရှိခိုးကန်တော့လိုက်ပါသည်ဘုရား။ နမာမိ၊ တရားဟော တရားနာ များစွာသော ပရိသတ်အပေါင်း သူတော်ကောင်းတို့၏ ကိုယ်တွင်းကိုယ်ပ အိမ်တွင်းအိမ်ပ ရွာတွင်းရွာပ မြို့တွင်းမြို့ပ ပါ မကျန် ဘေးအဘန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ ကင်းပစေကြောင်း ဆုမှန်တောင်းကာ ရှိခိုး ကန်တော့လိုက်ရပါတော့သည် ဘုရား။

www.dhammaransi.com

# “အကျဉ်း ဗုဒ္ဓဝင် သိစေချင်”

ဒီပင်္ကရာ မြတ်စွာဘုရား ထံတော်ပါးမှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့တဲ့ သုမေဓာ ရှင်ရသေ့ဘဝကစပြီးတော့ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းတိုင်တိုင် ပါရမီ ဖြည့်ကျင့်တော်မူခဲ့ပြီးဖြစ်တဲ့ အလောင်းတော် သေတကေတု နတ်သားဟာ နတ်ဗြဟ္မာအများတို့ရဲ့ စုပေါင်း တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ နတ်သက်ခြွေပြီးတော့ မဟာသက္ကရာဇ် ခြောက်ဆယ့်ခုနစ်ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ ည သန်းခေါင်ယံမှာ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းရဲ့ မိဖုရားခေါင်ကြီး ဖြစ်တဲ့ မဟာမာယာဒေဝီရဲ့ ဝမ်းကြာတိုက်မှာ ကိန်းပိုက်သန္ဓေ စံနေတော်မူခဲ့ပါတယ်။

အဲဒီနောက် ကိုးလလွန်မြောက် ဆယ်လရောက်တဲ့ မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ခု၊ ကဆုန်လပြည့်၊ နေ့တချက်တီးအရောက်မှာ မယ်တော်မာယာဟာ လုမ္ဗိနီသာမောအင်ကြင်းတော၌ အလောင်းတော် သိဒ္ဓတ္ထမင်းသားကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါတယ်။

အဲဒီနေ့မှာပဲ “အာနန္ဒာ၊ ဗောဓိပင်၊ ကာဠုဒါယီ၊ ယသော်ဓရာ၊ ဆန္န၊ ရွှေအိုးကြီးလေးလုံးနဲ့ ကဏ္ဍကမြင်း”ဆိုတဲ့ ဖွားဖက်တော် ခုနစ်ဦးတို့လည်း မွေးဖွားပေါ်ထွန်းခဲ့ပါတယ်။

အလောင်းတော်ကို ဖွားမြင်ပြီးနောက်(၇)ရက်အရောက်မှာ မယ်တော်မာယာ နတ်ရွာစံခဲ့လို့ အလောင်းတော်မင်းသားငယ်ကို မိထွေးတော်ဂေါတမီက ကောက်ချီယုယ ပိုက်ထွေးခဲ့ရပါတယ်။

www.dhammaransi.com


ဘုရားအလောင်းမင်းသားဟာ (၁၆)နှစ်အရွယ်မှာ ဖွားဖက်တော် ယသော်ဓရာ မင်းသမီးနဲ့ ထိမ်းမြားလက်ဆက်တော်မူပြီးတော့ (၁၃)နှစ်တိုင်တိုင် ထီးနန်းစည်းစိမ်ကို ခံစားတော်မူခဲ့ပါတယ်။

အဲဒီနောက် (၄)လတကြိမ်၊ (၄)လတကြိမ် ဥယျာဉ်တော်ထွက်ကြတော်မူမြဲ ဖြစ်တဲ့အတိုင်း ဥယျာဉ်တော်ထွက်အကြိမ်မှာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကိုမြင်ရလို့ ပြင်းစွာ သံဝေဂ ဖြစ်တော်မူခဲ့ပါတယ်။


ဒါကြောင့် သားတော်ရာဟုလာ ဖွားမြင်လာပြီးနောက် မဟာသက္ကရာဇ်(၉၇)ခုနှစ်၊ ဝါဆို လပြည့်နေ့ည သန်းခေါင်ယံ အရောက်မှာ ဖွားဖက်တော် ဆန္နအမတ်ကို နောက်ပါခေါ်ပြီး ဖွားဖက်မြင်း ကဏ္ဍကကိုစီးကာ တောထွက်တော်မူခဲ့ပါတယ်။

အလောင်းတော်ဟာ တောထွက်စမှာ သက်တော်(၂၉)နှစ်မျှသာရှိသေးလို့ ကာမဂုဏ်စည်းစိမ်ကို ခံစားမယ်ဆိုယင် ခံစားလို့ကောင်းတုန်းအရွယ်ပါပဲ။ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကဆိုယင် ဘုရားလောင်းတောမထွက်ဖြစ်အောင် နည်းအမျိုးမျိုးနဲ့ အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ဒီကြားထဲက အလောင်းတော်ဟာ ရမ္မ၊ သုရမ္မ၊ သုဘဆိုတဲ့ ရွှေနန်းမသုံးဆောင်၊ ယသော်ဓရာအမှူးရှိတဲ့ မိဖုရား မောင်းမမိဿံ ခြေရံသင်းပင်းများနဲ့တကွ ဆွေတော်မျိုးတော်တို့ကိုစွန့်ခွာပြီး တောထွက်တော်မူခဲ့ခြင်း ဖြစ်ပါတယ်။

---

[၁] အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူပုံ။

www.dhammaransi.com



www.dhammaransi.com



ဒါဟာ ဘာ့ကြောင့်လဲဆိုယင် "သစ္စာလေးပါးကို ငါသိနိုင်လာယင် သတ္တဝါတွေကိုလည်း ငါ သိသလို သိစေမယ်၊ သံသရာဝဋ်ဆင်းရဲမှ ငါလွတ်မြောက်နိုင်လာယင် သတ္တဝါတွေကိုလည်းဝဋ်ဆင်းရဲမှ လွတ်မြောက်စေမယ်၊ သံသရာရေယာဉ်ကြောမှ ငါ ကူးမြောက်နိုင်လာယင် သတ္တဝါတွေကိုလည်း သံသရာရေယာဉ်ကြောမှ ကူးမြောက်စေမယ်"လို့ သုမေဓာဘဝက ထားခဲ့တဲ့ ရည်စူးချက်အတိုင်း သတ္တဝါတွေကို ကယ်တင်လိုလို့ ဖြစ်ပါတယ်။

အလောင်းတော်ဟာ အနော်မာသောင်အရောက်မှာ ဆံတော်ပယ်၊ ဃဋိကာဗြဟ္မာမင်း ဆက်ကပ်လှူဒါန်းတဲ့ ပရိက္ခရာ(၈)ပါးကိုခံယူပြီး ရဟန်းပြုခဲ့တယ်။ အဲဒီနောက် ဆန္ဒအမတ်နဲ့ ကဏ္ဍက မြင်းတော်တို့ကို နေပြည်တော်သို့ ပြန်လွှတ်ကာ တပါးတည်း ခရီးကြမ်းကို လှမ်းကြွခဲ့ပါတယ်။

အနုပိယသရက်တောမှာ(၇)ရက်သီတင်းသုံးပြီး ရာဇဂြိုဟ်မြို့တွင်းသို့ဆွမ်းခံအဝင်မှာဗိမ္ဗိသာရ မင်းက သိန်းနန်းစည်းစိမ်တဝက်ကို လှူအပ်ပါသေးတယ်။ ဒါပေမယ့် လက်မခံပဲ ဘုရားအလောင်းဟာ ဥရုဝေဠတောအရောက် တပါးတည်း လှမ်းကြွတော်မူခဲ့ပါတယ်။

အဲဒီနောက် ဥရုဝေဠတောမှာ အလွန် ပြုနိုင်ခဲတဲ့ ဒုက္ကရစရိယ အကျင့်ကို(၆)နှစ်ကြာအောင် ခြိုးခြံပြင်းထန်စွာ ကျင့်သုံးတော်မူခဲ့ပါတယ်။ ဘယ်အထိ ခြိုးခြံပြင်းထန်စွာ ကျင့်ခဲ့သလဲလို့ဆိုယင် အရိုးနဲ့ အရေသာကျန်ပြီး အားပြတ်မေ့လဲတဲ့အထိပါပဲ။

---

[၂] အလောင်းတော်အား ဃဋိကာ ဗြဟ္မာမင်းက ပရိက္ခရာ(၈)ပါး ဆက်ကပ်နေပုံ။

www.dhammaransi.com



အဲဒီလိုကျင့်ခဲ့ပေမယ့် တရားမရတဲ့အခါ ဒုက္ကရစရိယအကျင့်ကို စွန့်လွှတ်လိုက်ပါတယ်။ ဒီနောက် မိမိဗာလသားအရွယ်က အာနာပါနရှုပြီး ပဌမစျာန် ရခဲ့ဖူးတာကို ပြန်သတိရတာနဲ့ အဲဒီ အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ အားမထုတ်ခင် အားအင်ပြန်လည်ပြည့်ဖြိုးလာအောင် အစာအာဟာရ ပြန်လည်မှီဝဲခဲ့ပါတယ်။

အားအင် ပြည့်ဖြိုးလာပြီးနောက် မဟာသက္ကရာဇ်[၁၀၃]ခု၊ ကဆုန်လပြည့်နေ့ညနေချမ်းမှာ ဗောဓိမဏ္ဍိုင်သို့ ကပ်ရောက်တော်မူပြီးတော့ အပရာဇိတ ပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပါတယ်။ ဘုရားမဖြစ်မချင်း ဒီအထိုင်ကို မဖျက်ဘူးဆိုတဲ့ အဓိဋ္ဌာန်နဲ့ တရားအားထုတ်ရန်ထိုင်နေတော်မူခြင်းပါပဲ။

အဲဒီနောက် နေမဝင်မီ မာရ်နတ်ရန်ကို အောင်မြင်တော်မူပါတယ်။ ညဉ့်ဦးယံမှာ ရှေးရှေးဘဝ ခန္ဓာအစဉ်ကို ပြန်လည်သတိရနိုင် သိနိုင်တဲ့ အသိဉာဏ်အထူး[ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်]ကို ရရှိတော်မူခဲ့ပါတယ်။

အဲဒီနောက် သန်းခေါင်ယံမှာ ကြည့်လိုရာရာ အကြီးအသေး အနီးအဝေး ရှိရှိသမျှ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကို ကြည့်နိုင် မြင်နိုင်တဲ့ နတ်မျက်စိနဲ့တူတဲ့[ဒိဗ္ဗစက္ခု အဘိညာဉ်]အသိဉာဏ်အထူးကို ရရှိတော်မူပါတယ်။

---

[၃] ဥရုဝေဠတော၌ အလောင်းတော် ဒုက္ကရစရိယာ ကျင့်တော်မူပုံ။

www.dhammaransi.com



www.dhammaransi.com



မိုးလောက်ယံမှာ ကိလေသာ မှန်သမျှကို ဝါသနာနှင့် တကွ အကြွင်းမဲ့ ပယ်သတ်တဲ့ [အာသဝက္ခယ]ဉာဏ်ကို ရရှိတော်မူပါတယ်။ ဒီဉာဏ်ကို အရဟတ္တမဂ်ဉာဏ်လို့လဲ ခေါ်ပါတယ်။

မြတ်စွာဘုရားဆိုတာဟာ [၁] ကိလေသာ မှန်သမျှကို ဝါသနာနှင့်တကွ ပယ်သတ်တတ်တဲ့ အရဟတ္တမဂ်ဉာဏ်၊ [၂] သိစရာမှန်သမျှတွေကို အကုန်အစင် သိမြင်တဲ့ သဗ္ဗညုတဉာဏ်၊ ဒီဉာဏ်တော် နှစ်ပါးကို ပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ပါပဲ။

အဲဒီ အဓိပ္ပာယ်ကို မှတ်ရလွယ်အောင် ဆောင်ပုဒ်ကဗျာလေး စီထားတယ်။ ကဲ... ဆိုကြည့်ကြ ရအောင်-


ကိလေသာတွေ အကုန်သတ်လို့၊ အရဟတ္တမဂ် ခေါ်ပါတယ်။
သိစရာတွေ အကုန်သိက၊ သဗ္ဗညုတ ဉာဏ်ဖြစ်တယ်။
နှစ်ပါးဉာဏ်တော် ပိုင်ဆိုင်ထားတော့၊ "မြတ်ဘုရား"လို့ ခေါ်ကြတယ်။
မှတ်ကွယ်၊ မှတ်ကွယ်။

ဒီနေ့ ကမ္ဘာပေါ်မှာ (၁) ဟိန္ဒူဘာသာ၊ (၂) ဗုဒ္ဓဘာသာ၊ (၃) ခရစ်ယာန်ဘာသာ၊ (၄) မူဆလင်ဘာသာရယ်လို့ ကိုးကွယ်ရာ အဓိက ဘာသာကြီး ၄ မျိုးရှိပါတယ်။ အဲဒီဘာသာတွေ

---

[၄] မဘာသက္ကရာဇ် ၁၁၃-ခုနှစ် ကဆုန်လပြည့်နေ့၌ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူပုံ။

www.dhammaransi.com



www.dhammaransi.com



ထဲက ဟိန္ဒူ၊ ခရစ်ယာန်နှင့် မူဆလင်ဘာသာဝင် လူငယ်လူရွယ်တွေဟာ မိမိတို့ကိုးကွယ်ရာဘုရားများ အကြောင်းကို အသေးစိတ်မဟုတ်တောင် အကြမ်းဖျင်းလောက်တော့ သိကြတယ်လို့ကြားရပါတယ်။

ဒီခေတ်ဗုဒ္ဓဘာသာဝင်လူငယ်လူရွယ်အတော်များများမှာတော့ မိမိတို့ကိုးကွယ်ရာဗုဒ္ဓအကြောင်းကို သိသူ အတော်နည်းလာတာ တွေ့ရပါတယ်။ ဒါဟာ အလွန်ဝမ်းနည်းစရာပါပဲ။ ဒီလိုမဖြစ်ရလေအောင် မိမိတို့ရဲ့သားသမီးငယ်၊ မြေးငယ်၊ တပည့်ငယ်လေးများကို မြတ်ဗုဒ္ဓအကြောင်းအသေးစိတ်မဟုတ်တောင် အကြမ်းဖျင်းလောက်တော့ ပြောကြား ပညာပေးထားဖို့ လိုပါတယ်။

ဒါကြောင့်လည်း ဦးပဥ္ဇင်းတို့ တရားဟောတဲ့အခါ ဗုဒ္ဓဝင် အကျဉ်းချုပ်ကလေးကို ထည့်သွင်းဟောကြားနေခြင်းပါပဲ။

သဗ္ဗညုတဉာဏ်ဘုရားရှင်အဖြစ်သို့ရောက်တော်မူပြီးနောက် မြတ်စွာဘုရားဟာ ရက်ပေါင်း(၆၀) လောက်သာ အေးအေးလူလူ သီတင်းသုံးတော်မူခဲ့ရပါတယ်။ အဲဒီနှစ် ဝါဆိုလပြည့်နေ့မိဂဒါဝုန်တောအရောက် ကြွလှမ်းတော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးကို အမှူးထားပြီးတော့ နတ်ဗြဟ္မာအများတို့အား ဓမ္မစကြာတရားဦး ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး မြတ်စွာဘုရားဟာ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန်စံသွင်းတော်မူခါနီးအထိ ၄၅-ဝါကာလကြာအောင် အရပ်ဒေသအမျိုးမျိုးမှာ လှည့်လည် သီတင်းသုံးတော်မူပြီးတော့ ဗုဒ္ဓကိစ္စလို့ခေါ်တဲ့ နေ့စဉ်လုပ်ငန်းကြီးငါးပါးကို ဝေနေယျသတ္တဝါတို့ အကျိုးအတွက် မနားမနေ ဆောင်ရွက်တော်မူခဲ့ပါတယ်။

www.dhammaransi.com

## ဗုဒ္ဓကိစ္စ သိအပ်ပုံ

မြတ်စွာဘုရား နေ့စဉ်ဆောင်ရွက်တော်မူတဲ့ လုပ်ငန်းကြီးငါးပါးကို “ဗုဒ္ဓကိစ္စငါးပါး” လို့ ခေါ်ပါတယ်။

မြတ်စွာဘုရားဟာ နံနက်မျက်နှာသစ်တော်မူပြီးနောက် ဆွမ်းခံချိန်အထိ ဆိတ်ငြိမ်ရာမှာတပါးတည်း သီတင်းသုံးတော်မူတယ်။ ဆွမ်းခံချိန်မှာ ဆွမ်းခံကြွတော်မူတယ်။ သင့်လျော်ရာအနုမောဒနာတရားဟောတော်မူတယ်။ ကျောင်းတော်ပြန်ရောက်တဲ့အခါ ရဟန်းတော်များ ဆွမ်းကိစ္စပြီးတဲ့အထိ စည်းဝေးဆောင်ရှိ ဘုရားနေရာမှာ စောင့်နေတော်မူပါတယ်။ ဒါတွေကတော့ နံနက်ပိုင်း ကစပြီးဆွမ်းကိစ္စပြီးတဲ့အထိ ဆောင်ရွက်တော်မူရတဲ့ ပထမကိစ္စပါပဲ။ ပါဠိလိုတော့ ပုရေဘတ္တကိစ္စလို့ခေါ်ပါတယ်။ အချိန်ပိုင်းနဲ့ပြောရရင် နံနက် ငါးနာရီခန့်မှ ဆယ့်နှစ်နာရီအတွင်း ဆောင်ရွက်ရတဲ့ကိစ္စဖြစ်ပါတယ်။

အဲဒီနောက် ဂန္ဓကုဋီတိုက်သို့မဝင်မီ ရဟန်းတော်တို့အား ဒုလ္လဘတရားငါးပါးနဲ့ ဩဝါဒပေးတော်မူတယ်။ မွန်းလွဲအချိန်မှာ ခေတ္တမျှအနားယူလဲလျောင်းတော်မူတယ်။ ကျွတ်ထိုက်သူ လာရန်ရှိက အသင့်စောင့်ကြိုတော်မူတယ်။ ကိုယ်တော်တိုင်ကြွရောက်ပြီးဟောချွတ်ရမယ့်ပုဂ္ဂိုလ်မျိုးရင်လည်းကြွရောက်ဟောချွတ်တော်မူတယ်။ ညနေအခါ ပရိသတ်လေးပါးတို့အားကမ္မဋ္ဌာန်းပေးခြင်း၊ တရားဟောခြင်းတို့ကို ပြုတော်မူရတယ်။ ဒါတွေကတော့ ဆွမ်းကိစ္စပြီးတဲ့နောက် ဆောင်ရွက်တော်မူရတဲ့ ဒုတိယကိစ္စပါပဲ။ ပါဠိ

www.dhammaransi.com


လို့တော့ ပစ္ဆာဘတ္တကိစ္စလို့ ခေါ်ပါတယ်။ အချိန်ပိုင်းနဲ့ပြောရယင် နေ့ဆယ့်နှစ်နာရီကျော်မှ ညနေ ငါးနာရီခန့်အတွင်း ဆောင်ရွက်ရတဲ့ကိစ္စ ဖြစ်ပါတယ်။

ညချမ်းအချိန်မှာအလိုရှိယင် ရေသုံးသပ်တော်မူတယ်။ ညဦးယံအခါ စည်းဝေးရောက်လာတဲ့ ရဟန်း ပရိသတ်အား ပညတ်ထိုက်တဲ့ သိက္ခာပုဒ်တို့ကို ပညတ်တော်မူရတယ်။ ကမ္မဋ္ဌာန်း ပေးရတယ်။ မေးလာတဲ့ပြဿနာကို ဖြေတော်မူရတယ်။ ဒါတွေကတော့ ညဦးယံမှာ ဆောင်ရွက်ရတဲ့ကိစ္စပါပဲ။ ပါဠိလိုတော့ ပုရိမယာမကိစ္စလို့ ခေါ်ပါတယ်။ အချိန်ပိုင်းနဲ့ပြောရယင် ညနေခြောက်နာရီခန့်မှ ညဆယ်နာရီခန့်အတွင်း ဆောင်ရွက်ရတဲ့ကိစ္စ ဖြစ်ပါတယ်။


သန်းခေါင်ယံမှာ မေးလျှောက်လာတဲ့နတ်ဗြဟ္မာတို့အား ပြဿနာဖြေကြားတော်မူရတယ်။ ဒါကတော့ညဆယ်နာရီခန့်မှ ညနှစ်နာရီအတွင်း ဆောင်ရွက်ရတဲ့ မဇ္ဈိမယာမကိစ္စ ဖြစ်ပါတယ်။

နံနက်နှစ်နာရီမှ သုံးနာရီခန့်အထိ စင်္ကြံကြွတော်မူတယ်။ သုံးနာရီခန့်မှ လေးနာရီအထိ သီဟသေယျဖြင့် ကျိန်းစက်တော်မူတယ်။ လေးနာရီကျော်မှ ငါးနာရီအထိ ကျွတ်ထိုက်သူ ရှိမရှိသိရအောင် လောကကို ကြည့်တော်မူပါတယ်။ ဒါတွေကတော့ မိုးသောက်ယံလို့ခေါ်တဲ့ နံနက်နှစ်နာရီခန့်မှ ငါးနာရီခန့်အတွင်း ဆောင်ရွက်တော်မူရတဲ့ ကိစ္စပါပဲ။ ပါဠိလိုတော့ ပစ္ဆိမယာမကိစ္စလို့ ခေါ်ပါတယ်။

---

[၅] မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးနောက် ဂန္ဓကုဋီတိုက်တော်သို့မဝင်မီ ခြေဆေးအင်းချဉ်၌ ရပ်တော်မူလျက် ရဟန်းတော်များအား ဩဝါဒစကား မိန့်ကြားတော်မူနေပုံ။

www.dhammaransi.com



www.dhammaransi.com



## ရှိခိုးရကျိုး ရည်မျှော်ကိုး

အဲဒီလို မြတ်စွာဘုရားဟာ “ဗုဒ္ဓကိစ္စငါးပါး” ကိုနေ့စဉ်ဆောင်ရွက်တော်မူယင်း အခါတပါးမှာ သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူပါတယ်။ အဲဒီအခါ သုဘလုလင် မေးတဲ့အမေးကို ဖြေကြားတဲ့အနေနဲ့ “စူဠကမ္မဝိဘင်္ဂသုတ်” ကို ထုတ်ဖော်ဟောကြားတော်မူခဲ့ပါတယ်။

ဒီနေ့ အဲဒီသုတ်ကို မှီငြမ်းပြုပြီးတော့ တရားဟောမှာဖြစ်လို့ တရား မဟောခင် အဲဒီသုတ်ကို ထုတ်ဖော် ဟောကြားတော်မူတဲ့မြတ်စွာဘုရားကို ရှိခိုးတဲ့ “ဗုဒ္ဓ ပဏာမ” စကားနဲ့ တရားပွဲကိုဖွင့်လိုက်ပါတယ်။

ဒီလိုဖွင့်ရတဲ့ရည်ရွယ်ချက်ကတော့ မြတ်စွာဘုရားအား ရှိခိုး ပူဇော်ရတဲ့ပဏာမ ကုသိုလ်ဇော စေတနာကြောင့် တရားဟောတဲ့ပုဂ္ဂိုလ်ရော တရားနာတဲ့ပရိသတ်တွေပါ ဘေးရန်အန္တရာယ်တွေကင်းကြပါစေလို့ ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ။

## တရားခေါင်းစဉ် သိစေချင်

ဒီနေ့ဟောမယ့်တရားခေါင်းစဉ်က “ကံနှင့်လူသားသိဖွယ်များ” တဲ့။ မဇ္ဈိမနိကာယ်ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မ ဝိဘင်္ဂသုတ်ကို မှီငြမ်းပြု ဟောကြားမယ့် တရားပါပဲ။

www.dhammaransi.com



ဟောကြားတဲ့အခါ တရားခေါင်းစဉ်မှာပါတဲ့ "ကံဆိုတာ ဘာလဲ၊ အဲဒီ ကံက လူသားတွေကို ဘယ်လိုခြယ်လှယ်နေသလဲ၊ လူသားတွေဟာ ကံရဲ့ခြယ်လှယ်မှုကို ဘာ့ကြောင့် ခံကြရသလဲ၊ ကံရဲ့ခြယ်လှယ်မှုကို မခံချင်ကြယင် ဘာလုပ်ရမလဲ" ဆိုတဲ့ အချက်တွေကို ရှင်းလင်းဟောကြားမယ်။

ကမ္မဿကာ မာဏဝ၊ သတ္တာ ကမ္မ ဒါယာဒါ၊ ကမ္မယောနီ၊
ကမ္မ ဗန္ဓူ၊ ကမ္မပဋိသရဏာ၊ ကမ္မံသတ္တေ ဝိဘဇတိ။ ။

မာဏဝ၊ သိလိုရေးနဲ့ မေးမြန်းလျှောက်ထားလာတဲ့ အမောင် သုဘပုဏ္ဏား။ သတ္တာ၊ လူနတ်ဗြဟ္မာ သတ္တဝါ အစားစားတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် မိမိတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ ရှိကြပေကုန်၏။ ကမ္မ ဒါယာဒါ၊ ကံသာလျှင် အမွေဆိုင်ပစ္စည်း ရှိကြကုန်၏။ ကမ္မယောနိ၊ ကံသာလျှင် ဖြစ်ကြောင်း ရှိကြပါကုန်၏။ ကမ္မ ဗန္ဓူ၊ ကံသာလျှင် အဆွေအမျိုးရှိကြပေကုန်၏။ ကမ္မ ပဋိသရဏာ၊ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာ ရှိကြပေကုန်၏။ ကမ္မံ၊ မိမိတို့ပြုထားတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ မှန်သမျှသည်။ သတ္တေ၊ ကံပိုင်ရှင်ဖြစ်ကြတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါအစားစားတို့ကို။ ဝိဘဇတိ၊ ခွဲခြားပေဖန်တတ်၏။ (ဝါ) ဝိဘဇတိ၊ ယုတ်မြတ် နှစ်တန် ကွဲပြားဖို့ရန် စီမံ ခန့်ခွဲ၍ အမြဲတမ်း အုပ်ချုပ်ကွပ်ကဲလျက် နေပါပေသတည်း။ ။

[သာဓု....သာဓု... သာဓု။] ၁၈၊၂၊၉၁

www.dhammaransi.com



## ကံနှင့်ဆိုင်ရာ သိသင့်တာ

ကံဆိုတာဟာ သုတ္တန်နည်းအရပြောရယင် အလုပ်ဖြစ်တယ်။ အဘိဓမ္မာနည်းအရ ပြောရယင်တော့ စေတနာ ဖြစ်တယ်။

အဲဒီ အလုပ်ကံ သို့မဟုတ် စေတနာကံဟာ ကောင်းသောကံနဲ့ မကောင်းသောကံ ရယ်လို့ နှစ်မျိုးကွဲပြားပါတယ်။ ကောင်းသောကံကိုတော့ ကုသိုလ်ကံ၊ မကောင်းသောကံကိုတော့ အကုသိုလ်ကံလို့ ခေါ်ပါတယ်။

အဲဒီကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံဟာ ကိုယ်ဖြင့်ပြုလုပ်တော့ ကာယကံ၊ နှုတ်ဖြင့်ပြောဆိုတော့ ဝစီကံ၊ စိတ်ဖြင့်ကြံစည်တော့ မနောကံရယ်လို သုံးမျိုးသုံးစား ကွဲပြားပြန်တယ်။

အဲဒီကံ တခုစီ တခုစီဟာ ပြုလုပ်၊ ပြောဆို၊ ကြံစည်ရာ ကာလအနေအားဖြင့် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ ရယ်လို့ နှစ်ပါးစီ နှစ်ပါးစီ ကွဲပြားလာတယ်။

အတိတ်ကံဟာ ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေအခါ ပဋိသန္ဓေအကျိုးကို တိုက်ရိုက် ဖြစ်စေနိုင်တယ်။ ပစ္စုပ္ပန်ကံဘဝ ပဝတ္တိအကျိုးကိုတော့ အထောက်အပံ့သာ ပြုနိုင်တယ်။ တိုက်ရိုက် မဖြစ်စေနိုင်ဘူးတဲ့။

ပစ္စုပ္ပန်ကံကတော့ ပစ္စုပ္ပန်အကျိုးကိုလည်း တိုက်ရိုက် ဖြစ်စေနိုင်တယ်၊ အနာဂတ် ပဋိသန္ဓေအကျိုးကိုလည်း တိုက်ရိုက်ဖြစ်စေနိုင်တယ်တဲ့။

www.dhammaransi.com



## အခါ နှစ်ပါး-ယူပုံပြား

ဒီနေရာမှာ ပဋိသန္ဓေအခါနှင့် ပဝတ္တိ အခါ ယူပုံ နှစ်မျိုးရှိပါတယ်။ အဘိဓမ္မာနည်းအရဆိုယင် ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏကို ပဋိသန္ဓေအခါလို ခေါ်ပါတယ်။ ပဋိသန္ဓေစိတ်ရဲ့ ဌီကာလမှစပြီး စုတိစိတ်ရဲ့ ရှေ့စိတ်တိုင်အောင် ကာလကို ပဝတ္တိအခါလို့ ခေါ်ပါတယ်။

သုတ္တန်နည်းအရဆိုယင် အမိဝမ်းမှာ ပဋိသန္ဓေယူချိန်မှစပြီး အမိဝမ်းမှ မကျွတ်မချင်းကာလကို ပဋိသန္ဓေအခါလို့ ခေါ်ပါတယ်။ အမိဝမ်းမှ ကျွတ်တဲ့ အချိန်ကစပြီးတော့ မသေခင်စပ်ကြားကာလကို ပဝတ္တိကာလလို့ ခေါ်ပါတယ်။

သုတ္တန်နည်းက မှတ်ရတာလွယ်ပါတယ်။ အဘိဓမ္မာနည်းကတော့ စာသမားပေသမားတွေမှသာ သဘောပေါက်နိုင်ပါတယ်။ အဘိဓမ္မာမသင်ဖူးယင် သဘောပေါက်ဖို့မလွယ်ဘူး။ ဒါကြောင့် လွယ်တာနဲ့ပဲ ဆက်ပြောမယ်။

## ၄-မျိုးမနုဿ ခွဲဝေပြ

ကမ္ဘာပေါ်မှာရှိတဲ့ လူတွေကို အတိတ်ကံ ပစ္စုပ္ပန်ကံ ၂-မျိုးနဲ့ ဝေဖန်လိုက်ယင် လူ ၄-မျိုးရပါတယ်။ သူတို့က (၁) အတိတ်ကံရော ပစ္စုပ္ပန်ကံပါ ကောင်းသူ။ (၂) အတိတ်ကံ ကောင်းပြီး ပစ္စုပ္ပန်ကံ ညံ့သူ။ (၃) အတိတ်ကံညံ့ပြီး ပစ္စုပ္ပန်ကံ ကောင်းသူ။ (၄) အတိတ်ကံရော ပစ္စုပ္ပန်ကံပါ ညံ့သူရယ်လို့ ၄-မျိုး ဖြစ်ပါတယ်။

www.dhammaransi.com



ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူ မိဘတို့ရဲ့ အိမ်မှာ လူလာဖြစ်ရတာဟာ အတိတ်ကံကောင်းလို့ ဖြစ်တယ်။ မွေးတဲ့အချိန်ကစပြီး မသေခင်စပ်ကြား ကာလမှာ ကြီးပွားရာ ကြီးပွားကြောင်းဖြစ်တဲ့ ပညာသင်ခြင်း၊ တရားသဖြင့် ဥစ္စာရှာခြင်း၊ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းခြင်း၊ မိမိကိုယ်ကို ထိန်းသိမ်းခြင်းစတဲ့ ပစ္စုပ္ပန်ကြီးပွားရာ ကြီးပွားကြောင်းတွေကို ပြုလုပ်လို့ ကြီးပွားချမ်းသာသူများဟာ ပစ္စုပ္ပန်ကံကောင်းလို့ ဖြစ်ပါတယ်။

ဒီလို မိဘလက်ထက်မှာလဲ ချမ်းသာ၊ မိမိ ဘာသာ ဘဝ ထူထောင်ရတဲ့အခါမှာလဲ ချမ်းသာမြဲ ချမ်းသာတဲ့ ပုဂ္ဂိုလ်မျိုးကို အတိတ်ကံရော ပစ္စုပ္ပန်ကံပါ ကောင်းသူလို့ ခေါ်ပါတယ်။ မြတ်စွာဘုရား လက်ထက်က ဇေတဝန်ကျောင်းဒကာ အနာထပိဏ်တို့၊ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါတို့ဟာ ဒီအမျိုးအစားထဲမှာ ပါတာပေါ့။

လူလာဖြစ်တဲ့အခါ ချမ်းသာကြွယ်ဝတဲ့ မိဘအိမ်မှာတော့ လာဖြစ်ရပါရဲ့။ ဒါပေမယ့် မွေးတဲ့အချိန်ကစပြီး မသေခင်ကြားကာလမှာ အတတ်ပညာသင်ခြင်း၊ ဥစ္စာစီးပွားရှာဖွေခြင်း၊ မိမိကိုယ်ကို ထိန်းသိမ်းခြင်း၊ မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းခြင်း စတဲ့ ပစ္စုပ္ပန် ကြီးပွားရာ ကြီးပွားကြောင်းတွေကို မလုပ်လို့ မိမိလက်ထက်မှာ ဆင်းရဲသွားသူဟာ အတိတ်ကံကောင်းပြီး ပစ္စုပ္ပန်ကံ ညံ့သူ ဖြစ်တယ်။

မိဘလက်ထက်မှာ ကုဋေရှစ်ဆယ်ကြွယ်တဲ့ သူဌေးသား ဖြစ်ခဲ့ပြီး မိဘတွေ မရှိတဲ့အခါ သုံးဖြုန်းလို့ ပစ္စည်းတွေကုန်တော့ ခွက်လက်စွဲကာ တောင်းစားရပြီး နောက်ဆုံးတောတဲမှာ ခွေးသေဝက်သေ သေသွားရတဲ့ ဗာရာဏသီ သူဌေးသားဟာ အတိတ်ကံ ကောင်းပြီး ပစ္စုပ္ပန်ကံ ညံ့သူ ဖြစ်ပါတယ်။

ဆင်းရဲမွဲတေသူ မိဘအိမ်မှာ လူလာဖြစ်ရတာဟာ အတိတ်ကံ ညံ့လို့ဖြစ်တယ်။ ဒါပေမယ့် မွေးပြီး နောက်ပိုင်းအချိန်မှစ၍ မသေမီစပ်ကြားကာလမှာ ပစ္စုပ္ပန် ကြိုးပမ်းရာ ကြိုးပမ်းကြောင်း ဖြစ်တဲ့ အတတ်ပညာ သင်ယူခြင်း၊ ကုန်သွယ်ခြင်း စတဲ့ အလုပ်တွေကို လုပ်လို့ ချမ်းသာလာသူဟာ ပစ္စုပ္ပန်ကံ ကောင်းလို့ ဖြစ်တယ်။

ဒီလို မိဘတွေလက်ထက်က ဆင်းရဲပေမယ့် မိမိဘသာ ဘဝထူထောင်ရတဲ့အခါ ချမ်းသာတဲ့ လူမျိုးကို အတိတ်ကံ ညံ့ပြီး ပစ္စုပ္ပန်ကံ ကောင်းသူလို့ ဆိုချင်ပါတယ်။

မြန်မာ့သမိုင်းမှာ နို့ထိန်းရဲ့သားဘဝကနေ တိုင်းပြည်ခေါင်းဆောင်ကောင်း ဘုရင်ကြီးတပါး အထိ ဖြစ်သွားတဲ့ ဘုရင့်နောင်ကျော်ထင်နော်ရထာဟာ အတိတ်ကံညံ့ပြီး ပစ္စုပ္ပန်ကံ ကောင်းသူပါပဲ။

တရုတ်ပြည်၊ ကုလားပြည်မှ လာစက ဘောင်းဘီစုတ်နဲ့ လန်ကွတ်တီသာပါပြီး မြန်မာပြည် ရောက်မှ ချမ်းသာလာတဲ့ ကုလားသဌေး၊ တရုတ်သဌေးတွေကိုလဲ ဒီအတိတ်ကံ ညံ့ပြီး ပစ္စုပ္ပန်ကံ ကောင်းသူစာရင်းထဲ ထည့်ချင် ထည့်နိုင်ပါတယ်။

ဒါပေမယ့် ဒီလိုရောက်လာတဲ့ ကုလားတိုင်း၊ တရုတ်တိုင်း ချမ်းသာလာကြတာမဟုတ်တဲ့အတွက် ပစ္စုပ္ပန်ချမ်းသာမှုဟာ အတိတ်ကံရဲ့အထောက်အပံ့မရပဲ မဖြစ်နိုင်ဘူးဆိုတာကိုတော့ သတိပြုရမယ်။

လူလာဖြစ်တဲ့အခါမှာလဲ ဆင်းရဲသူမိဘအိမ်မှာ လာဖြစ်ရ၊ မွေးတဲ့အချိန်မှစပြီး မသေမီစပ်ကြား ကာလမှာ ပစ္စုပ္ပန် ကြိုးပမ်းရာ ကြိုးပမ်းကြောင်းတွေကိုလဲ မပြုလုပ်လို့ မိမိလက်ထဲမှာလဲ ဆင်းရဲမြဲ

www.dhammaransi.com



ဆင်းရဲရသူတွေဟာ အတိတ်ကံဇရာ ပစ္စုပ္ပန်ကံပါ ညံ့သူတွေဖြစ်ပါတယ်။ ဒီလူတွေကတော့ ကယ်ပါလို့ ခေါ်တဲ့ သူတောင်းစားတွေပါပဲ။

## လေးပါး သမ္ပဒါ သိသင့်တာ

ပစ္စုပ္ပန် ကြီးပွားချမ်းသာရေးအတွက် ပစ္စုပ္ပန်ကံဟာ အဓိက အရေးအကြီးဆုံးပါပဲ။ ဒေါဒီ ပစ္စုပ္ပန် ကြီးပွားရာ ကြီးပွားကြောင်းနဲ့ ပတ်သက်တဲ့ "သမ္ပဒါတရားလေးပါး" ကို မြတ်စွာဘုရား ဟောထားတာ ရှိပါတယ်။

သူတို့က ဘာတွေလဲလို့ဆိုယင် (၁) မိမိပြုလုပ်ဆောင်ရွက်ရမယ့် အမှုကိစ္စမှန်သမျှမှာ ထကြွ လုံ့လဝီရိယရှိမှု၊ (၂) ရှာဖွေရရှိလာတဲ့ ဥစ္စာပစ္စည်းများကို လုံလုံခြုံခြုံ သိမ်းသိမ်းဆည်း စောင့် ရှောက်တတ်မှု။ (၃) မိမိရဲ့ဝင်ငွေနဲ့ ထွက်ငွေမျှတအောင် ချွေတာသုံးစွဲတတ်မှု။ (၄) မိမိမှာ အရေး ကိစ္စကြုံလာယင် ကူညီနိုင်မယ့်မိတ်ဆွေကောင်းများနဲ့ ပေါင်းသင်းတတ်မှုတို့ ဖြစ်ကြပါတယ်။

အဲဒါကို ဆိုရမှတ်ရ လွယ်အောင် ဆောင်ပုဒ်လေးတွေ စီထားပါတယ်။ ကဲ....ဆိုကြဦးစို့—

"မျက်မှောက်ချမ်းသာဖြစ်စေတတ်တဲ့၊ တရားလေးရပ် ဖော်ပြမယ်။"

[၁] မိမိပြုဖွယ် မှန်သမျှကို၊ ထထ ကြွကြွ ပြုရမယ်။

[၂] ရှာဖွေရလာ ဥစ္စာများကို၊ လုံစွာထားလို့ စောင့်ရှောက်ကွယ်။

[၃] ဝင်ငွေ ထွက်ငွေ နှိုင်းချိန်ဆလို့၊ ချွေတာမျှတ သုံးစားကွယ်။
[၄] အရေးကြုံယင် အကူတောင်းဖို့၊ မိတ်ဆွေကောင်းလဲ ရှိရမယ်။
ဤလေးပါးကို အမှန်ပြုမှ၊ ယခုဘဝ ချမ်းသာမယ်။
မှတ်ကွယ်...မှတ်ကွယ်။ ။

အတိတ်ကံ ကောင်းပေမယ့် ပစ္စုပ္ပန်ကံညံ့ယင် ဆင်းရဲနိုင်တယ်။ အတိတ်ကံညံ့ပေမယ့် ပစ္စုပ္ပန်ကံ ကောင်းယင် ချမ်းသာနိုင်တယ်။ အတိတ်ကံရော ပစ္စုပ္ပန်ကံပါ ကောင်းယင်တော့ ဆင်းရဲဖို့ လမ်းမရှိတော့ဘူး။ အတိတ်ကံရော ပစ္စုပ္ပန်ကံပါ ညံ့ယင်တော့ ကုန်းကောက်စရာ မရှိအောင် မွဲဖို့ သေချာပါတယ်။

အထက်ပါ အကြောင်းအရာတွေကို ကြည့်လိုက်ယင် လူသားတွေရဲ့ကြီးပွားချမ်းသာမှု၊ ဆင်းရဲဆုတ်ယုတ်မှုတွေဟာ မိမိတို့ရဲ့ ကံစီမံတဲ့အတိုင်း ဖြစ်နေရတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့်လဲ မြတ်စွာဘုရားက "ကံတရားတွေဟာ သတ္တဝါတွေကို စီမံခန့်ခွဲအုပ်ချုပ်ကွပ်ကဲနေတယ်" လို့ ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

အမေ တောဒေယျ သား သုဘ

ဒီလို ကံ က သတ္တဝါတွေကို စီမံ ခြယ်လှယ်နေတယ်ဆိုတဲ့ အကြောင်းကို မြတ်စွာဘုရားဟာ သာဝတ္ထိပြည်မှန် ဇေတဝန်ရောင်မောင်း သင်္ဃေးကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ် သုဘ ပုဏ္ဏားလုလင်ကိုအကြောင်းပြုပြီး ဟောတော်မူခဲ့တယ်တဲ့။

www.dhammaransi.com



သုဘ ပုဏ္ဏားလုလင် ဆိုတာ · တောဒေယျ ပုရောဟိတ် ပုဏ္ဏားကြီးရဲ့ သားဖြစ်တယ်။ အဲဒီ ပုရောဟိတ် ပုဏ္ဏားကြီးဟာ သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလရဲ့ မင်းဆရာ တပါးပါပဲ။ သာဝတ္ထိပြည်နဲ့ မနီးမဝေးမှာရှိတဲ့ တုဒိရွာကို အပိုင်စားရလို့ တောဒေယျလို့ ခေါ်ခြင်းဖြစ်တယ်။ ဒီပုဏ္ဏားကြီးဟာ ပစ္စည်းဥစ္စာ ၈၇-ကုဋေ ကြွယ်ဝချမ်းသာတယ်တဲ့။

## သုံးမျိုး သုံးစား သဌေးများ

ဒီနေရာမှာ သဌေးက သုံးမျိုးရှိတယ်။ (၁) ခတ္တိယ မဟာသာလ၊ (၂) ဗြာဟ္မဏမဟာသာလ၊ (၃) ဂဟပတိမဟာသာလ တို့ပါပဲ။

ခတ္တိယ မဟာသာလဆိုတာ မင်းသဌေးမျိုးတဲ့။ မသုံးစွဲပဲ စုဆောင်းထားတဲ့ငွေကြေးပမာဏက ကုဋေတစ်ရာ၊ ကုဋေတစ်ထောင်ရှိတယ်။ နေ့စဉ်သုံးငွေက လှည်းတစ်စီးတိုက်၊ နေ့စဉ်ဝင်ငွေက လှည်းနှစ်စီးတိုက် ရှိတယ်။

ဗြာဟ္မဏ မဟာသာလ ဆိုတာက ပုဏ္ဏားသဌေးမျိုးဖြစ်တယ်။ မသုံးမစွဲပဲ စုဆောင်းထားတဲ့ ငွေကြေးပမာဏက ကုဋေရှစ်ဆယ်ရှိတယ်။ နေ့စဉ်သုံးငွေက လှည်းစီးဝက်၊ ဝင်ငွေက လှည်းတစ်စီးတိုက် ဖြစ်တယ်။

ဂဟပတိ မဟာသာလ ဆိုတာက သူကြွယ်သဌေးမျိုးတဲ့။ စုဆောင်းထားတဲ့ ငွေကြေးပမာဏက ကုဋေလေးဆယ်၊ နေ့စဉ်သုံးငွေက လှည်းစီးအစိတ်၊ နေ့စဉ်ဝင်ငွေက လှည်းစီးဝက် ဖြစ်တယ်။

www.dhammaransi.com



တောခေဒယျဟာ ကုဋေ ၈၇ ကုဋေကြွယ်ဝတယ်ဆိုတော့ ပုဏ္ဏားသဌေးမျိုးပေါ့။ ဒီလို ကြွယ်ဝချမ်းသာပေမယ့် အလှူဒါနကျတော့ လုံးဝ ပြုလေ့မရှိဘူးတဲ့။

**သာဝတ္ထိပြည်သူနဲ့ အလှူပွဲ**

မြတ်စွာဘုရားဟာ ဝါ ၂၀-ရပြီးနောက်ပိုင်းမှာ သာဝတ္ထိပြည်မှာချည်း [၂၄]ဝါ တိတိ ဝါကပ်တော်မူခဲ့တယ်။ အဲဒီမှာပဲ သီတင်းသုံးတာ များပါတယ်။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိနေပြည်တော်မှာ လူဦးရေ [၇] ကုဋေ ရှိပါတယ်။ အဲဒီအထဲက [၅]ကုဋေဟာ အရိယာတွေဖြစ်တယ်။ ကျန်[၂]ကုဋေသာ ပုထုဇဉ်တွေ ဖြစ်ကြတယ်။

အရိယာတွေဟာ နံနက်ပိုင်းမှာ အလှူအတန်းပြုကြ၊ ညနေပိုင်းကျတော့ ပန်းနံ့သာလက်စွဲပြီး ဘုရားဖူး သွားကြ၊ တရားနာကြနဲ့ အချိန်ကုန်ကြတယ်။

ဇေတဝန်ကျောင်းဒကာ အနာထပိဏ်တို့၊ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါတို့ ဆိုယင်လည်း မြတ်စွာဘုရား ကျောင်းတော်ကို တနေ့[၂]ခေါက် ရောက်လေ့ရှိတယ်။ သွားမယ့်အခေါက်တိုင်းမှာ လှူစရာ တန်းစရာ တခုခုကို ယူသွားလေ့ရှိတယ်။ နေ့စဉ် သူတို့အိမ်မှာလည်း သံဃာ ၂-ထောင်ကို ဆွမ်းဆက်ကပ်လှူဒါန်းမြဲ ဖြစ်တယ်တဲ့။

ဒါပေမယ့် သူတို့အိမ်က ဆွမ်းလှူပွဲတွေကို သူတို့ကိုယ်တိုင် အမြဲတမ်း မဆောင်ရွက်နိုင်ကြရှာဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က မြို့ထဲမှာပြုလုပ်တဲ့ ဆွမ်းကျွေးပွဲတွေမှာ ဝေယျာဝစ္စ ဆောင်ရွက်ပေးကြရလို့ပါပဲတဲ့။

www.dhammaransi.com



ဒါကြောင့်လဲ ဝိသာခါဆိုယင် သံဃာတော်တွေကို အိမ်မှာ ဆွမ်းကပ်လှူဖို့ သားကာမွေးတဲ့ မြေးမလေးကို သူ့ကိုယ်စား တာဝန်ပေးထားရတယ်။ အနာထပိဏ် သဌေးကလည်း သူ့အိမ်မှာ သံဃာတော်တွေကို ဆွမ်းကပ်လှူဖို့ သမီးတွေကို တလှည့်စီ တာဝန်ပေးထားရတယ်တဲ့။

ကောသလဘုရင်ကိုယ်တိုင်လည်း သူ့နန်းတော်မှာ သံဃာတော်ငါးရာကို နေ့စဉ် ဆွမ်းဆက်ကပ်လှူဒါန်းလေ့ရှိပါတယ်။ အဲဒီလောက် သာဝတ္ထိနေပြည်တော်မှာ အလှူအတန်းပြုသူတွေ ပေါများခဲ့ပါတယ်။

## တောဒေယျ ဝါဒ မလိုက်ကြနဲ့


ဒါပေမယ့် တောဒေယျ ပုဏ္ဏားကြီးကတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကလေးတဇွန်းလောက်၊ ယာဂုကလေး တမှုတ်လောက်တောင် မလှူခဲ့ မတန်းခဲ့ဘူးတဲ့။

သူ့အယူအဆက ''ဒဒတော ဘောဂါနံ အပရိက္ခယော နာမ နတ္ထိ''တဲ့။ ဒဒတော၊ စွန့်ကြဲ ပေးကမ်း လှူဒါန်းသောသူအား။ ဘောဂါနံ၊ စည်းစိမ်ဥစ္စာတို့၏။ အပရိက္ခယောနာမ၊ ကုန်ခန်းခြင်းမည်သည်။ နတ္ထိ၊ မရှိချေတဲ့။

---

[၆] မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်သူများသည် ညနေချမ်းအချိန်၌ ကျောင်းတော်သို့ ဘုရားဖူး တရားနာ သွားရောက်နေကြပုံ။

www.dhammaransi.com



www.dhammaransi.com



ပေးတယ် ကမ်းတယ် လှူတယ် တန်းတယ်ဆိုတာ ပစ္စည်းဥစ္စာမကုန်ခန်းပဲမဖြစ်လို့၊ ပေးဖန်များ လှူဖန်များယင် ပစ္စည်းဥစ္စာ ကုန်ခန်းသွားတက်တယ်တဲ့။ ဒါကြောင့် သူကိုယ်တိုင်လည်းမလှူဘူး၊ သူနဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်များကိုလည်း သူ့ရဲ့လက်သုံးဂါထာလေး ရွတ်ရွတ်ပြပြီးတော့ မလှူဖို့ မတန်းဖို့ ပြောဆိုလေ့ရှိပါတယ်တဲ့။

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။

အခ္ဓ္မာ၊ အမောင်တို့ အမိတို့။ အဉ္ဇနာနံ၊ မျက်စဉ်းကျောက်တို့၏။ ခယဉ္စ၊ သွေးဖန်များတော့ ကုန်ခန်းသွားပုံကို လည်းကောင်း။ ဝမ္မိကာနံ၊ ခြပုန်းငယ်တို့၏။ ဝါ၊ ခြကောင်တို့၏။ သဉ္စယဉ္စ၊ စုဖန်များတော့ တောင်ပို့ကြီးဖြစ်လာပုံကို လည်းကောင်း။ မဓူနံ၊ ပျားကောင်တို့၏။ သမာဟာရဉ္စ၊ ပန်းဝတ်ရည် စုပ်ယူဖန် သယ်ယူဖန်များတော့ ပျားအုံ ပျားလပို့ဖြစ်လာပုံကိုလည်းကောင်း။ ဒိသွာ၊ မျက်မြင်ကိုယ်တွေ့ကြည့်ရှု၍။ ပဏ္ဍိတော၊ ပစ္စည်းဥစ္စာ တိုးပွားရေးကို လိုလားတဲ့ ပညာရှိ အမျိုးကောင်းသားသည်။ ဃရမာဝသေ၊ အိမ်ရာတည်ထောင် လူ့ဘောင်၌နေသင့်ပေရာ၏။

---

[၇] ဘောဒေယျ ပုဏ္ဏားကြီးက တပည့်တပန်းများအား မလှူဖို့ မတန်းဖို့ပြောဟောနေပုံ။

www.dhammaransi.com



www.dhammaransi.com



ဒါကတော့သူ့ရဲ့လက်သုံးဂါထာပါပဲ။ အဓိပ္ပာယ်ကိုလည်း ဆက်နားထောင်ကြည့်ကြပါဦး။

"အမောင်တို့ အမိတို့၊ မျက်စဉ်းကျောက်ကလေးဟာ သွေးဖန်များယင် ကုန်ခန်းသွားသလိုပဲ၊ ပစ္စည်းဥစ္စာဆိုတာလဲ ပေးဖန်များယင် ကုန်ခန်းတတ်ဘယ်။ အမောင်တို့ အမိတို့၊ ခြကောင်များ၊ ပျားကောင်များဟာ စုဖန်များတော့ ခြအုံ၊ ပျားအုံကြီးဖြစ်လာသလို ဥစ္စာပစ္စည်းဆိုတာလည်း စုဖန်များယင် ချမ်းသာလာမယ်။ ဒါကြောင့် ပစ္စည်းကိုသာ စုကြ၊ မလှူကြနဲ့" တဲ့။

သူ့ဝါဒက ဒီတဘဝတည်းအတွက် ကုက်ပြီးကြည့်တဲ့ပုဂ္ဂိုလ်များ မလှူမတန်းလိုတဲ့ပုဂ္ဂိုလ်များ အဖို့တော့ ကြိုက်ချင်စရာပါပဲ။ ဒါပေမယ့် အဲဒီဝါဒကိုတော့ ယောင်မှားပြီး မလိုက်ကြနဲ့၊ ဒုက္ခလှလှ ကြီးတွေ့သွားမယ်။ ပုထုဇဉ်ဆိုတာ ဘဝဆုံးသေးတာ မဟုတ်သေးဘူး။ သေပြီးတဲ့နောက် ဂတိလည်း မြဲသေးတာမဟုတ်သေးဘူး။ အဲဒီဝါဒရှင်ပုဏ္ဏားကြီးကိုယ်တိုင် ဘာဖြစ်သွားတယ်ဆိုတာလည်း ဆက်နားထောင်ကြည့်ကြအုံး။

## တောဒေယျပုဏ္ဏား ခွေးဖြစ်သွား

အဲဒီလို မလှူမတန်းပဲ နေလာတဲ့ ပုရောဟိတ်ပုဏ္ဏားကြီး သေဆုံးတဲ့အခါ သူ့သားသုံဘပုဏ္ဏားက အိမ်ထောင်ဦးစီး ဖြစ်လာတယ်။ ပုဏ္ဏားကြီးကတော့ ဥစ္စာပစ္စည်းတွေ စွဲပြီးသေလို့ သူ့အိမ်မှာပဲ ခွေးကလေး ဖြစ်ရရှာတယ်တဲ့။

---

[ဂ] တောဒေယျပုဏ္ဏားကြီး သေဆုံးပြီးနောက် သူ့အိမ်မှာပင် ခွေးကလေး ပြန်ဖြစ်နေပုံ။

www.dhammaransi.com



www.dhammaransi.com



တောဒေယျ ဝင်စားတဲ့ ခွေးကလေးကို သုဘပုဏ္ဏားလုလင်က အလွန်ချစ်တယ်။ သူစားတဲ့အစားအစာကို ကျွေးတယ်။ အဲဒီ ခွေးကလေးကို ပွေ့ချီပြီးတော့ မြင့်မြတ်တဲ့ အိပ်ရာမှာ သိပ်တယ်။ သူ့အဖေ ဝင်စားတယ်ဆိုတာကိုတော့ မသိရှာဘူးတဲ့။

## ကရုဏာ ရှုဆင်ခြင်

မြတ်စွာဘုရားဟာ ကျွတ်ထိုက်တဲ့သတ္တဝါ ရှိ မရှိ သိရအောင် လောကကို နေ့စဉ်နံနက်တကြိမ်၊ ညနေတကြိမ် ကြည့်ရှုတော်မူမြဲ ဖြစ်ပါတယ်။

နံနက်မိုးသောက်ထ တကြိမ်မှာဆိုယင် စကြဝဠာကမ္ဘာ့ အနားရေးက စပြီးတော့ ဂန္ဓကုဋီကျောင်းတော် တံခါးဝအထိ တဖြည်းဖြည်းချုံ့ပြီးတော့ ရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူပါတယ်။

ညနေအကြိမ်မှာတော့ ဂန္ဓကုဋီကျောင်းတော် တံခါးဝမှစပြီး စကြဝဠာ ကမ္ဘာ့အနားရေးထိအောင် တဖြည်းဖြည်းချဲ့ပြီးတော့ ရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူပါတယ်။

အဲဒီလို ကြည့်ရှုတော်မူလို့ ရွှေဉာဏ်တော်မှာ ကျွတ်ထိုက်တဲ့သတ္တဝါ ထင်လာယင်၊ အဲဒီသတ္တဝါထံ ကိုယ်တော်တိုင် ကြွသင့်ယင် ကြွတော်မူတယ်။ မကြွပဲ စောင့်ကြို့သင့်ယင်လည်း စောင့်ကြိုတော်မူတယ်တဲ့။

---

[၉] မိုးသောက်ယံ၌ မြတ်စွာဘုရား မဟာကရုဏာ သမာပတ် ဝင်စားနေပုံ။

www.dhammaransi.com



www.dhammaransi.com



အဲ....တခုသော မိုးသောက်ယံမှာ ရွှေညာဏ်တော်ကွန်ယက်ကို ဖြန့်ကျက်တော်မူပြီး လောကကို မြတ်စွာဘုရားကြည့်ရှုတော်မူတဲ့အခါ ဥစ္စာပစ္စည်းစုံပြီးသေလို့ တောဒေယျကြီး ခွေးဖြစ်နေတာကို မြင်တော်မူပါတယ်။ အဲဒီပုဏ္ဏား ခွေးဖြစ်သွားရတာကို အကြောင်းပြုပြီးတော့ သုဘပုဏ္ဏား သရဏဂုံတည်မှာကိုလည်း မြင်တော်မူပါတယ်တဲ့။

ဘုရားကိုတောင် ဟောင်တဲ့ခွေး

ဒါကြောင့် အဲဒီနေ့ ဆွမ်းခံချိန်မှာ သုဘလုလင်မရှိခိုက် မြတ်စွာဘုရားဟာ သုဘအိမ်ကိုဆွမ်းခံဝင်ပါတယ်။ တောဒေယျခွေးလေးဟာ မြတ်စွာဘုရားကို မြင်တယ်ဆိုယင်ပဲ အနားလာပြီးတော့ ဘုရားကို ရန်မူတဲ့အနေနဲ့ လှည့်ပတ်ဟောင်နေတယ်တဲ့။


အဲဒီအခါ မြတ်စွာဘုရားက''တောဒေယျ၊ သင်ဟာ လူ့ဘဝတုန်းက ငါဘုရားကို'ဂေါတမ ဂေါတမ'နဲ့ ရင့်ရင့်သီးသီးခေါ်ခဲ့တယ်။သေပြီးလို့ အခု ခွေးလာဖြစ်တော့လဲ ငါဘုရားကို ဟောင်နေပြန်ပြီ၊သင်ဟာ မကြာမီ အဝီစိငရဲရောက်ရလိမ့်အုံးမယ်''လို့ မြတ်စွာဘုရားကမိန့်ကြားတော်မူတယ်တဲ့။

လူသေတိုင်း လူမဖြစ်

ဒီနေရာမှာ သတိပြုဖို့ကတော့ တောဒေယျဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး။ မင်းဆရာ ပညာရှိသဋ္ဌေးကြီးဖြစ်တယ်။ ဒါပေမယ့် ပုထုဇဉ်ဆိုတာဟာ ဘယ်ပုဂ္ဂိုလ်မှ ဂတိမမြဲသေးဘူး။ ပုထုဇဉ်ဘဝနဲ့

[၁၀] သုဘအိမ်သို့ ဆွမ်းခံကြွတော်မူလာသော မြတ်စွာဘုရားကို တောဒေယျ ခွေးကလေးက ရန်မူပြီး သီးဟောင်နေပုံ။

www.dhammaransi.com



သေယင် (၁) လူပြန်ဖြစ်ယင်လဲဖြစ်မယ်၊ (၂)နတ်သွားဖြစ်ယင်လဲ ဖြစ်မယ်၊ (၃) တိရစ္ဆာန်ဖြစ်ယင်လဲ ဖြစ်မယ်၊ (၄) ငရဲကျယင်လဲ ကျမယ်၊ (၅)ပြိတ္တာဖြစ်ယင်လဲ ဖြစ်မယ်။ ဒီဂတိငါးပါးထဲက တပါးပါး လားကြရတယ်။

ဒါကြောင့်လဲ တောဒေယျဟာ သေတဲ့အခါ သူ့ရဲ့ အကုသိုလ်ကံအားလျော်စွာ ခွေးလာဖြစ်ရ ခြင်းပါပဲ။

အဲဒါကို သတိပြုကြဖို့ တရားဆောင်ပုဒ်လေး စီထားတယ်။ ကဲ....ဆိုကြအုံးစို့

ပုထုဇဉ်တွေ သေလွန်သွားတော့၊ လားရာဂတိ မမြဲဘူးကွယ်။
လူ့,နတ်,တိရစ္ဆာန် ပြိတ္တာများနဲ့၊ ငရဲဘုံသား ဖြစ်နိုင်တယ်။
တောဒေယျခေါ် ထိုပုဏ္ဏားမှာ၊ သေလွန်သွားတော့ ခွေးဖြစ်တယ်။
ခွေးဘဝသေ တဖြစ်လဲတော့၊ အဝီစိငရဲ ရောက်ပြန်တယ်။
မှတ်ကွယ်၊ မှတ်ကွယ်။ ။

သုဘပုဏ္ဏား ဘုရားထံသွား

ကဲ... ဇာတ်လမ်းပြန်ဆက်ကြဦးစို့။ အဲဒီလိုမြတ်စွာဘုရား မိန့်ကြားတဲ့ စကားကို ကြားရတော့ တောဒေယျ ခွေးကလေးဟာ "ငါ့အကြောင်းကိုတော့ ရဟန်းဂေါတမ သိသွားပြီ"ဆိုပြီး အကြီး အကျယ် စိတ်ပျက်သွားပါတယ်။ မြတ်စွာဘုရားလည်း ကျောင်းတော်ကိုပြန်ကြွပါတယ်။ ခွေးကလေး

www.dhammaransi.com



လည်း စိတ်ပျက်ပြီး မီးဖိုဆောင် ဖိုခနောက်အကြားက ပြာပုံပေါ်မှာ ခေါင်းငိုက်စိုက်ချပြီးအိပ်နေပါတယ်။ အိမ်ကလူတွေက သွားချိုပြီး မြင့်မြတ်တဲ့နေရာမှာ သိပ်တာတောင် မအိပ်တော့ဘူးတဲ့။

အဲ....သုဘလုလင်ပြန်ရောက်လာတဲ့အခါ သူ့ခွေးကလေးပြာပုံပေါ်မှာ အိပ်နေတာတွေ့တော့ အိမ်သူအိမ်သားတွေကို အကျိုးအကြောင်း မေးပါတယ်။ အိမ်သူအိမ်သားတွေက မြတ်စွာဘုရားကြွလာပြီး မိန့်ကြားသွားတဲ့စကားတွေကို အစအဆုံး ပြန်ပြောကြပါတယ်။

အဲဒီအခါ သုဘပုဏ္ဏားဟာ မြတ်စွာဘုရားအပေါ် အတော်ဒေါသဖြစ်သွားတယ်။ “ငါ့ဖခင်ဟာ ဗြဟ္မာ့ပြည်မှာ ရောက်နေတာပဲ၊ တောဒေယျခွေးရယ်လို့ မဖြစ်နိုင်ဘူး၊ ဒါနဲ့များတောင် ရဟန်းဂေါတမက ငါ့ဖခင်ကိုခွေးဖြစ်နေတယ်လို့ ပြောသွားတယ်။ ဒီရဟန်းဂေါတမဟာ ပါးစပ်ထဲတွေ့ရာတွေ အရမ်း လျှောက်ပြောသွားတာပဲ။ ဒီရဟန်းဂေါတမတော့လား မုသာဝါဒနဲ့စွပ်စွဲပြီး အရှက်ခွဲပစ်မယ်”လို့ ကြိမ်းမောင်းပြီး မြတ်စွာဘုရားထံ ဒေါကြီး မောကြီးနဲ့ သွားတယ်။

## ဥစ္စာရရေး ဘုရား နည်းပေး

မြတ်စွာဘုရားထံ ရောက်တဲ့အခါ သူ့ဖခင် ခွေးဖြစ်နေတယ်လို့ပြောတာ မှန်သလားလို့ မေးပါတယ်။ မြတ်စွာဘုရားကလည်း “မှန်တယ်၊ မယုံယင် အိမ်ကိုပြန်ပါ၊ ရေမရောတဲ့ နို့ဆန်ပြုတ်ကို ခွေးကလေးအား ဝအောင်တိုက်ကျွေးပါ၊ မြင့်မြတ်တဲ့ အိပ်ရာမှာ ခွေးကလေးကို သိပ်ပါ၊ ခွေးကလေး အိပ်လို့ မပျော်တပျော်အချိန်မှာ သင့် ဖခင်က သင့်ကို မပြောပဲ မြှုပ်ထားခဲ့တဲ့ ဥစ္စာကို မေးပါ။

www.dhammaransi.com



အဲဒီအခါ အကုန်ပြောပြလိမ့်မယ်။ ဒီတော့မှ ခွေးကလေးဟာ သင့်ဖခင်ဖြစ်တယ်ဆိုတာ သင်ကိုယ်တိုင် သိလာလိမ့်မယ်''လို့ သုဘပုဏ္ဏားအား နည်းပေးစကား မိန့်ကြားတော်မူတယ်တဲ့။

ဘောဒေယျပုဏ္ဏားကြီးဟာ သူ့သားကို အသိမပေးပဲ (၁) တစ်သိန်းတန် ရွှေခွက်ရယ် (၂) တစ်သိန်းတန် ရွှေပန်းကုံးရယ် (၃) တစ်သိန်းတန် ရွှေခြေနင်းရယ်(၄) အသပြာတစ်သိန်းရယ် ဒီပစ္စည်း လေးမျိုးကို တိတ်တဆိတ်မြှုပ်ထားခဲ့ပါတယ်။ သုဘလုလင် အနေနဲ့ မြှုပ်နှံထားမှန်းသာ သိတယ်။ ဘယ်နေရာမှာ မြှုပ်ထားမှန်းကိုတော့ မသိဘူးတဲ့။

ဒါကြောင့် မြတ်စွာဘုရားရဲ့နည်းပေးစကားကို ကြားရတော့ သုဘဟာ ဝမ်းသာသွားတယ်။ ''ကဲ....ရဟန်း ဂေါတမ ပြောတဲ့အတိုင်းမှန်ယင် ပစ္စည်းတွေရမယ်၊ မမှန်ယင်လဲ ရဟန်း ဂေါတမကို မုသာဝါဒနဲ့ စွပ်စွဲနိုင်မယ်'' ဆိုပြီး ဝမ်းမြောက်ဝမ်းသာ အိမ်ပြန်သွားပါတယ်။

အိမ်ရောက်တော့ မြတ်စွာဘုရားနည်းပေးတဲ့အတိုင်း ပြုလုပ်ပြီး ခွေးကလေးကို မေးပါတယ်။ အဲဒီအခါ ''ငါ့အကြောင်းတော့ သိကုန်ပြီ''ဆိုပြီး ခွေးကလေးဟာ မျက်ရည်ကျကာ အူပြီးတော့ ဥစ္စာ လေးမျိုးမြှုပ်ထားတဲ့နေရာကို လက်နဲ့ယက်ပြပါတယ်။ အဲဒီနေရာကိုတူးကြည့်တဲ့အခါ ပစ္စည်းအားလုံး ပြန်ရတယ်တဲ့။

---

[၁၁] သူ့အား ခွေးဖြစ်နေသည်ဟု ပြော မပြော မြတ်စွာဘုရားအား သုဘပုဏ္ဏားကရန်တွေ့မေးမြန်းနေပုံ၊



www.dhammaransi.com

## ဘုရားယုံမှောက် နောက်ပေါက်

အဲဒီအခါ သုဘပုဏ္ဏားဟာ မြတ်စွာဘုရားကို တော်တော် ကြည်ညိုသွားတယ်။ "ရဟန်းဂေါတမဟာ ဘဝဖြင့်ဖုံးလွှမ်းအပ်တဲ့သိမ်မွေ့တဲ့ အခြားပဋိသန္ဓေကိုတောင် သိနိုင်ပါပေတယ်၊ သဗ္ဗညုဘုရားဆိုတာ ကေန်စင်စစ် မှန်ပါပေတယ်"လို့ မြတ်စွာဘုရားကို ယုံကြည်သွားပါတယ်။

အဲဒီနောက် မြတ်စွာဘုရားကို မေးဖို့ ပြဿနာ ၁၄-ခုစီစဉ်ပါတယ်။ အဲဒီပြဿနာကို လက်ဆောင်အဖြစ် ယူပြီးတော့ မြတ်စွာဘုရားထံ ဒုတိယအကြိမ်ရောက်လာပါတယ်။ ဒီအခေါက်မှာတော့ သင့်တင့်ရာအရပ်မှာ ရှိုရိုသေသေ ထိုင်တယ်။

## ချဉ်းကပ်အပ်စွာ သင့်မှု်ရာ

သင့်တင့်ရာ အရပ်ဆိုတာ အပြစ်ခြောက်ပါးလွတ်တဲ့ အရပ်တဲ့။ အပြစ်ခြောက်ပါးဆိုတာက (၁) ဝေးလွန်းခြင်း (၂) နီးလွန်းခြင်း (၃) မြင့်တဲ့နေရာ (၄) လေညာအရပ်၊ (၅) ရှေ့တည့်တည့် (၆) နောက်ဘက်အရပ်တို့ ဖြစ်တယ်။

(၁) ဝေးလွန်းတဲ့နေရာမှာ နေရာယူယင် စကားပြောတဲ့အခါ အော်ဟစ်ပြောဆိုရလို့မသင့်ဘူး။ (၂) နီးလွန်းတဲ့နေရာမှာ နေပြန်တော့လဲ အချင်းချင်းထိခိုက်တတ်လို့မသင့်ပြန်ဘူး။ (၃) လေညာလေတင်မှာ နေရာယူယင် မိမိရဲ့ မကောင်းတဲ့ ကိုယ်နံ့ဟာ ကြီးမြတ်သူထံ ရောက်တတ်လို့ မသင့်ဘူး။

[၁၂] လူ့ဘဝတုန်းက သူ့ ဥစ္စာ ၄-မျိုးမြှုပ်ထားရာနေရာကို တောဒေယျခွေးလေးက လက်ဖြင့်ယက်ပြနေပုံ။

www.dhammaransi.com



(၄)မြင့်ရာမှာနေယင်လဲ မရှိသေ့ရဲ့ကျလို့မသင့်ဘူး။ (၅) ရှေ့တည့်တည့်မှာနေယင်လဲ စကားပြောတဲ့အခါ မျက်စိချင်းဆုံတွေ့နေတတ်လို့ မသင့်ပြန်ဘူး။ (၆) နောက်တည့်တည့်မှာ နေပြန်တော့လဲ ပြောစရာဆိုစရာရှိယင် နောက်ဘက်ပြန်လှည့်နေရလို့ မသင့်ဘူးတဲ့။

ဒါကြောင့် ကြီးမြတ်သူထံ ချဉ်းကပ်နေထိုင်တဲ့အခါ အဲဒီအပြစ် ၆-ပါး လွတ်ရာအရပ်မှာ နေထိုင်ရတယ်။ မားလွယ်ခုတ် မျက်စောင်းထိုးလို နေရာမျိုးမှာ နေရမယ်လို့ ဆိုလိုတယ်။ အဲဒီလို နေထိုင်တာကိုပဲ သင့်တင့်ရာအရပ်မှာ နေထိုင်တယ်လို့ ဆိုရပါတယ်။

ကဲ....ဆောင်ပုဒ်လေး ဆိုကြရအောင်။

ဝေး,နီး လေညာ မြင့်ရာများနဲ့၊ နောက်ပါး, ရှေ့တည့်, ပြစ် ၆-သွယ်။
ကြီးမြတ်သူထံ ချဉ်းကပ်သွားတော့၊ ဤ ၆-ပါးကို ရှောင်သင့်တယ်။
မှတ်ကွယ်၊ မှတ်ကွယ်။ ။

**တဆယ့်လေးမြော ပြဿနာ**

အဲ....သုဘပုဏ္ဏားဟာ သင့်တင့်ရာအရပ်မှာ ရိုသေစွာထိုင်ပြီးနောက် မြတ်စွာဘုရားကို ပြဿနာ မေးလျှောက်ပါတယ်။

---

[၁၃] သုဘပုဏ္ဏားသည် ဘုရားထံမှောက်သို့ နောက်ဘခေါက် ရောက်လာပြီး သင့်တင့်ရာမှာ ရိုရို သေသေ ထိုင်ပြီး ပြဿနာမေးလျှောက်နေပုံ။

www.dhammaransi.com



www.dhammaransi.com



သူမေးတဲ့ ပြဿနာတွေကတော့ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အချို့ လူတွေဟာ အသက် တိုကြပါတယ်၊ အချို့လူတွေကတော့ အသက် ရှည်ကြပါတယ်။ ဒါ ဘာ့ကြောင့်ပါလဲ" စသည်ဖြင့် ပြဿနာ ၁၄-ခုကို ၂–ခု တစုံ၊ ၂–ခုတစုံတွဲပြီး မေးတဲ့ပြဿနာတွေပါပဲ။

သူ မေးတဲ့ပြဿနာ ၁၄-ခုလုံးကို သိမ်းကျုံးပြီး "ကံကြောင့် ဖြစ်တယ်" လို့ မြတ်စွာဘုရားက ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ ဖြေကြားလိုက်ပါတယ်။ ဒီတော့ သုဘပုဏ္ဏားက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဒီလို အကျဉ်းမျှဖြေပြလို့ တပည့်တော်နားမလည်ပါ၊ အကျယ် ဖြေပြတော်မူပါ" လို့ ထပ်မံလျှောက်ထားပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရားက စ,စခြင်း အကျယ်မဖြေတာကတော့ သုဘပုဏ္ဏားရဲ့ မာန်မာနကို ချိုးနှိမ်လိုလို့ ဖြစ်ပါတယ်။ ဟိုခေတ်က ပုဏ္ဏားဆိုတာ ခေတ်ပညာတတ်၊ အထက်တန်းလွှာ လူတန်းစားဖြစ်တယ်။ သုဘဟာ အင်္ဂဝိဇ္ဇာတတ် ထိပ်တန်းစား ပုဏ္ဏားသဌေးပဲ။ ပညာမာန်ရှိတယ်။ သူ့လိုလူ မရှိဘူးလို့ အထင်ရောက်နေသူ ဖြစ်တယ်။

ဒါ့ကြောင့် သူမေးတဲ့ပြဿနာကို အသေးစိတ် ဖြေလိုက်ယင် "ဒီရဟန်းဂေါတမဟာ ငါသိတာတွေကို ဖြေတာပဲ၊ သူ့အဖြေဟာ ငါသိတာနဲ့မထူးပါဘူး" လို့ ဒီလိုပြောချင်ပြောမှာ ဖြစ်တယ်။ ဒါ့ကြောင့် သူကိုယ်တိုင်က "ပြဿနာရဲ့အဖြေကို မသိပါဘူး" လို့ ဝန်ခံပြီးမှ သူမေးတဲ့ပြဿနာတွေကို မြတ်စွာဘုရားက အသေးစိတ် ဖြေကြားတော်မူတယ်လို့ အဋ္ဌကထာဆရာက ဖွင့်ပြထားပါတယ်။

www.dhammaransi.com


ယခုအချိန်ကစပြီး သုဘပုဏ္ဏားရဲ့အမေးနဲ့မြတ်စွာဘုရားရဲ့ အဖြေများကို ဖော်ပြသွားပါမယ်။ ဒါပေမယ့်ပါဠိတော်လာအတိုင်း ပါဠိတွေ အနက်တွေကိုအသေးစိတ်ရှုတ်ပြနေယင် လူငယ်လူရွယ်တွေ အတွက် ငြီးငွေ့ဖွယ်ဖြစ်ချင်ဖြစ်နေမှာမို့ ပါဠိတော်လာ ဆိုလိုချက်ကိုပဲ "အမေးအဖြေ စကားပြေ၊ဝတ္ထု ဆောင်ပုဒ်လေးတွေ" နဲ့ ဖော်ပြသွားပါမယ်။

www.dhammaransi.com

# ပထမ မေး ဖြေ, စကားပြေ

မြတ်စွာဘုရား....အချို့လူတွေဟာ အသက်တိုကြပါတယ်၊ အချို့လူတွေကျတော့ အသက်ရှည်ကြပါတယ်။ လူချင်း တူကြပါလျက် ဒီလို"အသက် တို-ရှည်" ကွဲပြားခြားနားကြရတာဟာ ဘာကြောင့်ပါလဲ။

သုဘပုဏ္ဏား....ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ အချို့လူတွေဟာ အသက်ကို သတ်လေ့ရှိတယ်၊ ကြမ်းကြုတ်တယ်၊ သွေးစွန်းတဲ့လက်ရှိတယ်၊ သတ်ဖြတ်ရတာကိုစိတ်ဝင်စားတယ်၊ သတ္တဝါတွေအပေါ် သနားစိတ် လုံးဝမထားကြဘူး။

ဒီလို သူ့အသက်ကို သတ်လေ့ရှိသူများသေယင် ချမ်းသာကင်းရာ၊မကောင်းတဲ့လားရာ၊ဖရိုဖရဲကျရာ ငရဲသို့ ရောက်ရတတ်တယ်။

တကယ်လို့ အဲဒီလူမျိုးသေပြီး ငရဲမကျတာတောင် လူပြန်ဖြစ်တဲ့အခါမှာ အသက်တမ်းတိုတတ်တယ်။သူ့အသက်ကိုသတ်ဖြတ်တဲ့ အကုသိုလ်ကံဟာ အသက်ကိုတိုစေတတ်တဲ့ အကျင့်ပင် ဖြစ်ပေတယ်။

သုဘပုဏ္ဏား....ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ အချို့လူတွေကျတော့ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တယ်၊သူ့အသက်သတ်ဖို့ တုတ်၊ ဓား၊ လက်နက်တွေကိုမကိုင်တော့ဘူး။သူ့အသက်

www.dhammaransi.com



သတ်ရမှာရှက်တယ်၊ သတ္တဝါတွေကို သနားတတ်တယ်။ သတ္တဝါတွေရဲ့အကျိုးစီးပွားတွေကိုသာလိုလားတယ်။

ဒီလိုလူမျိုးသေယင် ကောင်းတဲ့လားရာ နတ်ရွာနတ်ပြည်သို့ ရောက်ရတယ်။

တကယ်လို့ သေပြီးနောက် နတ်ပြည်မရောက်တာတောင် လူပြန်ဖြစ်တဲ့အခါ အသက်ရှည်တယ်။ သူ့အသက်ကိုသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်တာဟာ အသက်ရှည်စေကြောင်း အကျင့်ကောင်းဖြစ်တယ်။

အခုဖော်ပြခဲ့တာတွေကတော့ "ပထမအမေးအဖြေ" ဆိုလိုချက် စကားပြေဖြစ်ပါတယ်။ လုံးစေ့ပါဠိစေ့ဘာသာပြန်ထားတဲ့ စကားပြေတော့ မဟုတ်ဘူး။ ဒါပေမယ့် ဒီလောက်ဆိုယင် သင့်လောက်ပါပြီ။

## သူ့အသက်သတ်က ငရဲကျ

သူ့အသက်သတ်ဖြတ်တဲ့သူသေယင် ငရဲကျတတ်တယ်ဆိုတာနဲ့ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက်က ရာဇဂြိုဟ်ပြည်မှာ စုန္ဒအမည်ရှိတဲ့ဝက်သတ်သမားတဦးရှိခဲ့ဖူးတယ်။

သူဟာ ၅၅-နှစ်လုံးလုံး မွေးမြူသတ်ဖြတ်ရောင်းစားပြီး အသက်မွေးပါတယ်။

သူ ဝက်သတ်ပုံကလည်း ကြားရသူ အသည်းချမ်းလောက်အောင် ကြမ်းကြုတ်ရက်စက်လှပါတယ်။

ဝက်ကိုမလှုပ်နိုင်အောင် ခြေရော လက်ရော ကြိုးနဲ့တုပ်၊ ဝက်တကောင်လုံး ဖူးဖူးရောင်လာတဲ့အထိ နေရာအနှံ့ အရှင်လတ်လတ် တင်းပုတ်နဲ့လိုက်ထု၊ ဝက်ပါးစပ်ကိုတုတ်နဲ့ထောက်ဖြဲပြီး ပွက်ပွက်ဆူနေတဲ့ရေနွေးကို ဝက်ဝမ်းထဲ အတင်းလောင်းသွင်းတယ်။ အထဲက အညစ်အကြေးတွေ ရေနွေးပူနဲ့ ရောပြီးထွက်လာလို့ အညစ်အကြေးကုန်စင်မှ ရေနွေးပူလောင်း ရပ်တယ်တဲ့။

အဲဒီနောက် ဝက်ဘကိုယ်လုံးကို ကျန်နေတဲ့ရေနွေးပူနဲ့လောင်းပက်တယ်။ ရေနွေးပူလောင်းပြီး အရေခွံတွေ ကွာလာတဲ့အခါကျမှ အမွေးတွေကို မီးနဲ့မြှိုက်တယ်။ နောက်ဆုံးကျမှ ဝက်ကို ခေါင်းဖြတ်တယ်။ ဝက်သွေးကိုခံယူပြီး အသားနဲ့ရောနယ်ကာ ချက်ပြုတ်စားသောက်တယ်။ ကျန်တာကိုမှရောင်းစားတယ်တဲ့။ ကြွမ်းကြုတ်တဲ့နေရာမှာ ဗိုလ်တကာ့ဘုရင်ပါပဲ။

ဒီလိုနဲ့ အသက်မွေးလာလိုက်တာ ၅၅-နှစ်ကြာတဲ့အခါ ရောဂါရလာတယ်။ သူ့တကိုယ်လုံးမှာ အဝီစိငရဲမီးပူတော ပေါ်လာတယ်။ အဲဒီအခါမှာ စုန္ဒဟာ မနေနိုင်အောင် ပူလွန်းလို့ ဝက်လိုလေးဘက်သွားပြီး ၇-ရက်လုံးလုံး ဝက်လို အော်မြည်နေရတယ်တဲ့။

အိမ်သူ အိမ်သားတွေက သူ့ကို ဘယ်လိုမှမကယ်နိုင်တာနဲ့ အိမ်ထဲမှာ တံခါးပိတ်လှောင်ပြီး ဒီအတိုင်း ပစ်ထားရပါတယ်။

---

[၁၄] စုန္ဒဝက်သတ်သမားသည် သေခါနီး ၇-ရက်သုံးလုံး ဝက်လို လေးဘက်သွားပြီး ဝက်လိုအော်မြည် နေရပုံ။

www.dhammaransi.com



www.dhammaransi.com


အဲဒီရက်အတွင်းမှာပဲ ရဟန်းတော်အချို့ဟာ သူ့အိမ်နားကဖြတ်သွားမိတဲ့အခါ စုန္ဒ ဝက်လိုအော်နေတဲ့အသံကို တကယ့်ဝက်သံထင်ပြီး ကျောင်းတော်ရောက်တော့ မြတ်စွာဘုရားကိုဒီလိုလျှောက်ထားကြတယ်တဲ့။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ စုန္ဒဝက်သတ်သမားဟာ အိမ်တံခါးပိတ်ပြီး ဝက်တွေကိုသတ်နေတာ ဒီနေ့ ၇ ရက်မြောက်ပါပြီ။ သူ့အိမ်မှာ ကောင်းမှုမင်္ဂလာတခုခုတော့ ပြုမယ် ထင်ပါတယ်။ ဒီနေ့အထိ ဒီဝက်သတ်သမားဟာ မေတ္တာစိတ်၊ ကရုဏာစိတ် လုံးဝမရှိခဲ့ဘူး။ ဒီလောက် ကြမ်းကြုတ်ရက်စက်တဲ့လူမျိုးကို တပည့်တော်တို့ တခါမှ မမြင်ဘူးပါဘုရား...."လို့လျှောက်ထားကြတယ်။

အဲဒီအခါ မြတ်စွာဘုရားက "ချစ်သားတို့၊ စုန္ဒဟာ ၇-ရက်လုံးလုံး အိမ်တံခါးပိတ်ပြီး ဝက်တွေကိုသတ်နေတာမဟုတ်ဘူး။ သူကျူးလွန်လာခဲ့တဲ့အကုသိုလ်ကံက လောလောဆယ် အကျိုးပေးနေပြီ။ သူ့တကိုယ်လုံးမှာ အဝီစိငရဲမီးတွေ တောက်နေပြီ။ ပူလွန်းလို့ သူကိုယ်တိုင် ဝက်လိုအော်နေတာဖြစ်တယ်။ မကြာခင် ငရဲရောက်တော့မယ်"လို့ မြတ်စွာဘုရားက ရှင်းလင်းမိန့်ကြားတော်မူပါတယ်။

အဲဒီ ၇-ရက်မြောက်တဲ့နေ့မှာပဲ စုန္ဒဟာ သေဆုံးပြီးတော့ အဝီစိငရဲသို့ကျရောက်သွားတယ်တဲ့။

ဒီဝတ္ထုကို ကြည့်ရှုခြင်းဖြင့် အသက်သတ်ဖြစ်သူများသေယင် ငရဲကျတတ်တယ်ဆိုတာ သတိပြုပြီး သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြဖို့ပါပဲ။

## အသက်တိုတာ သူ့ကြောင့်သာ

သူ့အသက်သတ်ဖြတ်သူများသေလို့ လူပြန်ဖြစ်ယင် အသက်တိုတတ်တယ် ဆိုတာနဲ့ ပတ်သက်လို့တော့ မိမိရဲ့ ပတ်ဝန်းကျင်ကိုလေ့လာကြည့်ယင် မှန်းဆနိုင်ပါတယ်။

မိမိရဲ့ မျက်စိအောက်မှာ အသက်အရွယ်ငယ်ငယ်နဲ့သေဆုံးကြတဲ့ သူတွေကို မကြာခဏဆိုသလို တွေ့နေကြသားပဲ။ မိမိရဲ့ အမျိုးအဆွေတွေထဲမှာရော၊ သူတပါးရဲ့ အမျိုးအဆွေတွေထဲမှာပါ ဒီလို သေနေကြတာတွေ ရှိတာပဲ။ ဒီလိုသေကြရတဲ့သူတွေဟာ အများအားဖြင့် ရှေးဘဝက သူ့အသက်သတ်ဖြတ်ခဲ့ကြသူတွေပါပဲ။

## အသက်ရှောင်ဖယ် ဗျိုင်းမငယ်

သူ့အသက်သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်တဲ့သူများ သေယင် နတ်ပြည် ရောက်ရတယ်ဆိုတာနဲ့ ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

မြတ်စွာဘုရားမပွင့်မီက မဂဓတိုင်း မစလရွာမှာ မဃအမည်ရှိတဲ့ လုလင်တဦး ရှိခဲ့ဖူးတယ်။ သူ့မှာ သုဇာ၊သုဓမ္မာ၊စိတ္တာ၊နန္ဒာ ဆိုတဲ့ ဇနီးလေးယောက်ရှိတယ်။ သူနဲ့အတူ ကောင်းမှုပြုဘက် အမျိုးသား ၃၃ ယောက်လည်း ရှိတယ်တဲ့။

www.dhammaransi.com



သုဇာမှတပါး သူတို့အားလုံးဟာ လမ်းပြင်၊ မြေဖို့၊ တံမြက်လှည်း၊ တံတားခင်း၊ ဇရပ်ဆောက်၊ ရေကန်တူး၊ သစ်ပင်စိုက် စတဲ့ ကုသိုလ်တွေပြုခဲ့ကြလို့ သေတဲ့အခါ တာဝတိံသာနတ်ပြည်သို့ ရောက်ကြတယ်။ မဃလုလင်က သိကြားမင်း ဖြစ်သွားတယ်။

ဘာကောင်းမှုမှမပြုခဲ့ပဲ သေသွားတဲ့သုဇာကတော့ တောင်ချောက်ကြားတခုမှာဗျိုင်းအောက်မလေး သွားဖြစ်ရရှာတယ်။

သိကြားမင်းဟာ ဇနီးဟောင်းဖြစ်ခဲ့ဖူးတဲ့ သုဇာဗျိုင်းမလေးကို နတ်ပြည်သို့ယူဆောင်ပြီး နန္ဒာရေကန်ထဲမှာ လွှတ်ထားပါတယ်။

အဲဒီနောက် အခြားမိဖုရားတွေက အတင်းဝိုင်းမေးတာနဲ့ "သုဇာ ဗျိုင်းမ ဖြစ်နေတယ်၊ နန္ဒာကန်ထဲမှာရှိတယ်" လို့ သိကြားမင်းက ပြောပြပါတယ်။ အဲဒီအခါ နတ်သမီးတွေဟာ သုဇာဗျိုင်းမလေးထံသွားပြီး လှောင်ပြောင်ကြပါတယ်။

"ရှင်မသုဇာရဲ့ နှုတ်သီးက ဘယ်လို၊ ခြေထောက်က ဘယ့်နှယ်၊ ငါးထိုးဆိတ်ပုံက ဘယ်သို့" စသည်ဖြင့် ပြောဆိုသရော်ကြပါတယ်။

သုဇာဗျိုင်းမလေးဟာ ရှေး လူဖြစ်စဉ်က မိမိရဲ့ လက်အောက်ခံဖြစ်ခဲ့ဖူးတဲ့ နတ်မိဖုရားတွေရဲ့ အလှောင်အပြောင်ခံရတဲ့အခါ အလွန်အလွန် ရှက်သွားပါတယ်။

---

[၁၅] သုဇာဗျိုင်းမလေးကို နတ်မိဖုရားတွေက လှောင်ပြောင်နေကြပုံ။

www.dhammaransi.com



www.dhammaransi.com



ဒါကြောင့် မိမိနေရာ တောင်ကြားထဲပဲ ပြန်ပို့ပေးဖို့ သိကြားမင်းကို တောင်းပန်ရှာတယ်။ သိကြားမင်းဟာ သူ့ကို တောင်ကြားထဲပြန်ပို့ပြီး သူ့အသက်သတ်ဖြတ်ခြင်းမှရှောင်ကြဉ်ဖို့သီလစောင့်ခိုင်းတယ်။

ဗျိုင်းဆိုတာ ငါး၊ ဖားစတဲ့ရေပိုးရေမွှားတွေကိုရှာဖွေသတ်ဖြတ်စားရတဲ့ငှက်မျိုးပဲ။ သူ့အသက်သတ်ဖြတ်ခြင်းမှရှောင်ကြဉ်ရမယ်ဆိုယင် သူ့အတွက် အသက်ရှင်ဖို့ တယ်မလွယ်ဘူး။ ဒါပေမယ့် သူဇာဗျိုင်းမလေးဟာ သိကြားမင်းရဲ့ အဆုံးအမအတိုင်း အသက်သတ်ဖြတ်ခြင်းမှရှောင်ကြဉ်ပြီး သီလစောင့်တယ်တဲ့။


တနေ့မှာ သူ့ကိုစမ်းသပ်တဲ့အနေနဲ့ သိကြားမင်းက သူ့ရှေ့မှာ ငါးသေယောင်ဆောင်ပြတယ်။ သူဇာဗျိုင်းမလေးက ငါးသေအထင်နဲ့ စားဖို့ထိုးယူလိုက်ပါတယ်။ အဲဒီအခါ သိကြားမင်းငါးက လှုပ်ရှားပြတယ်။ သူဇာလည်း ငါးရှင်မှန်းသိတော့ မစားပဲ ပြန်လွှတ်ချလိုက်တယ်တဲ့။

ဒီတော့မှ သိကြားမင်းလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားတယ်။ သူဇာရှေ့မှာ ကိုယ်ထင်ပြပြီး ဒီအတိုင်း သီလဆက်စောင့်ယင် မကြာခင် နတ်မိဖုရားတို့ရဲ့ အကြီးအမှူးအဖြစ် မြောက်တင်မယ်လို့ အားပေးစကားပြောကြားပြီး နတ်ပြည်သို့ ပြန်သွားတယ်တဲ့။

သူဇာဗျိုင်းမလေးရဲ့သက်တမ်းဟာအနှစ်ငါးရာဖြစ်ပါသတဲ့။ ဒါပေမယ့်သူဟာ တသက်လုံးလုံး သူ့အသက်သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပြီး သီလစောင့်ခဲ့ရလို့ ဝဝလင်လင်မစားရရှာဘူးတဲ့။

[၁၆] သူဇာဗျိုင်းမလေးက ငါးရှင်ကိုမစားပဲ ပြန်လွှတ်နေပုံ။

www.dhammaransi.com



www.dhammaransi.com



ဒီလိုနဲ့ သက်တမ်းကုန်လို့ သေတဲ့အခါ ဗာရာဏသီပြည်မှာ အိုးထိန်းသည်ရဲ့ သမီး သွားဖြစ်တယ်တဲ့။

သူဇာ ဗျိုင်းမလေး သေဆုံးပြီးနောက်နတ်ပြည်ရောက်မလာတဲ့အခါ သိကြားမင်းက ဆင်ခြင်ကြည့်ရှုတယ်။ အိုးထိန်းသည်ရဲ့ သမီး ဖြစ်နေတာ တွေ့ရတဲ့အခါ အကူအညီပေးဖို့ စဉ်းစားတယ်။

အဲဒီနောက် သိကြားမင်းကိုယ်တိုင် လူ့ပြည်ဆင်း၊ အဖိုးအိုယောင်ဆောင်၊ လှည်းပေါ်မှာ ရွှေသခွားသီးတွေ အပြည့်တင်ပြီးတော့ အော်ဟစ်ရောင်းချတယ်တဲ့။


ဒါပေမယ့် သူ့သခွားသီးက ပိုက်ဆံနဲ့ ဝယ်လို့မရဘူး၊ သီလနဲ့ဝယ်မှ ရောင်းတယ်။ သူ့အသက်သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်မှုစတဲ့ ငါးပါးသီလ စောင့်ထိန်းသူဆိုယင် အလကားပေးမယ်တဲ့။

အဲဒီအခါ သူဇာတို့နေတဲ့ အရပ်မှာ သီလစောင့်ထိန်းသူ၊ သီလအကြောင်းနားလည်သူ မရှိကြဘူး။ သူဇာတစ်ဦးသာ ရှေးဘဝ ဗျိုင်းဖြစ်စဉ်ကတည်းက သီလစောင့်ခဲ့တဲ့ အထုံ ဝါသနာကြောင့် သီလအကြောင်းလည်း နားလည်တယ်၊ သီလလည်း စောင့်ထိန်းတယ်တဲ့။ ဒါကြောင့် အဲဒီရွှေသခွားသီးတွေကို သူဇာတစ်ဦးတည်းသာ ရပါတယ်။ အမှန်ကတော့ သူ့ကိုပေးဖို့ ယူလာခဲ့ခြင်းသာ ဖြစ်ပါတယ်။

---

[၁၇] အဖိုးအိုအယောင်ဆောင်ထားသော သိကြားမင်းက ရွှေသခွားသီးတွေကို သီလနှင့် ရောင်းမည်ဟု အော်ဟစ်နေပုံ၊

www.dhammaransi.com



www.dhammaransi.com



သူဇာဟာ အိုးထိန်းသည် သမီးဘဝမှာလည်း သုံ့အသက်သတ်ခြင်း, စသည်မှ ဆက်လက်ရှောင်ကြဉ်ခဲ့လို့ သေတဲ့အခါ အသူရာ နတ်ပြည်မှာ ဝေပစိတ္တ အသူရာ နတ်မင်းကြီးရဲ့ သမီးတော် သူဇာနတ်ကညာ သွားဖြစ်တယ်။ ရှေးဘဝတွေက သီလစောင့်ခဲ့လို့ ရုပ်အဆင်း အလွန်လှတယ်တဲ့။

သိကြားမင်းလည်း သူဇာ ဘယ်ဘုံမှာ သွားဖြစ်သလဲလို့ ဆင်ခြင် ကြည့်ရှုတဲ့အခါ အသူရာ နတ်မင်းကြီးရဲ့ သမီးတော် သွားဖြစ်နေတာကို တွေ့ရပါတယ်။အသူရာနတ်နဲ့ တာဝတိံသာနတ်တို့ဟာ ရန်ဘက်တွေဖြစ်ကြတယ်။ ဒါကြောင့် သိကြားမင်းဟာ သူဇာကို သွားမခေါ်နိုင်သေးပဲ အခြေအနေကို စောင့်ကြည့်နေရပါတယ်။

တနေ့မှာ သူဇာ နတ်ကညာအတွက် ခင်ပွန်းလောင်းရွေးတဲ့ ပန်းကုံးစွပ်ပွဲကြီး ကျင်းပပါတယ်။ အဲဒီပွဲကို သိကြားမင်းဟာ အသူရာယောင်ဆောင်ပြီး ရောက်လာပါတယ်။


ပန်းကုံးစွပ်ချိန် ရောက်တဲ့အခါ သူဇာက အသူရာယောင် ဆောင်ထားတဲ့ သိကြားမင်းကို ပန်းကုံးစွပ်လိုက်မိတယ်။ သိကြားမင်းလည်း ချက်ချင်း သူဇာကို လက်ဆွဲပြီး တာဝတိံသာနတ်ပြည်သို့ တကြိုးတည်း တက်ပြေးတယ်။

အသူရာ နတ်တွေက သိကြားမှန်း သိတယ်ဆိုယင်ပဲ ဖမ်းဆီးဖို့ ညာသံပေးပြီး အတင်းဝိုင်းလိုက်ကြတယ်။

---

[၁၀] သိကြားမင်းက အသူရာနတ်ကညာ သူဇာကို လက်ဆွဲပြီး တာဝတိံသာနတ်ပြည်သို့ တက်ပြေးနေပုံ။

www.dhammaransi.com



www.dhammaransi.com



ဒါပေမယ့် အသျှင်ရာနတ်မင်းကြီးက "ငါ့သမီးကိုယူပြေးသူဟာ သိကြားမင်းဖြစ်ယင် သင်တို့ မလိုက်ကြနဲ့၊ နတ်တွေထဲမှာ ငါကလွဲယင် သိကြားမင်းဟာ အမြတ်ဆုံးပဲ"လို့ ပြောဆိုတားမြစ်ပါတယ်။

ဒါနဲ့ အသူရာတွေလည်း ဆက်မလိုက်ကြတော့ဘူး။ သိကြားမင်းလည်း တာဝတိံသာနတ်ပြည် ရောက်တဲ့အခါ သူဇာကို နတ်မိဖုရားခေါင်းကြီးအဖြစ် မြှောက်တင်လိုက်တယ်တဲ့။

သူဇာဟာ ဗျိုင်းဘဝ၊ အိုးထိန်းသည်သမီးဘဝတွေမှာ သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်ခဲ့တဲ့အတွက် နောက်ဆုံး တာဝတိံသာ နတ်ဘုံထက်မှာ ခင်ပွန်းဟောင်းနဲ့ ပြန်လည် ပေါင်းဆုံရခြင်းဖြစ်ပါတယ်။

ဒါကြောင့် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တာဟာ နတ်ပြည်ရောက်ကြောင်း အကျင့် ကောင်းဖြစ်တယ်ဆိုတာ သတိပြုကြပြီး အတုယူကာ လိုက်နာ ကျင့်ကြံကြဖို့ပါပဲ။

## လူဖြစ်ပြန်က အသက်ရှည်ရ

သူ့အသက်သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်တဲ့သူများ သေလို့ လူပြန်ဖြစ်ယင် အသက်ရှည်ရတတ် တယ်။ သက်တမ်းကုန်အောင် နေကြရတယ်။

မြတ်စွာဘုရားရဲ့ယောကျ်ားမြတ် လက္ခဏာ ၃၂-ပါးထဲမှာ (၁) ဖနောင့်တော်ရှည်ခြင်း။ (၂) ခြေချောင်းလက်ချောင်းတော်ရှည်သွယ်ခြင်း။ (၃) ကိုယ်ကာယဖြောင့်မတ်တော်မူခြင်းတို့လည်း

www.dhammaransi.com



ဒီလို လက္ခဏာရှင်ဟာ သူတပါးပယောဂကြောင့် အသက်မသေနိုင်ပဲ သက်တမ်းပြည့် အသက်ရှည်ရှည် နေရတတ်တယ်တဲ့။

အဲဒီလက္ခဏာတော်များက ညွှန်ပြတဲ့အတိုင်းပါပဲ။ မြတ်စွာဘုရားဆိုတာ သူတပါး ပယောဂကြောင့် ပရိနိဗ္ဗာန်ပြုရတဲ့ထုံးစံ မရှိပါဘူး။

အခါတပါးမှာ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူနေပါတယ်။ အဲဒီအခါမှာ ဒေဝဒတ်ဟာ သူ့ဒကာ အဇာတသတ်မင်းထံမှ လေးသမား ၃၂-ယောက်ကို သူ့ကျောင်းသို့ ခေါ်ဆောင်သွားတယ်။အဲဒီနောက် မြတ်စွာဘုရားကို လေးဖြင့် လုပ်ကြံသတ်ဖြတ်ရန် အသေးစိတ် စီမံညွှန်ကြားပြီး လေးသမားများကို လွှတ်လိုက်ပါတယ်။

ဒါပေမယ့် လေးသမားတွေဟာ မြတ်စွာဘုရားထံရောက်တယ်ဆိုယင်ပဲ သရဏဂုံတည်သူ တည်၊ အကျွတ်တရားရသူရ ဖြစ်ကုန်ကြပါတယ်။ ဒါကြောင့် ဒေဝဒတ်ဟာ မြတ်စွာဘုရားကို သတ်ဖြတ်ဖို့ အကြံ မအောင်မြင်ပဲ ဖြစ်သွားတယ်။

ဒါပေမယ့် ဒေဝဒတ်ဟာ လက်မလျှော့ဘူး။ တနေ့မှာ မြတ်စွာဘုရားဟာ ဂိဇ္ဈကုဋ်တောင်ခြေ၌ စင်္ကြံကြွတော်မူနေပါတယ်။ အဲဒီအခါ ဒေဝဒတ်ဟာ တောင်ထိပ်ပေါ် ကိုယ်တိုင်တက်တယ်။သူ့လူတွေရဲ့အကူအညီနဲ့ ကျောက်မောင်းဆင်ပြီး မြတ်စွာဘုရားအပေါ် ကျောက်တုံးကြီးတလုံးလှိမ့်ချလိုက်တယ်။

www.dhammaransi.com



ဘုရားဘက် လိမ့်ကျလာတဲ့ကျောက်တုံးကို အခြား ကျောက်တုံးတခုက ကြားမှဆီးပြီးခံလိုက်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားကို ကျောက်တုံးမဖိမိပဲ ကျောက်တုံးချင်းဆောင့်မိလို့ စဉ်ထွက်လာတဲ့ ကျောက်လွှာတခုသာ မြတ်စွာဘုရားရဲ့ ခြေမတော်ကို လာမှန်ပါတယ်။

ဒီအခါမှာလည်း မြတ်စွာဘုရားကို အသေသတ်ဖို့ အကြံကြီးကြံတဲ့ ဒေဝဒတ်ဟာ အကြံမအောင်မြင်ပဲ ဖြစ်သွားပြန်တယ်။

ဒါနဲ့လဲ ဒေဝဒတ်ဟာ လက်မလျှော့သေးဘူး။ တနေ့မှာ သူ့ဒကာ အဇာတသတ်မင်းနဲ့တိုင်ပင်ပြီး နာဠာဂီရိ ဆင်ကြမ်းကြီးကို အရက်တွေမူးအောင် တိုက်ထားတယ်။ ရာဇဂြိုဟ်မြို့တွင်းသို့ ရဟန်းတော်များနှင့်အတူ မြတ်စွာဘုရားဆွမ်းခံကြွဝင်လာတဲ့အခါ အရက်မူးနေတဲ့နာဠာဂီရိဆင်ကြမ်းကြီးကို မြတ်စွာဘုရားဘက်သို့ မောင်းလွှတ်လိုက်တယ်။

ဆင်ကြမ်းကြီးဟာ မိုးထစ်ချုန်းသံလို ကြောက်မက်ဖွယ်အသံကို ဟစ်အော်ကာ မြတ်စွာဘုရားဘက်သို့တဟုန်ထိုး ပြေးသွားပါတယ်။ မြင်ရသူလူအပေါင်းတို့က နာဠာဂီရိဆင်ကြမ်းကြီးရဲ့အစွယ်ဖျားမှာ မြတ်စွာဘုရား ဒုက္ခရောက်တော့မှာပဲလို့တောင် ထင်ကြပါတယ်။

ဒါပေမယ့် နာဠာဂီရိဆင်ကြမ်းကြီးဟာ ဘုရားအနီးရောက်တယ်ဆိုယင်ပဲ အရက်မူးပြေပျောက်ကာ မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ရှိသေစွာဝပ်စင်းပြီး နေပါတယ်။

www.dhammaransi.com



ဒါကြောင့် မြတ်စွာဘုရားကို ဆင်နဲ့ထိုးသတ်ဖို့ ကြံတဲ့ ဒေဝဒတ်ရဲ့အကြံဟာ မအောင်မြင်ပဲ ဖြစ်သွားပါတယ်။ ဒီလို ဒေဝဒတ်က ရှင်တော်မြတ်ကိုသတ်ဖို့ အမျိုးမျိုး ကြိုးစားကြံစည်ပေမယ့် မအောင်မြင်ပဲ မြတ်စွာဘုရားဟာ သက်တမ်းပြည့် အသက်ရှည်ရှည် နေတော်မူသွားရပါတယ်။

ဒီလို အကျိုးတရားကိုရတာဟာ အကြောင်းမဲ့သက်သက် အလကားရတာ မဟုတ်ပါဘူး။ ရှေးရှေး ဘဝကြီးငယ်တွေမှာ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့လို့သာ ရရှိခြင်းဖြစ်ပါတယ်တဲ့။

ကဲ....ပထမအမေးအဖြေနဲ့ပတ်သက်လို့တော့ တော်လောက်ပါပြီ။ တရားဆောင်ပုဒ်လေးတွေ ဆိုကြဦးစို့။

မေး။ ။အချို့လူတွေ အသက်တိုကြလို့၊ အချို့လူက သက်ရှည်တယ်။
ဒီလိုဖြစ်တာ ဘာ့ကြောင့်လဲလို့၊ ကွဲကွဲပြားပြား သိချင်တယ်။

ဖြေ။ ။အသက်သတ်သူ သေယင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ကံဟုန်နည်းလို့၊ အသက်တမ်းလည်း တိုတတ်တယ်။
မသတ်ဖြတ်သူ သေယင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ကုသိုလ်စွမ်းကြောင့်၊ အသက်တမ်းလည်း ရှည်နိုင်တယ်။
မှတ်ကွယ်....မှတ်ကွယ်။

www.dhammaransi.com

## ဒုတိယ မေး၊ ဖြေ စကားပြေ

မြတ်စွာဘုရား... အချို့လူတွေဟာ ရောဂါများကြပါတယ်။ အချို့လူတွေကတော့ အနာရောဂါနည်းကြပါတယ်။ လူချင်းတူကြပါလျက် ဒီလို ''အနာရောဂါအနည်းအများ''ကွဲပြားခြားနားကြရတာဟာ ဘာကြောင့်ပါလဲ။

သူဘပုဏ္ဏား... ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ အချို့လူတွေဟာ လက်နဲ့ပဲဖြစ်ဖြစ်၊ ခဲ၊ တုတ်၊ ဓား တခုခုနဲ့ပဲဖြစ်ဖြစ် သတ္တဝါတွေကို ညှဉ်းဆဲလေ့ရှိတယ်။

ဒီလို ညှဉ်းဆဲတာဟာ မှားယွင်းတဲ့ကံပဲ။ အဲဒီလို လူမျိုးသေယင် ချမ်းသာကင်းရာ၊ မကောင်းတဲ့လားရာ၊ ဖရိုဖရဲကျရာ ငရဲရွာသို့ ရောက်ရတတ်တယ်။

တကယ်လို့ ငရဲမရောက်တာတောင် လူပြန်ဖြစ်တဲ့အခါ အနာ ရောဂါများတတ်တယ်။ ဒီလို သတ္တဝါတွေကို ညှဉ်းဆဲတာဟာ အနာရောဂါ များစေတတ်တဲ့ အကျင့်ဆိုးဖြစ်တယ်။

သူဘပုဏ္ဏား... ယောကျ်ားပဲ ဖြစ်ဖြစ်၊ မိန်းမပဲ ဖြစ်ဖြစ် အချို့လူတွေဟာ သတ္တဝါတွေကို လက်နဲ့လဲ ညှဉ်းဆဲလေ့မရှိဘူး၊ ခဲ၊ တုတ်၊ ဓား တခုခုနဲ့လဲ ညှဉ်းဆဲလေ့ မရှိဘူး။

www.dhammaransi.com



ဒီလို မညှဉ်းဆဲတာဟာ ကောင်းမြတ်တဲ့ကံဖြစ်တယ်။ အဲဒီလူမျိုးသေ့ယင် ကောင်းတဲ့လားရာ နတ်ပြည်နတ်ရွာသို့ ရောက်ရတယ်။

တကယ်လို့ နတ်ပြည်မရောက်တာတောင် လူပြန်ဖြစ်တဲ့အခါ အနာရောဂါ ကင်းကြရတယ်။ ဒီလို သတ္တဝါတွေကို မညှဉ်းဆဲမနှိပ်စက်တာဟာ အနာရောဂါကင်းစေကြောင်း အကျင့်ကောင်းပင် ဖြစ်တယ်။

အခု ဖော်ပြခဲ့တာကတော့ ဒုတိယ အမေးအဖြေ ဆိုလိုချက် စကားပြေပါပဲ။

## ညှဉ်းပန်းတတ်က အပါယ်ကျ

သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်သူများသေယင် အပါယ်ငရဲကျတတ်တယ်ဆိုတာနဲ့ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်မှာ ကောက အမည်ရှိတဲ့ ခွေးမုဆိုးတဦး ရှိခဲ့ဖူးပါတယ်။ သူဟာ တနေ့နံနက်မှာ လေး မြား လက်စွဲပြီး ခွေးတအုပ်နဲ့ အမဲလိုက် ထွက်သွားပါတယ်။

လမ်းခရီးအကြားမှာ ဆွမ်းခံကြွလာသူ ရဟန်းတော်တပါးနဲ့ တိုးမိပါတယ်။ အဲဒီအခါ အမျက်ထွက်ပြီး "ငါတော့ ဒီရဟန်းယုတ်နဲ့မှ လာတိုးနေရတယ်။ ဒီနေ့ ဘာမှ ရှာလို့ဖွေလို့ရတော့မှာ မဟုတ်ဘူး" လို့ စိတ်ထဲကကျိတ်ပြီး ရေရွတ်ကာ ဆက်လက် ထွက်ခွာသွားပါတယ်။

www.dhammaransi.com



သူထင်တဲ့အတိုင်းပါပဲ။ တောထဲမှာ ဘာသားကောင်မှ ရှာမရဘူး၊ စိတ်ပျက်ပျက်နဲ့ ပြန်လာတဲ့အခါ နံနက်ပိုင်းစောစောက တွေ့ခဲ့တဲ့ ရဟန်းတော်နဲ့ လမ်းပေါ်မှာ ထပ်တိုးမိနေပြန်ပါတယ်။

အဲဒီအခါ "ဒီရဟန်းယုတ်ကြောင့် ငါ သားကောင်ရှာမရတာပဲ"လို့ ကြိမ်းဝါးပြီး ရဟန်းတော်ကို ခွေးတွေနဲ့ရှူးတိုက်ပါတယ်။ ရဟန်းတော်က ဒီလိုမလုပ်ဖို့ တောင်းပန်ရှာပါတယ်။ မုဆိုးက နားမထောင်ပဲ ရဟန်းတော်ကို ခွေးတွေနဲ့ အတင်းရှူးတိုက်တယ်။

ရဟန်းတော်ခမြာ ကြောက်ကြောက်လန့်လန့်နဲ့ နီးရာ သစ်ပင်တပင်ပေါ် တက်ပြေးပြီး လူဘရပ်လောက်အမြင့်မှာ ခိုကပ်နေရှာပါတယ်။ ခွေးတွေဟာ ရဟန်းတော်ကိုမမီတာနဲ့ သစ်ပင်ကို ဝိုင်းထားပြီး ဟောင်နေကြတယ်။

အဲဒီအခါ မုဆိုးယုတ်က "အံမာ....ဒီလို သစ်ပင်ပေါ်တက်ပြေးလို့ လွတ်ရိုးလား"ဆိုပြီး ရဟန်းတော်ရဲ့ခြေဖဝါးကို မြားနဲ့ လှမ်းထိုးတယ်။ ရဟန်းတော်ခမြာ နာရှာလွန်းလို့ အထိုးခံရတဲ့ ခြေကို မြှောက်ထားယင် မုဆိုးက ကျန်ခြေဖဝါးကို မြားနဲ့လှမ်းထိုးတယ်။ တဘက်ကို မြှောက်ထားယင် ကျန်တဘက်ကို ပြောင်းထိုးတယ်။

---

[၁၉] တော ဘုမုဆိုးနှင့်ခွေးဆိုးများက သစ်ပင်ပေါ်တွင် ကြောက်ရွံ့စွာ တက်ရောက် ခိုကပ်နေရှာသော ရဟန်းအား မြှော်ကျလှမ်း၍ဝိုင်းစက်နေကြပုံ။

www.dhammaransi.com



အောက်ကခွေးတွေကလည်း စားတော့ ဝါးတော့မလို ဟောင်တဲ့ကောင်က ဟောင်၊ သစ်ပင်ပေါ် ကုတ်တက်ဖို့ ကြိုးစားတဲ့ခွေးက ကြိုးစားနဲ့ ဆူပွက်ပြီး ကြောက်မက်ဖွယ်ဖြစ်နေတယ်။ ရဟန်းတော်ခမျာ နာလည်းနာ၊ ကြောက်လည်းကြောက်နဲ့ တကိုယ်လုံး မီးမြှိုက်ခံရသလို ပူလောင်ပြီး တဆတ်ဆတ်တုန်နေပါတယ်။ နောက်ဆုံးမှာ ရုံထားတဲ့သင်္ကန်းကွာကျတာတောင် ကျမှန်းမသိအောင် ဖြစ်ရရှာပါတယ်။

အဲဒီ လျှောကျသွားတဲ့သင်္ကန်းဟာ သစ်ပင်အောက်ကမုဆိုးပေါ် ပုံကျပြီး မုဆိုးတကိုယ်လုံးကို ဖုံးအုပ်မိရက်သား ဖြစ်သွားတယ်။

အဲဒီအခါ သူ့ရဲ့ခွေးတွေက သစ်ပင်ပေါ်က ရဟန်းတော် ကျလာတယ်ထင်ပြီး သင်္ကန်းထဲ အဘင်းတိုးဝင်ကာ ကောကမုဆိုးကို ဝိုင်းကိုက်သတ်ကြတယ်။ အသားတွေကုန်ပြီး အရိုးလောက်သာ ကျန်တဲ့အထိ ကိုက်ဖဲ့စားသောက် ပစ်ကြတယ်တဲ့။

အဲဒီနောက်မှာ သစ်ပင်ပေါ်က ရဟန်းတော်က သစ်ကိုင်းခြောက်တခုကိုချိုးယူပြီး ခွေးတွေကို သစ်ကိုင်းခြောက်နဲ့ ခြောက်လှန့် ပစ်ပေါက်ပါတယ်။ ဒီတော့မှ ခွေးတွေလဲ သူတို့သခင်ကို မှားပြီး ကိုက်သတ်စားမိကြောင်း သိတာနဲ့ တောထဲကို ဝင်ပြေးကြပါသတဲ့။

အဲဒီ ရဟန်းတော်ဟာ မိမိသင်္ကန်းအတွင်းမှာ ကောကမုဆိုး ခွေးစားခံရပြီးသေသွားတာဖြစ်လို့ မိမိမှာ အပြစ်ရှိ မရှိ ဝေခွဲမရ ဖြစ်နေပါတယ်။ ဒါနဲ့ မြတ်စွာဘုရားထံ သွားပြီး အဖြစ်အပျက်ကို လျှောက်ထားပါတယ်။

www.dhammaransi.com



မြတ်စွာဘုရားက"သင့်မှာ ဘာအပြစ်မှမရှိပေ၊ ကောကမုဆိုးဟာ သူ့ရဲ့ အကုသိုလ်ကံစီမံတဲ့ အတိုင်း မကောင်းကျိုးခံစားသွားရခြင်းသာ ဖြစ်တယ်။ ဒီကောကမုဆိုးဟာ အတိတ်ဘဝကလဲ ဒီလို မကောင်းကျိုးမျိုးကို ခံစားခဲ့ရဖူးပြီ" လို့ မြတ်စွာဘုရားက ကောကရဲ့ အတိတ် ဇာတ်ကြောင်းကို ထပ်လောင်း ဟောကြားတော်မူပါတယ်။

အတိတ်ဘဝတခုမှာ ကောကအလောင်းဟာ ဆေးသမားတဦး ဖြစ်ခဲ့ဖူးပါတယ်။ သူဟာ တနေ့ မှာ ရွာတရွာကိုဝင်ပြီးဆေးကုဖို့ လူနာရှာပေမယ့် ဆေးမကုရတဲ့အခါ ရွာအပြင် ထွက်လာပါတယ်။ ရွာတံခါးဝမှာ ကလေးတွေဆော့ကစားနေကြတာ တွေ့ရတယ်။ အဲဒီနားက သစ်ပင်ခုကြား တခုမှာ ခေါင်းထုက်ပြီး အိပ်နေတဲ့မြွေတကောင်ကိုလည်း သူတွေ့ရတယ်။ အဲဒီအခါ ကလေးတွေကို မြွေကိုက်ခံရအောင်လုပ်ပြီး ဆေးဝါးကုသဖို့ ယုတ်မာတဲ့အကြံ ရလာတယ်။

ဒါကြောင့် သူငယ်တယောက်ကိုခေါ်ပြီး "သစ်ပင်ခွကြားမှာ သာလိကာငှက်ကောင် အိပ် နေတယ်၊ တက်ဖမ်းပါ" လို့ လိမ်လည်တိုက်တွန်းတယ်။ ကလေးငယ်က အဟုတ်ထင်ပြီး သစ်ပင်ပေါ် တက်ကာ မြွေကိုသာလိကာထင်ပြီး ဆုပ်ဖမ်းပါတယ်။ သူငယ်ဟာ မြွေလည်ပင်းကိုဆုပ်ကိုင်မိပြီး မြွေမှန်း သိတာနဲ့ မလွှတ်ပဲ မြဲမြဲကိုင်ထားပြီး အောက်က ဆေးသမားခေါင်းပေါ်သို့ ပစ်ချလိုက်တယ်။

အဲဒီမြွေဟာ ဆေးသမားရဲ့ပခုံးရိုးကိုကိုယ်လုံးဖြင့်ပတ်ကာ မိမိရရကိုက်လိုက်ပါတယ်၊ ဒါကြောင့် ကောကအလောင်း ဆေးသမားဟာ နေရာတွင် ပွဲချင်းပြီး သေဆုံးသွားတယ်တဲ့။

www.dhammaransi.com



မြတ်စွာဘုရားဟာ ကောကမုဆိုးရဲ့ အတိတ်ဘဝကအဖြစ်အပျက်နှင့် ယခုဘဝ အဖြစ်အပျက်ကို ပြန်လည်ဆက်စပ်ကာ "သူတပါးကိုပြစ်မှားသူ့ညှဉ်းပန်းနှိပ်စက်သူများဟာ ဒီဘဝမှာလည်း မကောင်းကျိုးခံစားရတတ်တယ်၊ သေပြီးနောက်မှာလည်း အကုသိုလ်ကံစီမံတဲ့အတိုင်း အပါယ်ငရဲကျရတယ်" လို့ နိဂုံးချုပ် ဟောကြားတော်မူပါတယ်။

## လူဖြစ်ပြန်လဲ ရောဂါစွဲ

သူတပါးကိုညှဉ်းပန်းသူများ သေပြီးလို့ လူပြန်ဖြစ်ယင် အနာရောဂါ စွဲတတ်တယ်ဆိုတာနဲ့ ပတ်သက်တဲ့ ဝတ္ထုကြောင်းလေးဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်မှာ မဟာပါလအမည်ရှိတဲ့သူကြွယ်ဟာ မြတ်စွာဘုရားရဲ့တရားတော်ကို နာကြားရတာနဲ့ သံဝေဂရကာ ရှိပစ္စည်းတွေကို ညီဖြစ်သူ စူဠပါလအား လွှဲအပ်ပေးကာပြီး ရဟန်းပြုသွားပါတယ်။

သူဟာ ဥပဇ္ဈာယ်ဆရာသမားများထံမှာ ၅-ဝ ါမျှနေထိုင်ပါတယ်။ ကြီးမှ ရဟန်းပြုလာသူ ဖြစ်လို့ စာပေကျမ်းဂန် သင်အံမှုမပြုတော့ပဲ ဝိပဿနာတရားသာ ကြိုးစားအားထုတ်တော့မယ် ဖြစ်ကြောင်း မြတ်စွာဘုရားအား လျှောက်ထားပြီး ကမ္မဋ္ဌာန်းတောင်းပါတယ်။

[၂၀] ကလေးငယ်ငယ်ရှိ်လ်ရက်သေခြကြကာ ကောကအလောင်း ဆေးသမားအား ရှစ်ငတ်၍ဆိုက်ကိခဲ့နေပုံ။

www.dhammaransi.com



www.dhammaransi.com



အဲဒီနောက် မိမိနှင့်အတူ လိုက်မည့် ရဟန်းတော် ၆၀-ကို ခေါ်ဆောင်ပြီး သာဝတ္ထိပြည်မှ ယူဇနာ ၁၂၀ ခန့် ဝေးကွာတဲ့ပစ္စန္တရစ်ရွာတစ်ရွာသို့ ကြွသွားပါတယ်။ ရွာသူရွာသားတွေက ရဟန်းတော်များကို ကြည်ညိုတာနဲ့ ပစ္စည်း ၄ ပါး လှူဒါန်းကြတယ်။ သူတို့ရွာမှာပဲ ဝါကပ်ဖို့တောင်းပန် လျှောက်ထားကြပါတယ်။

မဟာပါလမထေရ်နှင့်တကွ ရဟန်းတော် ၆၀ တို့ဟာ အဲဒီရွာမှာ ဝါကပ်ပြီး ရဟန်းတရားပွား များ အားထုတ်ကြပါတယ်။ မဟာပါလဟာ အခြားရဟန်းတော်များကို "ငါ့ရှင်တို့၊ငါတို့ဟာ မြတ်စွာ ဘုရားထံမှာ ကမ္မဋ္ဌာန်းတောင်းလာသူတွေ ဖြစ်ကြတယ်၊ မမေ့မလျော့အားထုတ်ကြ" လို့ တိုက်တွန်း ပြောကြားတယ်။

သူကိုယ်တိုင်လဲ ဝိပဿနာတရားကို အပြင်းအထန် မအိပ်မနေ ကြိုးစားအားထုတ်ပါတယ်။ ဒီလို အားထုတ်လို့ တလကြာပြီး နောက်တလအရောက်မှာ မဟာပါလထေရ်ဟာ မျက်စိရောဂါရလာပါ တယ်။ မျက်ချည်ပူတွေကျပြီး မကြည့်နိုင်အောင် ဖြစ်လာတယ်။ ဒါပေမယ့် မလျှော့ပဲ တရားကိုသာ ဆက်လက်အားထုတ်တယ်တဲ့။

မဟာပါလထေရ် မျက်စိရောဂါရတာကို ရွာရှိ ဆေးသမားသိသွားတဲ့အခါ ဆေးဖော်ပေးပြီး ပေးပါတယ်။ သူ့ဆေးက လှဲအိပ်ပြီး နှာခေါင်းထဲလောင်းထည့်ရမယ့်ဆေး ဖြစ်တယ်။ ဒါပေမယ့် မထေရ်ဟာ ထိုင်လျက်သာ ဆေးကိုနှာခေါင်းထဲလောင်းထည့်ပြီး ရှူပါတယ်။ မအိပ်မလှဲပဲတရားအား ထုတ်မယ်ဆိုတဲ့ အဓိဋ္ဌာန် ပျက်မှာစိုးလို့နဲ့တူပါတယ်။

www.dhammaransi.com



ဆေးဆရာက ဆေးကို အိပ်ပြီးချူဖို့ အဘန်တန် တောင်းပန်ပြောကြားတာတောင် လက်သင့်မခံဘူး။ ''မဟာပါလ၊ သင့်မျက်စိ ကန်းချင်ကန်းသွားပါစေ၊ အားထုတ်ခဲ့တဲ့ ရဟန်းတရားကိုသာ ဆက်အားထုတ်ပါ၊ နောက်မဆုတ်နဲ့''လို့ သူ့ကိုယ်သူ ဆုံးမအားပေးပြီး တရားကိုသာ မအိပ်မနေ အားထုတ်ပါသတဲ့။

ဒီလိုနဲ့ အားထုတ်လာလိုက်တာ တည သန်းကောင်ယံ အလွန်လောက်မှာ မျက်စိလဲ ကန်း၊ ရဟန္တာလဲ ဖြစ်သွားပါတယ်။

မဟာပါလထေရ်မျက်စိကန်းရတာဟာ ရဟန်းတရားကို မအိပ်မနေ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်လို့ဟု ထင်စရာ ဖြစ်နေပါတယ်။ ဒါပေမယ့် ဟုတ်တော့မဟုတ်ပါဘူး။ အတိတ်ဘဝက သူကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံရဲ့ခြယ်လှယ်မှုကို ခံရခြင်းသာဖြစ်ပါတယ်။

သူဟာ အတိတ်ဘဝတခုမှာ ဆေးသမားတဦး ဖြစ်ခဲ့ဖူးပါတယ်။ တနေ့မှာ မျက်စိရောဂါရှင် အမျိုးသမီးတဦးကို တွေ့ရပါတယ်။ ဒါဒီအမျိုးသမီးက သူ့မျက်စိရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ယင် သားသမီးများနှင့်အတူ သူပါ ဆေးဆရာထံ ကျွန်ခံပါ့မယ်လို့ ပြောပါတယ်။

ဒါနဲ့ မဟာပါလအလောင်း ဆေးဆရာဟာ အဲဒီ မျက်စိဝေဒနာရှင် အမျိုးသမီးကို ဆေးကုပေးပါတယ်။ မျက်စဉ်းတခါမျှ ခတ်ပေးလိုက်ရုံနဲ့ အဲဒီအမျိုးသမီးရဲ့ မျက်စိရောဂါ ပျောက်ကင်းသွားပါတယ်။

www.dhammaransi.com



ဒါပေမယ့် အမျိုးသမီးက ပြောထားတဲ့ ကတိအတိုင်း ကျွန်ခံရမှာစိုးတာနဲ့ မျက်စိရောဂါ မသက်သာဘူးလို့ လိမ်ပြောပါတယ်။ မဟာပါလအလောင်းဟာ အမျိုးသမီးက ဆေးဖိုးဝါးပေး ရမှာစိုးတာနဲ့ လိမ်ပြောမှန်း သိပါတယ်။

ဒါကြောင့် သူဟာ မျက်စိကန်းစေတတ်တဲ့ဆေးကို ဖော်စပ်ပေးပြီး အဲဒီ အမျိုးသမီးကို ထပ်မံ ခတ်ခိုင်းပါတယ်။ အမျိုးသမီးဟာနောက်ဆေးကိုခတ်လိုက်ရတာနဲ့မျက်စိလုံးလုံးကန်းသွားရှာတယ်တဲ့။

အဲဒီ ဆေးဆရာဘဝက ကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံကြောင့် မဟာပါလမထေရ်ဟာ ရဟန္တာ လာဖြစ်တဲ့အခါမှာတောင် မကောင်းကျိုးခံစားသွားရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် သူတပါးကိုညှဉ်းပန်းနှိပ်စက်သူများဟာ လူပြန်ဖြစ်ယင် အနာရောဂါစွဲတတ်တယ် ဆိုတဲ့ ဘုရားဟောစကားကို တထစ်ချ မှတ်သားပြီး အဲဒီ အကုသိုလ်ကံမျိုး မကျူးလွန်မိအောင် ရှောင်ကြဉ်သင့်ကြပါတယ်။

## မညှဉ်းဆဲလျှင် ရောဂါစင်

သတ္တဝါတွေကို မညှဉ်းဆဲသူများ လူပြန်ဖြစ်တဲ့အခါ အနာရောဂါ ကင်းရှင်းကြတယ်တဲ့။

အလောင်းတော်သိဒ္ဓတ္ထမင်းသားရဲ့ယောကျ်ားမြတ်လက္ခဏာ ၃၂-ပါးထဲမှာ "နှမ်းတလုံးစာမျှ **အစားအစာကို လျှာပေါ်တင်လိုက်ရုံနဲ့ တကိုယ်လုံး အရသာပျံ့နှံ့သွားအောင် ဆောင်နိုင်တဲ့ အရသာ**

www.dhammaransi.com



ကြောတွေဟာ အလောင်းတော်ရဲ့လည်တိုင်မှာ ပေါင်းဆုံတည်ရှိခြင်း''ဆိုတဲ့ လက္ခဏာလည်း တပါး အပါအဝင် ဖြစ်ပါတယ်။

ဒီ လက္ခဏာရှင်မျိုးဟာ လူအဖြစ်နေယင် စကြဝတေးမင်း၊ ရဟန်းပြုယင်ဘုရားဖြစ်နိုင်တယ်။အစာကို ညီညီမျှမျှ ကြေစေနိုင်တဲ့ဝမ်းမီးနဲ့ပြည့်စုံတယ်၊ အနာရောဂါကင်းတယ်တဲ့။

ဒီလို''အနာရောဂါကင်းခြင်း''ဆိုတဲ့ အကျိုးတရားမျိုးကို အကြောင်းမဲ့သက်သက်ရတာတော့ မဟုတ်ဘူး။ ရှေးရှေးဘဝကြီးငယ်တွေမှာ သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ခဲ့တဲ့ ကုသိုလ်ကံကြောင့် ရရှိခြင်းသာ ဖြစ်ပါတယ်။

ကဲ....ဒုတိယ အမေးအဖြေနဲ့ ပတ်သက်လို့တော့ တော်လောက်ပါပြီ။ ဒါနဲ့ဆိုင်တဲ့ ဆောင်ပုဒ် ကဗျာလေးတွေ ဆိုကြဦးစို့။

မေး။ ။အချို့လူတွေ ရောဂါများလို့၊ အချို့လူကား နည်းလှတယ်။
ဒီလိုဖြစ်တာ ဘာ့ကြောင့်လဲလို့၊ ကွဲကွဲပြားပြား သိချင်တယ်။
ဖြေ။ ။ညှဉ်းပန်းတက်သူ သေယင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ရောဂါစွဲလို့၊ ဆေးကုသော်လဲ ပျောက်ခဲတယ်။
မညှဉ်းဆဲသူ သေယင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ရောဂါနည်းလို့၊ ယာယီနာပဲ ဖြစ်တတ်တယ်။
မှတ်ကွယ်....မှတ်ကွယ်။

www.dhammaransi.com

## တတိယ မေး ၊ ဖြေ စကားပြေ

မြတ်စွာဘုရား....အချို့လူတွေဟာ ရုပ်အဆင်းမလှကြပါ၊ အချို့လူတွေကျတော့ ရုပ်အဆင်း လှကြပါတယ်။ လူချင်းတူပါလျက် ဒီလို"ရုပ်အဆင်း လှ-မလှ"ကွဲပြားခြားနားရတာ ဘာ့ကြောင့်ပါလဲ။

သုဘပုဏ္ဏား....ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အချို့လူတွေဟာ အမျက်ဒေါသထွက်တတ်တယ်။ ပြင်းစွာ ပင်ပန်းခြင်းများတယ်။ နည်းနည်းပါးပါး မနှစ်သက်ဖွယ်စကား အပြောခံရရုံနဲ့လဲ အလွန်စွဲမြဲငြိုးကပ် အမျက်ထွက်တတ်တယ်။

ဒီလို အမျက်ဒေါသကြီးတာဟာ မှားယွင်းတဲ့ကံပဲ။ ဒီလို လူမျိုးသေယင် ချမ်းသာကင်းရာ၊ မကောင်းတဲ့လားရာ၊ ဖရိဖရဲကျရာ ငရဲရွာသို့ ရောက်ရတတ်တယ်။

တကယ်လို့ ငရဲမကျပဲ လူပြန်ဖြစ်ယင်လဲ အရုပ်ဆိုးတတ်တယ်။ ဒီလိုအမျက်ဒေါသကြီးတာဟာ အရုပ်ဆိုးစေတတ်တဲ့ အကျင့်ပင် ဖြစ်ပါတယ်။

www.dhammaransi.com



သုဘာပုဏ္ဏား....ယောကျာ်းပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အချို့လူတွေဟာ အမျက်ဒေါသထွက်လေ့မရှိဘူး။ ပြုံးစွာပင်ပန်းခြင်းလည်း များလေ့မရှိဘူး။ မနှစ်သက်ဖွယ်စကားကို များများအပြောခံရပေမယ့် စွဲစွဲမြဲမြဲ မငြိုကပ် အမျက်မထွက်တတ်ဘူး။

ဒီလို ဒေါသမကြီးသူဟာ သေယင် နတ်ပြည်နတ်ရွာ ရောက်ရတယ်။

တကယ်လို့ နတ်ပြည်မရောက်တာတောင် လူပြန်ဖြစ်ယင် ရုပ်ရည်အဆင်းလှပတယ်။ အမျက်မထွက်တာဟာ ရုပ်အဆင်းလှပစေကြောင်း အကျင့်ကောင်းပင် ဖြစ်တယ်။

အခု ဖော်ပြခဲ့တာကတော့ တတိယအမေးအဖြေ ဆိုလိုချက် စကားပြေပါပဲ။

## ဒေါသကြီးက ရေ်ကျ

အမျက်ဒေါသကြီးတဲ့သူများ သေယင် အပါယ်ငရဲ ကျတတ်တယ် ဆိုတာနဲ့ ပတ်သက်တဲ့ ဝတ္ထုကြောင်း ဆက်ကြဦးစို့။

ရှေးအခါက ဗာရာဏသီပြည် ကလာဗုမင်းလက်ထက်မှာ ဘုရားအလောင်းဟာ ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာတဲ့ ပုဏ္ဏားသဌေးမျိုး၌ ဖြစ်တယ်တဲ့။ 'အရွယ်ရောက်တော့ တက္ကသိုလ်ပြည်သွားပြီး ပညာသင်ယူတယ်။ ပညာတတ်မြောက်လို့ ပြန်ရောက်တဲ့အခါ ဥစ္စာစီးပွားရှာဖွေတယ်တဲ့။

ဘုရားအလောင်းဟာ မိဘများသေဆုံးတဲ့အခါ ပစ္စည်းအားလုံးကို စွန့်လှူပြီး ဟိမဝန္တာတောမှာ ရသေ့ရဟန်းလုပ်နေတယ်။ တောထဲမှာသစ်သီးကြီးငယ်သာစားသုံးပြီးအချိန်ကြာမြင့်စွာနေခဲ့ပါတယ်။

www.dhammaransi.com



ဒီလိုနဲ့ကြာလာတော့ သူဟာ "ချဉ်ဆား" စားလိုတဲ့စိတ် ဖြစ်ပေါ်လာတယ်။ တောထဲမှာ ချဉ်တဲ့အသီးအရွက် ရနိုင်ပေမယ့် ဆားတော့ ရနိုင်မယ် မဟုတ်ဘူးပေါ့။

ဒါနဲ့ ဘုရားအလောင်းလည်း တောထဲမှ မြို့ဘက်သို့ ခရီးထွက်ခဲ့တယ်။ မြို့ရောက်တော့ မင်းဥယျာဉ်မှာ တည်းနေတယ်။ နောက်နေ့မနက်ကျတော့ ဆွမ်းခံလှည့်လည်ယင်း စစ်သူကြီးရဲ့အိမ်ရှေ့ ရောက်လာပါတယ်။

စစ်သူကြီးဟာ ရှင်ရသေ့ရဲ့သွားလာလှုပ်ရှားမှု သိမ်မွေ့တည်ငြိမ်ပုံကို အလွန်ကြည်ညိုသွားတယ်။ ဒါနဲ့ အလောင်းတော်ရသေ့ကို အိမ်ပေါ်ပင့်တင်၊ ကိုယ်တိုင်ဆွမ်းကပ်လှူပြီး မင်းဥယျာဉ်မှာ ဆက်လက် သီတင်းသုံးစေပါတယ်။

တနေ့မှာ ကလာဗုမင်းဟာ အရက်သေစာသောက်စားပြီး အခြွေအရံ အမျိုးသမီးများနဲ့အတူ ဥယျာဉ်ကစား ထွက်ပါတယ်။

ဥယျာဉ်တော်ရောက်တော့ မင်္ဂလာကျောက်ဖျာပေါ်မှာ နေရာခင်းစေပြီး အချစ်ဆုံး အမျိုးသမီးရဲ့ရင်ခွင်ထက်မှာ အိပ်စက်တယ်။ သူ့အနားမှာလည်း အမျိုးသမီးတွေက ဝန်းရံပြီး သီချင်းဆိုကြ၊ တီးမှုတ်ကြနဲ့ သူအိပ်ပျော်သွားတဲ့အထိ ဖျော်ဖြေကြရတယ်။

ဘုရင်အိပ်ပျော်သွားတဲ့အခါ အဲဒီဖျော်ဖြေသူအမျိုးသမီးတွေဟာ စောင်းငြင်းစတဲ့ တူရိယာ တွေကို ချထားခဲ့ပြီး ဥယျာဉ်ထဲ လျှောက်လည်ကြတယ်။ သစ်သီးဆွတ်သူဆွတ်၊ ပန်းခူးသူ ခူးနဲ့ မွေ့ချင်တိုင်း မွေ့နေကြတာပေါ့။

www.dhammaransi.com



သူတို့ဟာ ပင်လုံးကျွတ်ပွင့်နေတဲ့ ပန်းပင်တပင်အောက်မှာ ငြိမ်သက်စွာထိုင်နေတဲ့ ဘုရားအလောင်းရသေ့ကို မမျှော်လင့်ပဲ သွားတွေ့ကြတဲ့အခါ အနားသွားရှိခိုးပြီး တရားနာကြတယ်တဲ့။

အဲဒီအချိန်မှာပဲ ရှင်ဘုရင်ကိုပွေ့ပိုက်ထားရတဲ့အမျိုးသမီးက လှုပ်ရှားလိုက်တာနဲ့ ကလာဗုမင်းလည်း အိပ်ရာမှနိုးလာပါတယ်။ သူ့အနားမှာ ဖျော်ဖြေသူအမျိုးသမီးတွေ မတွေ့တဲ့အခါ ဒေါသထွက်ပြီး "ဒီမိန်းမယုတ်တွေ ဘယ်ရောက်ကုန်သလဲ" လို့ မေးပါတယ်။

ရသေ့ထံမှာ တရားသွားနာနေကြောင်း သိရတဲ့အခါ ဘုရင်ဟာ ဒေါသမိုင်းဗုံးဝုန်းကနဲကွဲထွက်သွားတယ်။ ချက်ချင်းကုန်းထ၊ သံလျက်ဆွဲယူပြီး "ဒီရသေ့ယုတ်တော့ မှတ်လောက်သားလောက်အောင် လုပ်လိုက်ဦးမှ" လို့ ကြိမ်းမောင်းပြီး ဘုရားအလောင်းရှိရာသို့ ဒေါနဲ့မောနဲ့သွားတယ်။

သူတို့ဘုရင် ဒေါသအိုးကွဲလာတာကိုမြင်ရတဲ့ အကြောင်းသိ အချော့ကောင်း အမျိုးသမီးတွေက ပြေးသွားဆီးကြိုပြီး သံလျက်ကို ချော့မော့ သိမ်းယူလိုက်ကြပါတယ်။

ဒါပေမယ့် ဒေါသကြီးတဲ့ဘုရင်ဟာ ဘုရားအလောင်းထံသွားပြီး "ဟေ့ ရသေ့၊ သင်ဟာ ဘာအယူဝါဒရှိသလဲ" လို့ ငေါက်ငမ်းမေးမြန်းတယ်။ ဘုရားအလောင်းက "သည်းခံတဲ့၊ အမျက်မထွက်တဲ့ ခန္တီဝါဒရှိတယ်" လို့ ဖြေပါတယ်။

အဲဒီအခါ အစိစိမှာ ချိုးကပ်မည့်ဒေါသအိုးဘုရင်မိုက်ဟာ သူ့လက်သုံးဇတော် လူသတ်မှူးကို ခေါ်လိုက်ပါတယ်။ လူသတ်မှူးရောက်တဲ့အခါ "ဒီရသေ့ယုတ် ရဲ့သည်းခံစိတ်ကို မြေပေါ်တွန်းလှဲပစ်၊ ဆူးပါ

www.dhammaransi.com



တဲ့ကြိမ်နဲ့ ကျောတစ်ထောင်၊ ရင်တစ်ထောင်ရိုက်စမ်း” လို့ ရိုင်းရိုင်းစိုင်းစိုင်း အမိန့်ပေးပါတယ်။ လူသတ်မှူးလည်း အမိန့်အတိုင်း ပြုရတော့တာပေါ့။

ဘုရားအလောင်းဟာ အချက်နှစ်ထောင်တိတိ အရိုက်အနှက်ခံရပေမယ့် ဒေါသအမျက် တစက်မှ မထွက်ဘူး။ ဒဏ်ရာဒဏ်ချက်ကတော့ ဘယ်သက်သာပါ့မလဲ။ အရေပါးအရေထူသာမက အသားတွေပါ ပေါက်ပြဲစုတ်ပြတ်ပြီး သွေးစိမ်းရှင်ရှင် စီးထွက်တဲ့အထိ မချိမဆန့်ခံရရှာပါတယ်။

ကလာဗုမင်းက “သင် ဘာဝါဒဂိသလဲ” လို့ ထပ်မေးပါတယ်။ ဘုရားအလောင်းကလဲ “သည်းခံတဲ့၊ အမျက်မထွက်တဲ့ ဝါဒရှိတယ်” လို့ ထပ်မံဖြေကြားတယ်။

အဲဒီအခါ ဒေါသစရိုက်ကြီးလတဲ့မင်းမိုက်ဟာ ဘုရားအလောင်းရဲ့ ခြေ၊ လက်၊ နား၊ နှာခေါင်းကိုကို အစဉ်အတိုင်း ဖြတ်စေတယ်။ ဖြတ်ပြီးတိုင်း ဖြတ်ပြီးတိုင်း ဘုရားအလောင်းကို “သင် ဘာဝါဒရှိသလဲ” လို့ ထပ်ဘပ်မေးတယ်။ မေးတိုင်းမေးတိုင်း ဘုရားအလောင်းကလည်း “သည်းခံတဲ့၊ အမျက်မထွက်တဲ့ဝါဒ ရှိတယ်” လို့ ထပ်ကာထပ်ကာ ဖြေတယ်။

ဒီလို ဘုရားအလောင်းက အမျက်မထွက်လေလေ၊ ဘုရင်ဆိုးက ဒေါသအိုး ကွဲလေလေပါပဲ။ ဒါကြောင့် နောက်ဆုံးမှာ ‘ဒီလောက်တောင်ရှိလှတဲ့ရသေ့စုတ်၊ နင့်ဝါဒယုတ်နဲ့နင်သေပေတော့” လို့ဆဲဆိုကြိမ်းမောင်းကာ ဘုရားအလောင်းရဲ့ရင်ဝကို ခြေထောက်နဲ့ဆောင့်ကန်တွန်းလှဲပြီး ထွက်သွားတယ်တဲ့။

[၂၁] ဘုရားအလောင်း ခန္တီဝါဒီရသေ့ကို ကလာဗုမင်းက ငေါက်ငမ်းမေးမြန်းနေပုံ။

www.dhammaransi.com



www.dhammaransi.com



ဘုရင်ယုတ်ထွက်သွားမှ စစ်သူကြီးရောက်လာပြီး ဘုရားအလောင်းကို ရှိရှိသေသေထူမပေးပြီး တောင်းပန်ရှာတယ်။ "ရှင်ဘုရင်ကိုသာအမျက်ထွက်ချင်ထွက်ပါ၊ ကျန်လူများကိုတော့ သည်းခံတော်မူပါ" လို့ လျှောက်ထားပါတယ်။

ဘုရားအလောင်းက ဘယ်သူ့ကိုမှ အမျက်မထွက်ကြောင်း၊ ဘုရင်ကိုလည်း အမျက်မထွက်ပဲ သည်းခံကြောင်းပြောဆိုပါတယ်။

ဒေါသစရိုက်ကြီးမားလှတဲ့ဘုရင်မိုက်ဟာ ဥယျာဉ်တံခါးဝသို့ဆိုက်ရောက်တယ်ဆိုယင်ပဲ အရှင်လတ်လတ် မြေမျိုခံရပြီး အဝီစိငရဲသို့ တိုက်ရိုက်ဆင်းသွားရတယ်တဲ့။ အလောင်းတော်ရသေ့လည်း အဲဒီနေ့မှာပဲ အနိစ္စရောက်သွားရရှာပါတယ်။

ဒီပုဏ္ဏားမှာ ဒေါသကြီးတဲ့ဘုရင်မိုက်ကြောင့် အပြစ်မရှိသူရသေ့ခမြာလည်း အကျိုးမဲ့ အသက်ဆုံးပါးသွားရရှာတယ်။ ဘုရင်ကိုယ်တိုင်လည်း ဘာအကျိုးအမြတ်မှမရပဲ အဝီစိငရဲမှာ ချိုးကပ်ရတာ သာ အဖတ်တင်ပါတယ်။

ဒါကြောင့် ဒေါသအမျက်မထွက်မိအောင်၊ ထွက်မိယင်လဲ ချက်ချင်းပြေပျောက်အောင် အားထုတ်သင့်ကြပါတယ်။

---

[၂၂] ဒေါသစရိုက်ကြီးသူ ကလာဗုမင်းမိုက် အရှင်လတ်လတ်မြေမျိုခံရပြီးအဝီစိငရဲထိဆိုက်ရောက်သွားပုံ။

www.dhammaransi.com



www.dhammaransi.com


## လူဖြစ်ပြန်လဲ ရုပ်ရည်မှဲ့

ဒေါသကြီးသူများသေလို့ လူပြန်ဖြစ်ယင် အရုပ်ဆိုးတတ်တယ်ဆိုတာနဲ့ပတ်သက်တဲ့ သာဓကဇတ္တုတော့ ခုအထိ မတွေ့မိသေးဘူး။

ဒါပေမယ့် လူတဦးတည်းကိုစူးစိုက်အကဲခတ်ကြည့်ယင် ဒေါသထွက်နေတဲ့အခါ သူ့ရဲ့ရုပ်အဆင်းက အကျည်းတန်ပြီး၊ ဒေါသအမျက်မထွက်တဲ့အခါ သူ့ရဲ့ရုပ်အဆင်းကကြည်ကြည်လင်လင်ရှိနေတာကို တွေ့နိုင်ပါတယ်။

ဒီလို လူတဦးတည်းမှာပင် ဒေါသဖြစ်တဲ့အခါ အရုပ်ဆိုးပြီး ဒေါသမဖြစ်တဲ့အခါ ရုပ်အဆင်းကြည်လင်တာကို မြင်ရသိရခြင်းအားဖြင့် "ဒေါသကြီးသူများ သေလို့ လူပြန်ဖြစ်ယင် အရုပ်ဆိုးတတ်တယ်"ဆိုတဲ့ ဘုရားဟောစကား မှန်ကန်ကြောင်း စာရှုသူ မှန်းဆသိနိုင်ကောင်းလောက်ပါပြီ။

## သိကြားမင်းလဲ ဒေါသနဲ့

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ နတ်စည်းစိမ်ကို အထင်ကြီးကြ လိုသားကြတာ များတယ်။ နတ်တွေကို အစိုးရတဲ့ သိကြားမင်းစည်းစိမ်ဆိုယင် ပိုပြီးတော့တောင် အထင်ကြီးကြ၊ လိုချင်ကြသေးတယ်။ သိကြားမင်းကိုတောင် ရိုးရိုးမခေါ်ပဲ"ဘိုးတော်"ဆိုတဲ့ ဘွဲ့တပ်ပြီး ဘိုးတော်သိကြားမင်းလို့ ချစ်စနိုး ခေါ်လေ့ရှိကြတယ်။

www.dhammaransi.com



အဲဒီ နှတ်တိုသနင်း သိကြားမင်း ဖြစ်စေနိုင်တဲ့တရားခုနစ်ပါးရှိပါတယ်။ အဲဒါကို "မိဖပြုစု၊ ကြီးသူ့ ကျိုးနွံ၊ နှုတ်သံ ညက်ညော၊ ကုန်းမချောတည့်၊ နှမြောမနှောင့်၊ သစ္စာစောင့်လျက်၊ အမျက်နည်းစွာ၊ ခုနစ်ဖြာသည်၊ မှန်စွာသိကြားဖြစ်ကြောင်းတည်း"လို့ ရှေးဆရာမြတ်တို့က လင်္ကာစီပြထားပါတယ်။

အဲဒီ သိကြားမင်းဖြစ်ကြောင်း တရားခုနစ်ပါးထဲမှာ "အမျက်ဒေါသနည်းခြင်း"ဆိုတာလည်း တပါးအပါအဝင်ဖြစ်ပါတယ်။ ကဲ....သိကြားမင်း ဒေါသနည်းခဲ့ပုံလေး အမြွက်မျှ ဆက်ကြဦးစို့။

သိကြားမင်းဟာ အယင်ဘဝက မဂဓတိုင်း မစလရွာမှာ မဃအမည်ဖြင့် လုလင်တဦးဖြစ်ခဲ့ဖူးတယ်။ သူဟာ ရွာအမှုလုပ်ရာ ဌာနသို့ သွားရောက်နေရာယူတဲ့အခါ မြေမှုန့်ကို ခြေဖျားဖြင့် ယက်ယပြီး သူရပ်တည်ရာ နေရာကို နှစ်သက်မွေ့လျော်ဖွယ်ဖြစ်အောင် ပြုလုပ်တယ်။ ပြောင်စင်သန့်ရှင်းညီညွတ်တဲ့နေရာမှာ ရပ်နေပါတယ်။

မကြာမီ ရွာသားတယောက်ရောက်လာပြီး မဃလုလင်ကိုတွန်းဖယ်ပစ်တယ်။ သူက မဃပြုပြင်ရှင်းလင်းထားတဲ့နေရာသန့်မှာ ဝင်ရပ်တယ်။ ဒါဟာ သက်သက် အနိုင်ကျင့်တဲ့သဘောပဲ။ ဒေါသလဲထွက်လောက်တယ်။

မဃလုလင်ဟာ သူရှင်းထားတဲ့နေရာအလုခံရပေမယ့် လုသူကို အမျက်မထွက်ပဲ နောက်တနေရာမှာ ပြောင်းရပ်တယ်။ အဲဒီ နေရာကိုလဲ နှစ်သက်ဖွယ်ဖြစ်အောင် ပြုလုပ်တယ်။ နောက် ရွာသားတယောက် ထပ်ရောက်လာတဲ့အခါ သူ့ကိုတွန်းဖယ်ပစ်ပြီး သူရှင်းထားတဲ့နေရာမှာ ဝင်ရပ်ပြန်တယ်။

www.dhammaransi.com



ဒီလိုချည်း အပြုလုပ်ခံရပေမယ့် မဃဟာ စိတ်မဆိုးတဲ့အပြင် ကောင်းတဲ့အကြံတခုကိုပင် ရလာတယ်။ "ဒီလူတွေဟာ ငါပြုပြင်ထားတဲ့၊ သန့်ရှင်းပြောင်စင် ညီညွတ်တဲ့နေရာမှာနေရလို့ စိတ်ချမ်းသာကြတယ်။ ဒါ ငါ့ကြောင့် သူတို့စိတ်ချမ်းသာရခြင်းပဲ။ ဒီလူတွေအတွက် သန့်ရှင်းပြောင်စင်တဲ့နေရာတခု ပြုလုပ်လှူဒါန်းမယ်"လို့ အကြံဖြစ်လာတယ်။

အဲဒီနောက် ရွာလယ်မှာ ကောက်နယ်တလင်းခန့်ရှိ မြေကွက်တခုကို လူအများ အပန်းဖြေနားနေဖို့ ရှင်းလင်းပြုပြင်တယ်။ ဆောင်းအခါမှာ လူအများမီးလှုံဖို့ မီးဖိုပေးတယ်။ သိကြားမင်းအလောင်းမဃဟာ မတရားနေရာ အလုံခံရတာတောင် ဒေါသမထွက်ပဲ ကုသိုလ်ပြုဖို့သာအကြံထွက်ပါသတဲ့။

ဒါကြောင့် အမျက်ဒေါသမထွက်တာ၊ မထွက်အောင် ထိန်းသိမ်းတာဟာလည်း နတ်ပြည်ရောက်ကြောင်း တရားကောင်းဖြစ်တယ်ဆိုတာ သတိပြု လိုက်နာကြဖို့ပါပဲ။

## လူဖြစ်ပြန်က အဆင်းလှ

အမျက်ဒေါသမထွက်သူဟာ လူပြန်ဖြစ်တဲ့အခါ ရုပ်အဆင်း လှပတယ်တဲ့။

အလောင်းတော် သိဒ္ဓတ္ထမင်းသားရဲ့ ယောကျ်ားမြတ်လက္ခဏာ ၃၂-ပါးထဲမှာ "သိင်္ဂနိက်ရွှေစင်လို ဝါဝင်းတဲ့ အသားအရေရှိခြင်း"လည်း တပါးအပါအဝင်ဖြစ်ပါတယ်။ ဒီလိုလက္ခဏာရှင်များဟာ လူအဖြစ်နေယင် စကြာမင်း၊ ရဟန်းပြုယင် သူရားဖြစ်နိုင်တယ်တဲ့။

www.dhammaransi.com


အလောင်းတော်ဟာ ရှေးရှေးဘဝကြီးငယ်တွေမှာ နူးညံ့တဲ့အဝတ်အထည်များ လှူခဲ့ဖူးတယ်။ ဒါ့အပြင် အထူးအားဖြင့် ဒေါသအမျက် အထွက်နည်းတယ်။ ဒေါသထွက်ယင်လဲ ချက်ချင်းပြေပျောက်အောင် အားထုတ်တယ်။ ရန်ငြိုးလဲ မထားတတ်ဘူးတဲ့။ အမျက်ဒေါသနည်းခဲ့ပုံကတော့ စောစောက ဖော်ပြခဲ့တဲ့ ခန္တိဝါဒီ ရှင်ရသေ့ဇာတ်ကြောင်းနဲ့ပဲ ရိပ်စားမိကောင်းပါပြီ။

ဒီလို အမျက်ဒေါသမပွား၊ ရန်ငြိုး မထားခဲ့လို့လဲ သိဒ္ဓတ္ထမင်းသား ဘဝမှာ ရွှေအဆင်းလို ဝါဝင်းတဲ့ အရေအဆင်းရှိပြီ သူမတူအောင် လှပရခြင်း ဖြစ်တယ်တဲ့။

ကဲ....တတိယ အမေးအဖြေနဲ့ပတ်သက်ပြီး ပြောလာလိုက်တာ စကားကြောအောင် တော်တော်ရှည်သွားပြီ။ အကျဉ်းချုပ် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုပြီး အဆုံးသတ်ကြဦးစို့။

မေး။ ။အချို့လူတွေ ရုပ်ရည်မလှလို့၊ အချို့လူက ချောလှတယ်။
ဒီလိုဖြစ်တာ ဘာ့ကြောင့်လဲလို့၊ ကွဲကွဲပြားပြား သိချင်တယ်။

ဖြေ။ ။ဒေါသကြီးသူ သေယင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် စိတ်ဆင်းရဲဖို့၊ ရုပ်အဆင်းလဲ ဆိုးတတ်တယ်။
ဒေါသနည်းသူ သေယင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ရုပ်ရည်သန့်လို့၊ လူချောလူခန့် ဖြစ်နိုင်တယ်။
မှတ်ကွယ်၊.... မှတ်ကွယ်။

www.dhammaransi.com

## စတုတ္ထ မေး ၊ ဖြေ စကားပြေ

မြတ်စွာဘုရား....အချို့လူတွေဟာ ဘုန်းကံ အခြံအရံ မရှိကြပါ။ အချို့ လူတွေကျတော့ ဘုန်းကံအခြံအရံ ရှိကြပါတယ်။ လူချင်းတူပါလျက် ဒီလို "ဘုန်းကံအခြံအရံ အနည်းအများ"ကွဲပြားရတာ ဘာ့ကြောင့်ပါလဲ။

သုဘပုဏ္ဏား....ဒီလောကမှာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အချို့လူတွေဟာ မနာလိုစိတ် ရှိကြတယ်။ သူတပါးလာဘ်လာဘ ပေါတာ၊ အရိုအသေခံရတာ၊ အပူဇော်ခံရတာကို မြင်ယင် ငြူစူတတ်တယ်။ ငြူစူတဲ့စိတ်နဲ့ ဆဲရေးပြစ်မှားတတ်တယ်။

ဒီ မနာလိုငြူစူတဲ့စိတ်ဟာ မကောင်းတဲ့ကံဖြစ်တယ်။ ဒီလို မနာလိုမရှုဆိတ်တဲ့စိတ်ထားရှိသူများ သေယင် ချမ်းသာကင်းရာ၊ မကောင်းတဲ့လားရာ၊ ဖရိုဖရဲကျရာ ငရဲရွာသို့ ရောက်ရတတ်တယ်။

တကယ်လို့ ငရဲမကျပဲ လူပြန်ဖြစ်တောင် အခြံအရံ ဘုန်းကံနည်းတတ်တယ်။ ဒီလို မနာလို မရှုဆိတ်တဲ့ စိတ်ထားဟာ အခြံအရံ ဘုန်းကံနည်းစေတတ်တဲ့ အကျင့်ပင်ဖြစ်တယ်။

www.dhammaransi.com



သုဘပုဏ္ဏား....ဒီလောကမှာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အချို့လူတွေဟာ ငြူစူတဲ့စိတ်၊ မနာလိုတဲ့စိတ် မရှိကြဘူး။ သူတပါးတို့ လာဘ်ရတာ၊ အရိုအသေပြုခံရတာ၊ အပူဇော်ခံရတာကိုမြင်ယင် မနာလို မရှုဆိတ်တဲ့စိတ်ထား မဖြစ်ပွားဘူး။

ဒီလို မနာလိုမရှုဆိတ်တဲ့စိတ်မျိုး မမွေးမြူတာဟာ ကောင်းတဲ့ကံ ဖြစ်တယ်။ ဒီလိုလူမျိုးသေယင် ကောင်းတဲ့လားရာ နတ်ပြည်နတ်ရွာသို့ ရောက်ရတတ်တယ်။

တကယ်လို့ နတ်ပြည်မရောက်တာတောင် လူပြန်ဖြစ်တဲ့အခါ ဘုန်းကံ အခြံအရံများတယ်။ ဒီလို မနာလိုမရှုဆိတ်တဲ့စိတ်မျိုး မမွေးမြူတာဟာ အခြံအရံ ဘုန်းကံများစေကြောင်း အကျင့်ကောင်းပင် ဖြစ်တယ်။

ယခု ဖော်ပြခဲ့တာတွေကတော့ စတုတ္ထ အမေး-အဖြေ ဆိုလိုချက် စကားပြေ ဖြစ်ပါတယ်။

## မနာလိုက အပါယ်ကျ

သူတပါး ချမ်းသာကြီးပွား ကောင်းစားတာကို မနာလိုတာဟာ မိမိအတွက် အလကား သက်သက် အကုသိုလ် ဖြစ်နေရခြင်းပါပဲ။ မနာလိုစိတ်နဲ့ သေယင် ဘာမှ အမြတ်မထွက်ပဲ အပါယ်ကျတာသာ အဖတ်တင်မယ်။

သာဝတ္ထိပြည်မှာ သူကြွယ်တဦး ရှိခဲ့ဖူးတယ်။ သူဟာ ကံ၊ ကံ၏ အကျိုးကို ယုံကြည်တယ်။ ရတနာသုံးပါးကိုလည်း ကိုးကွယ်ဆည်းကပ်တယ်။

www.dhammaransi.com



သူ့ဇနီး မတ္တာကတော့ အမျက်ဒေါသထွက်လွယ်တယ်။ မနာလိုဝန်တိုစိတ်ရှိတယ်။ ကံ၊ ကံရဲ့အကျိုးကိုလည်း မယုံကြည်၊ ရတနာသုံးပါးကိုလည်း မကိုးကွယ်ဘူးတဲ့။

မတ္တာဟာ သားသမီးမထွန်းကားတဲ့ အမြုံမ ဖြစ်တယ်။ ဒါကြောင့် သူကြွယ်ဟာ အမျိုးအနွယ် ပြတ်မှာစိုးတာနဲ့ စည်းစိမ်ဥစ္စာတူ "တိဿာ"အမည်ရှိတဲ့ အမျိုးသမီးကို ဒုတိယ ဇနီးအဖြစ်ထပ်ယူတယ်။

တိဿာဟာ သဘောထားနူးညံ့တယ်။ ကံ၊ ကံရဲ့အကျိုးကိုလည်း ယုံကြည်၊ ရတနာသုံးပါးကိုလည်း ကိုးကွယ်တယ်။ မကြာမီ "ဘူတ"အမည်ရှိတဲ့ သားကလေးတယောက်ကို ဖွားမြင်ပါတယ်။

သူကြွယ်ဟာ ဒုတိယဇနီးကိုပိုပြီး ချစ်တယ်။ သွားစရာ လာစရာရှိယင်လဲ ဒုတိယဇနီးကိုပဲခေါ်သွားတာများတယ်။ ဒါကြောင့်မတ္တာဟာ တိဿာတို့သားအမိအပေါ် တနေ့တခြား မနာလိုမရှုဆိတ်ဖြစ်လာတယ်တဲ့။

တခါနမှာ ရေမိုးချိုး၊ ခေါင်းလျှော်၊ အဝတ်သစ် အစားသစ် ဝတ်ပြီး ထိုင်နေတဲ့ တိဿာရဲ့ခေါင်းပေါ်ကို မတ္တာက မနာလိုစိတ်နဲ့ တမြက်ချေး အမှိုက်သရိုက်တွေ လောင်းချခဲ့တယ်။

တခါမှာလဲ သူကြွယ်နဲ့အတူ အပြင်သွားမည့် တိဿာရဲ့ အဝတ်ကောင်းတွေကို မနာလိုစိတ်နဲ့ ဝှက်ထားတယ်။ အလှပြင်စရာ အမွှေးနံ့သာစတဲ့ ပစ္စည်းတွေကိုလည်း မစင်တွင်းထဲ တိတ်တဆိတ်လွှင့်ပစ်တယ်။ ယားယံစေတတ်တဲ့ ခွေးလေးယားသီးတွေကို တောမှယူခဲ့ပြီး တိဿာရဲ့အိပ်ရာပေါ်မှာ မနာလိုစိတ်နဲ့ တိတ်တဆိတ် ကြဲဖြန့်ခဲ့ဖူးတယ်တဲ့။

www.dhammaransi.com



အဲဒီလို မနာလိုမရှုဆိတ်တဲ့စိတ်နဲ့ မတ္တာသေတဲ့အခါ ပြိတ္တာမ ဖြစ်သွားပါသတဲ့။ မတ္တာပြိတ္တာမ ဟာ (၁) တကိုယ်လုံး ဖုံမှုန့်တွေ အလိမ်းလိမ်းကပ်နေခြင်း၊ (၂) အဝတ် လုံးဝ မဝတ်ခြင်း၊ (၃) အပုပ်နံ့ တထောင်းထောင်းထွက်ခြင်း၊ (၄) တကိုယ်လုံး ယားနာစွဲခြင်း၊ (၅) အစားအစာ မစားရခြင်း ဆိုတဲ့ မကောင်းကျိုးတွေကို ခံစားရတယ်။

ဒီလိုဖြစ်ရတာကို သူကိုယ်တိုင်ကိုယ်ရောင်ပြပြီး တိဿာကို ဝန်ခံပြောကြားခဲ့ပါတယ်။ တိဿာက သနားတာနဲ့ မတ္တာအတွက် ကုသိုလ်ပြုအမျှပေးဝေဖို့ သူကြွယ်ကို ပြောကြားပေးပါတယ်။ သူကြွယ်က ကုသိုလ်ပြုပြီး အမျှအတန်းဝေလိုက်မှ မတ္တာခမြာ ပြိတ္တာဘဝက လွတ်မြောက်သွားပါသတဲ့။

အဲဒီ ပြိတ္တာမ ခံစားရတဲ့ မကောင်းကျိုး ငါးမျိုးအနက် အစာမစားရတာ တခုတည်းသာ ရှေးဘဝက မလှူခဲ့လို့ဖြစ်ပါတယ်။ ကျန်မကောင်းကျိုးလေးမျိုးကတော့ တိဿာအပေါ် မနာလို မရှုဆိတ်တဲ့စိတ်နဲ့ မကောင်းမှုပြုခဲ့လို့ချည်း ဖြစ်ပါတယ်တဲ့။

## အခြံအရံနည်းတာ သူ့ကြောင့်သာ

မနာလို မရှုဆိတ်တဲ့သဘောဟာ မိမိထက်ပိုပြီး ချမ်းသာသူ၊ ပိုပြီးကြီးပွားသူ၊ ပိုပြီး ကောင်းစားသူ၊ သာသူတွေကိုကြည့်ပြီး အလကားနေယင်း ထိုင်ယင်း ဖြစ်နေတဲ့ အကုသိုလ် (စေတသိက်) ပါပဲ။ ပါဠိလိုတော့ "ဣဿာ" လို့ခေါ်ပါတယ်။ ဒေါသနဲ့အတူ ဖြစ်ဖေါ်ဖြစ်ဘက်တရားလည်း ဖြစ်ပါတယ်။

www.dhammaransi.com



ဒါကြောင့် မနောလိုစိတ်သိပ်များလာယင် အပြောမှား၊ အဆိုမှား၊ အပြုမှားတွေ ပြောဆိုပြုလုပ်မိတဲ့ အထိ ဒေါသမီး ကူးစက်ကုန်တတ်တယ်။

"ကိုယ့်သက်သွားမှ သူ့လက်လာ" ဆိုသလို ကိုယ်က သူများကိုစေတနာထားမှသူများကလည်း ကိုယ့်အပေါ် စေတနာထားလေ့ရှိပါတယ်။ ဒါဟာလူ့သဘာဝပါပဲ။ ကိုယ်ကမှသူတပါးကို အလကား နေယင်း မနောလိုမရှုဆိတ်ဖြစ်နေယင် သူတပါးကလည်း ကိုယ့်ကို ခင်မင်ချင်၊ လေးစားချင်၊ ဝိုင်းဝန်း ခြံရံချင်မယ် မဟုတ်ဘူး။

ဒါကြောင့် ဒီလိုမနောလို မရှုဆိတ် စိတ်ထားရှိသူဟာ ဒီဘဝမှာတင် ကိုယ့်ကို ဝိုင်းဝန်းခြံရံမည့် အပေါင်းအသင်းကောင်း၊ မိတ်ဆွေသဟာကောင်း၊ တပည့်တပန်းကောင်းများများရဖို့မလွယ်ပါဘူး။

ဒါကိုကြည့်ရုံနဲ့ပဲ "မနောလိုသူများသေလို့ လူပြန်ဖြစ်ယင် ဘုန်းကံ အခြံအရံနည်းတတ်တယ်" ဆိုတဲ့ ဘုရားဟောစကား မှန်ကန်ကြောင်း စာရှုသူ မှန်းဆ သိနိုင်ကောင်းပါပြီ။

ဘုရင့်အလူ မနောလိုသူ

မနောလိုစိတ်ထား မွေးမြူသူများဟာ ဒီဘဝမှာတင် စည်းစိမ်ဂုဏ်သိရိ၊ အခြံအရံ ယုတ်လျော့ ရပုံလေး ဆက်ကြည့်ဦးပို့။

---

[၂၃] မနောလိုစိတ်နှင့် သေဆုံးသူ မဏ္ဍာ ပြိတ္တာမ ဖြစ်သွား၍။

www.dhammaransi.com



သိရိ-၇

www.dhammaransi.com



အခါတပါးမှာ မြတ်စွာဘုရားဟာ ရဟန်းတော် ၅၀၀နှင့်အတူ ခရီးဒေသစာရီ လှည့်လည်ရာမှ သာဝတ္ထိပြည်သို့ ပြန်လည်ဆိုက်ရောက်တော်မူလာပါတယ်။

အဲဒီအခါ မြို့သူမြို့သားများနှင့် ကောသလဘုရင်တို့ဟာ ဘုရားအမှူးရှိတဲ့သံဃာတော်များအား အာဂန္တုကဆွမ်းကို သူနိုင် ငါနိုင် အပြိုင်ပြုလုပ်လှူဒါန်းကြပါတယ်။ မြို့သူမြို့သားတွေက နိုင်လိုက်၊ ဘုရင်က ပြန်နိုင်လိုက်နဲ့ ဘတပြန်ကျားတပြန် ဖြစ်နေကြတယ်။ နောက်ဆုံး ဘုရင့်အလှည့်မှာ ပြည်သူပြည်သားတွေကို နိုင်အောင်ပြုလုပ်လှူဒါန်းဖို့ ဘုရင် မကြံနိုင်အောင် ဖြစ်နေပါတယ်။

ဒါကို အကြောင်းပြုပြီး မလ္လိကာမိဖုရားဟာ အသဒိသ အလှူပွဲကို စီမံပေးပါတယ်။ အသဒိသ အလှူဆိုတာ သူများလိုက်တုလို့ မရတဲ့ အလှူလို့ ဆိုလိုပါတယ်။ ဒီအလှူမျိုးဟာ ဘုရားတဆူ တဆူ လက်ထက်မှာ တကြိမ်သာ ပေါ်ပေါက်လေ့ရှိပါတယ်။

ရှေးဦးစွာ သံဃာတော် ၅၀၀ ထိုင်စရာ နံ့သာမဏ္ဍပ်ကြီးကို နန်းတော် မြေဝန်း အတွင်းမှာ ဆောက်လုပ်စေတယ်။ ထီးဖြူတော်အလက် ၅၀၀ ကို ပြုလုပ်စေတယ်။ မင်းသမီးအပျိုစင် ၅၀၀ နှင့် ဆင်အကောင် ၅၀၀ တို့ကို ရွေးချယ်ထားတယ်။ ရဟန်းတော် တပါးစီ တပါးစီအတွက် တနေရာစီ တနေရာစီ သီးသန့်နေရာ ပြင်ထားတယ်။

---

[၂၄] ဓကောသလမင်း၏ အသဒိသ အလှူပွဲမြင်ကွင်း တစိတ်တဒေသကို တွေ့မြင်ရပုံ။

www.dhammaransi.com



www.dhammaransi.com



အလှူပွဲနေ့မှာ ရဟန်းတော် တပါးစီတပါးစီရဲ့နောက်၌ ဆင်တကောင်စီ တကောင်စီက ထီးဖြူကို နှာမောင်းဖြင့်ကိုင်ပြီး ထီးဖြူဆောင်းမိုးပေးယင်း ဝပ်နေရပါတယ်။

ရဟန်းတော် ၂ ပါးကြား ၂ ပါးကြားမှာ အပျိုစင်မင်းသမီး ၂ ဦးစီ ၂ ဦးစီ ရှိသေစွာ နေရာယူရတယ်။ တဦးက နံ့သာသွေးရတယ်။ကျန်တဦးက ရဟန်းတော် ၂ ပါးကို ယပ်လေ ခပ်ပေးရတယ်။

မဏ္ဍပ်အလယ်မှာ ရွှေလှေတွေ (၈) စင်း (၉) စင်းလောက် ပြင်ထားတယ်။ အပျိုစင်မင်းသမီးအချို့က သွေးပြီးသား နံ့သာတွေကိုယူပြီး လှေတွေထဲ ထည့်ကြရတယ်။ အချို့မင်းသမီးအပျိုစင်များက လှေတွေထဲရှိ နံ့သာရေကို ကြာပန်းဖြင့် မွှေနှောက်ဖို့ယူပြီး မဏ္ဍပ်အတွင်းမှာ နေရာအနှံ့ လိုက်လံပက်ဖျန်းရတယ်။

အလှူမှဲလာ ဧည့်ပရိသတ်တွေက မဏ္ဍပ်အပြင်ဘက်ပတ်ပတ်လည်မှာ နေရာယူကြရတယ်။

ထီးဖြူကိုင် ဆင် ၅၀၀ အနက် အရှင်အင်္ဂုလိမာလကို ထီးဆောင်းပေးရတဲ့ ဆင်တကောင်သာ ဆင်ရိုင်းဖြစ်တယ်။ ကျန်ဆင်တွေကတော့ ဆင်ယဉ်တွေချည်းပဲတဲ့။

မထေရ်ကလဲ လူ့ဘဝတုန်းက လူကြမ်းလူဆိုး၊ ဆင်ကလဲ ဆင်ရိုင်းဆိုတော့ အလှူပွဲလာပရိသတ်ဟာ အရှင်အင်္ဂုလိမာလနှင့် ဆင်ရိုင်းကို ပုံပြီး စိတ်ဝင်စားကြတယ်။

မထေရ်ရဲ့တန်ခိုးစွမ်းကပဲ ဆင်ကိုလွှမ်းနိုင်မလား၊ ဆင်ရိုင်းကပဲ ထကြမ်းလိုက်လေမလားလို့ တွေးနေကြဟန် တူပါတယ်။ ဒါပေမယ့် မထေရ်ရဲ့တန်ခိုးစွမ်းကြောင့် ဆင်ရိုင်းဟာ ဆင်ယဉ်ထက်ပင်လိမ္မာပြီး နားရွက်တောင်မလှုပ်ပဲ ငြိမ်နေပါသတဲ့။

www.dhammaransi.com



မြို့သူမြို့သားတွေအနေနဲ့ ပစ္စည်းအရာမှာ ဘုရင့်ကိုနိုင်အောင် လှူနိုင်ပေမယ့် ဆင် ၅၀၀ နှင့် မင်းသမီးအပျိုစင် ၅၀၀ ကိုတော့ ဘယ်ရနိုင်ပါ့မလဲ။ ဒါကြောင့် ဒီအလှူပွဲမှာ မြို့သူမြို့သားတွေဟာ ကောသလဘုရင်ကို ပြန်မလှန်နိုင်၊ ပြန်မတုနိုင်အောင် ဖြစ်သွားပြီး အရှုံးပေးကြရပါတယ်။

ဒီ အသဒိသအလှူပွဲမှာ ကောသလဘုရင်ဟာ တရက်တည်းနဲ့ ငွေ-၁၄-ကုဋေအကုန်အကျခံပြီး လှူဒါန်းခဲ့ပါတယ်။ မြတ်စွာဘုရားအား လှူဒါန်းတဲ့ထီးဖြူတော်၊ ပလ္လင်တော်၊ သပိတ်ခြေနဲ့ခြေနင်းခုံတို့ဟာ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိပါသတဲ့။

ဒါပေမယ့် တရားဟောချိန်ကျတော့ မြတ်စွာဘုရားက အလှူနဲ့လိုက်အောင်ကြီးကြီးကျယ်ကျယ် အနုမောဒနာတရားမဟောပဲ တဂါထာလေးကိုသာ ဟောပြီး ကျောင်းတော်ပြန်ကြွသွားပါတယ်။

ကောသလဘုရင်ဟာ တော်တော်စိတ်မကောင်းဖြစ်ပြီး ကျောင်းတော်သို့ လိုက်သွားပါတယ်။ မြတ်စွာဘုရားအား တရားရှည်ရှည်မဟောတဲ့အကြောင်းကို မေးလျှောက်ပါတယ်။

မြတ်စွာဘုရားက "သင်မင်းကြီးရဲ့ ကာဠအမတ်ဟာ သင့်အလှူကို မနာလိုဖြစ်နေတယ်၊ တရားရှည်ရှည်ဟောယင် ကာဠအမတ်ဟာ ဦးခေါင်း၇-စိတ်ကွဲပြီး သေလိမ့်မယ်၊ ဒါကြောင့် ကြီးကြီးကျယ်ကျယ် မဟောတာဖြစ်တယ်"လို့ ရှင်းလင်းမိန့်ကြားတော်မူပါတယ်။

ဒီ အသဒိသအလှူပွဲမှာ ကာဠအမတ်နဲ့ ဇုဏှအမတ်တို့ဟာ တယောက်တမျိုးစီ အကြံဖြစ်နေကြပါတယ်။

www.dhammaransi.com



ကာဠအမတ်က "ကြည့်စမ်း၊ ဒီမင်းမိုက်ဟာ တနေ့တည်းနဲ့ ငွေ ၁၄ ကုဋေတောင်ကုန်အောင် လုပ်တယ်၊ သူ့ရဟန်းတွေဟာ ငုတ်တုတ်အားနေအောင် ကောင်းတာတွေစားပြီး ကျောင်းရောက်တော့ သိုးနေအောင် အိပ်ကြမှာဖြစ်တယ်၊ ဒီမင်းမိုက်ဟာ ပစ္စည်းတွေကို အလဟဿဖြုန်းတီးပစ်တာပဲ" လို့ ကြံစည်ကာ မနာလိုဖြစ်နေပါတယ်။

ဇုဏှအမတ်ကတော့ "ဒီမင်းကြီးဟာတော်ပါပေတယ်၊ တနေ့တည်းနဲ့ငွေ ၁၄ ကုဋေတောင်အကုန်ခံပြီး လှူဒါန်းနိုင်ပါပေတယ်။ ဒီအလှူအပ္ပိုကို အမျှဝေယင် ငါတို့လဲသာဓုအနုမောဒနာ ခေါ်ရတော့မှာပဲ" လို့ ကြံစည်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါတယ်။

မြတ်ဗုဒ္ဓဘုရားမိန့်ကြားတဲ့တရားတော်ကိုကြားရတဲ့အခါ ကောသလဘုရင်ဟာ ကာဠအမတ်ကို ခေါ်ပြီး မေးပါတယ်။ ကာဠကလဲ မနာလိုစိတ်ဖြစ်ပါကြောင်းကို အမှန်အတိုင်း ဝန်ခံပြောကြားတယ်။ ဒါကြောင့်ကောသလဘုရင်ဟာ ကာဠအမတ်နှင့်သားမယားတွေကိုပါတိုင်းပြည်မှနှင်ထုတ်ပစ်ပါတယ်။

ဒီလို ကာဠအမတ်ဟာ တိုင်းပြည်မှနှင်ထုတ်ခံရပြီး ရာထူးဂုဏ်သိရ်အခြံအရံ ယုတ်လျော့သွားရတာ ဘာ့ကြောင့်လဲဆိုယင် ဘုရင့်ရဲ့ လှူလို့ မနာလိုစိတ်ထားခဲ့တဲ့ အကုသိုလ်ကံ တရားကြောင့်ပင် ဖြစ်ပါတယ်။

## နာလိုစိတ်ထား နတ်ပြည်သွား

သူတပါး ချမ်းသာကြီးပွားကောင်းစားတာကို နာလိုဝမ်းမြောက်တာဟာ ပိုက်ဆံမကုန်ပဲရတဲ့ ကုသိုလ်ဖြစ်ပါတယ်။

www.dhammaransi.com



ဒီ နာလိုဝမ်းမြောက်စိတ်မျိုးဟာ ဗြဟ္မစိုရ်တရားလေးပါးထဲက "မုဒိတာခေါ် ချမ်းသာသူကို အာရုံပြုပြီးဖြစ်တဲ့ ဝမ်းမြောက်စိတ်" နဲ့ သဘောချင်းအတူတူပါပဲ။

မုဒိတာတရားပွားများသူဟာ အနည်းဆုံးလူ့ချမ်းသာ၊ နတ်ချမ်းသာ ရနိုင်ပါတယ်။ စျာန်ရတဲ့အထိ မုဒိတာတရားပွားများနိုင်ယင် ဗြဟ္မာတောင်ဖြစ်နိုင်ပါတယ်။

ဒါကြောင့် သူတပါး ချမ်းသာကြီးပွားတာကို နာလိုဝမ်းမြောက်မှုဟာလည်း နတ်ပြည် ရောက်ကြောင်း တရားကောင်းပဲလို့ မှတ်ရမယ်။ ဒီလိုစိတ်မျိုးကိုလည်း များများပွားများနိုင်အောင် အားထုတ်သင့်ကြပါတယ်။

## ဒီဘဝမှာပင် ကောင်းကျိုးထင်

ဝမ်းမြောက်နာလိုတဲ့စိတ်ထား မွေးမြူသူများဟာ ဒီဘဝမှာတင် ကောင်းကျိုး ခံစားရတတ်ပါတယ်။

စောစောကပြောခဲ့တဲ့ ကောသလဘုရင်ရဲ့ အသဒိသအလှူပွဲမှာ နာလိုဝမ်းမြောက်စိတ် ထားသူ ဇုဏှအမတ်ရဲ့စိတ်အကြံကို မြတ်စွာဘုရားက ပြန်လည်မိန့်ကြားတော်မူလို့ ဘုရင်ကြီး သိသွားပါတယ်။ အဲဒီအခါ ဘုရင်က ဇုဏှအမတ်ကို ၇-ရက်တိုင်တိုင်အလှူကြီးပေးလှူစေတယ်။ ဇုဏှအား မင်းစည်းစိမ်ကိုလည်း ၇-ရက်တိုင်တိုင် လွှဲအပ်ပေးခဲ့တယ်တဲ့။

www.dhammaransi.com



ဒီ ဇုဏ္ဍာအမတ် မင်းစည်းစိမ် ခံစားရတာဟာ ဘုရင့်အလှူကို နာလိုဝမ်းမြောက်စိတ် ထားခဲ့တဲ့ ကုသိုလ်ကံတရားကြောင့်ပင် ဖြစ်ပါတယ်။

ကဲ....စာတ္တအမေးအဖြေနဲ့ပတ်သက်တာတော့ တော်လောက်ပါပြီ။ ဒါနဲ့ဆိုင်တဲ့ အကျဉ်းချုပ် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

မေး။ ။အချို့လူတွေ ဘုန်းကံကြီးလို့၊ အချို့ဘုန်းမီး နည်းလှတယ်။
ဒီလိုဖြစ်တာဘာကြောင့်လဲလို့၊ ကွဲကွဲပြားပြား သိချင်တယ်။

ဖြေ။ ။မနာလိုသူ သေယင် မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် အခြံအရံနည်းလို့၊ ဘုန်းရှိန်ဝါလည်း မှဲ့တတ်တယ်။
နာလိုတတ်သူ သေယင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် တန်ခိုးထွားလို့၊ အခြံအရံများ ပေါနိုင်တယ်။
မှတ်ကွယ်၊ မှတ်ကွယ်။

www.dhammaransi.com

## ပဉ္စမ မေး, ဖြေ စကားပြေ

မြတ်စွာဘုရား....အချို့လူတွေဟာ စည်းစိမ်ဥစ္စာနည်းကြပါတယ်။ အချို့လူတွေကျတော့ စည်းစိမ်ဥစ္စာများလှပါတယ်။ လူချင်းတူပါလျက် ဒီလို "စည်းစိမ်ဥစ္စာ အနည်းအများ" ကွဲပြားရတာ ဘာ့ကြောင့်ပါလဲ။

သုဘပုဏ္ဏား....ဒီလောကမှာ ယောကျာ်းပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အချို့လူတွေဟာ ရဟန်းသံဃာ အလှူခံပုဂ္ဂိုလ်များအား "ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ နေရာ၊ ကျောင်း၊ ဆီမီး"တို့ကို မပေးလှူကြဘူး။

ဒီလို အလှူအတန်းမပြုတာဟာ မှားယွင်းတဲ့ကံပဲ။ ဒီလူမျိုးသေယင် ချမ်းသာကင်းရာ၊ မကောင်းတဲ့ လားရာ၊ ဖရိုဖရဲကျရာ ငရဲရွာသို့ ရောက်ရတတ်တယ်။

တကယ်လို့ အပါယ်ငရဲမကျတာတောင် လူပြန်ဖြစ်တဲ့အခါ စည်းစိမ်ဥစ္စာ နည်းပါးတတ်တယ်။ ဒီလို မလှူပဲမတန်းပဲ နေတာဟာ စည်းစိမ်ဥစ္စာ နည်းပါးစေတတ်တဲ့ အကျင့်ဆိုးဖြစ်တယ်။

www.dhammaransi.com



သုဘပုဏ္ဏား.... ဒီလောကမှာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ အချို့လူတွေဟာ ရဟန်းသံဃာ အလှူခံပုဂ္ဂိုလ်များအား "ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ နေရာ၊ ကျောင်း၊ ဆီမီး" တို့ကို ပေးလှူကြတယ်။

ဒီလိုပေးလှူတာဟာ ကောင်းတဲ့ကံ ဖြစ်တယ်။ ဒီလိုလူမျိုးသေယင် ကောင်းတဲ့လားရာ နတ်ပြည် နတ်ရွာသို့ ရောက်ရတယ်။

တကယ်လို့ နတ်ပြည်မရောက်တာတောင် လူပြန်ဖြစ်တဲ့အခါ ဥစ္စာစီးပွား ပေါများပါတယ်။ ဒီလို အလှူအတန်းပြုတာဟာ စည်းစိမ်ဥစ္စာ ပေါများစေကြောင်း အကျင့်ကောင်းပင် ဖြစ်တယ်။

အခုဖော်ပြခဲ့တာတွေကတော့ ပဥ္စမ အမေးအဖြေ ဆိုလိုချက် စကားပြေပါပဲ။

## မလှူဒါန်းက ငရဲကျ

မလှူဒါန်းတဲ့သူများ သေယင် ငရဲကျတတ်တယ်ဆိုတာနဲ့ ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်မှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့ အာဂန္တုက အမည်ရှိတဲ့ သဌေးတဦး ရှိခဲ့ဖူးတယ်။ သူဟာ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာပေမယ့် အဲဒီစည်းစိမ်ကို ကိုယ်တိုင်လည်း မသုံးဆောင် မစားသောက်ဘူး။ သူတပါးကိုလည်း မပေးကမ်း မလှူဒါန်းဘူးတဲ့။

www.dhammaransi.com



သူ့မှာ ကောင်းပေ့ အရသာရှိပေ့ဆိုတဲ့ မွန်မြတ်တဲ့ အစားအစာတွေ ရှိပေမယ့် မစားပဲ၊ ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းကိုသာ စားတယ်။ ဝတ်စရာ ကောင်းပေ့ ချောပေ့ဆိုတဲ့ အဝတ်အထည်တွေရှိပေမယ့် မဝတ်ပဲ၊ ထူပေ့ ကြမ်းပေ့ဆိုတဲ့ ဖျင်ကြမ်းကိုသာ ဝတ်တယ်။ စီးစရာ အာဇာနည်မြင်း က,တဲ့ မှန်စီရွှေချ မင်္ဂလာရထားရှိပေမယ့် မစီးပဲ ခနော်ခနဲ့ မြင်းလှည်းစုတ်ကိုသာ စီးတယ်။ ဆောင်းစရာ ရွှေထီးရှိပေမယ့် မဆောင်းပဲ သစ်ရွက်ထီးကိုသာ ဆောင်းတယ်တဲ့။

"အာဂန္တုက"ဆိုတာ မြန်မာလို "ဧည့်သည်"ဖြစ်တယ်။ သူ့နံမည်နဲ့ သူ့ရဲ့နေပုံထိုင်ပုံကတော့ တကယ်လိုက်ဖက်ပါတယ်။ သဋ္ဌေးဖြစ်နေပေမယ့် ဘာမှ ထိုက်ထိုက်တန်တန် စားသုံးမှုမပြုပဲ ခေတ္တခဏ လာရောက်လည်ပတ်တဲ့ ဧည့်သည်အတိုင်းပါပဲ။

သူဟာ အသက်ဆုံးသည့်တိုင်အောင် ဘာကုသိုလ်မှုပြုမသွားဘူး။ သူ့မှာ အမွေဆက်ခံမည့် သားသမီးလည်းမရှိဘူး။ ဒါကြောင့် သူသေတဲ့အခါ သူ့ရဲ့ပစ္စည်းအားလုံးဟာ မင်းဘဏ္ဍာအဖြစ် သိမ်းယူခံရတယ်။ သူ့ပစ္စည်းတွေကို ဘုရင့်နန်းတော်သို့ ခုနစ်နေ့နဲ့ခုနစ်ညတိုင်တိုင် သယ်ယူရတယ်တဲ့။

သူကတော့ ဘယ်ရောက်သွားသလဲဆိုယင် ရောရုဝငရဲရောက်သွားတယ်။ ဒီငရဲဟာ "ငရဲမီးလျှံ နှိပ်စက်လို့ ပူလောင်လှတဲ့ ငရဲသူ ငရဲသားတွေရဲ့ အော်သံ ဟစ်သံ ငိုယိုသံနဲ့ ဆူညံနေတဲ့ငရဲ" လို့ အစိပ္ပာယ်ရတယ်။

မလှူမတန်းပဲ နေလာခဲ့တဲ့ အာဂန္တုက သဋ္ဌေးဟာ အဲဒီငရဲထဲ ရောက်သွားရပါတယ်။ ဒါကြောင့် ဒီသဋ္ဌေးမျိုးလို မဖြစ်ရအောင် သတိပြုကြဖို့ပါပဲ။

www.dhammaransi.com



## သဌေးဝင်စား ဆင်းရဲသား

မလှူမတန်းသူများသေလို့ လူပြန်ဖြစ်တဲ့အခါ ပစ္စည်းဥစ္စာ ဆင်းရဲမွဲပြာကျတတ်တယ်ဆိုတာနဲ့ ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်မှာ ကုဋေရှစ်ဆယ် ကြွယ်ဝပြီး အလွန်ကပ်စေးနဲ့တဲ့ အာနန္ဒာအမည်ရှိတဲ့ သဌေးတဦး ရှိခဲ့ဖူးတယ်။

သူဟာ သူ့သား မူလသိရိကိုပင် သူပိုင်ပစ္စည်း ဘယ်လောက်ရှိတယ်ဆိုတာ အကုန် ပြောပြမထားဘူး။ သားဖြစ်သူကို အသိမပေးပဲ ရွှေအိုးကြီးငါးလုံးကို တိတ်တဆိတ် မြှုပ်နှံထားတယ်တဲ့။

သူဟာ လစဉ် ဆယ့်ငါးရက်တကြိမ်၊ ဆယ့်ငါးရက်တကြိမ်၊ ဆွေတွေမျိုးတွေကို စည်းဝေးစေတယ်။ မလှူဖို့ မတန်းဖို့ သူ့သားကို ဆွေတွေမျိုးတွေရှေ့မှာ တိုက်တွန်းဩဝါဒပေးလေ့ရှိတယ်တဲ့။

အဲဒီလို မလှူမတန်းပဲနေလာတဲ့ အာနန္ဒာသဌေးကြီးသေတဲ့အခါ သာဝတ္ထိပြည်မြို့တံခါးနားက ဒွန်းစဏ္ဍားရွာကြီးမှာ သွားဖြစ်ပါတယ်။ ဟိုခေတ်က အလုပ်ကြမ်းသမားကို ဒွန်းစဏ္ဍားလို့ ခေါ်ပါတယ်။

---

[၂၅] ကပ်စေးနဲ့အာဂန္တုကသဌေး သင်္ချိုင်းဆောင်းပြီး သွားလာနေပုံ။

www.dhammaransi.com



www.dhammaransi.com



အဲဒီရွာကြီးဟာ အိမ်ခြေတစ်ထောင်ရှိတယ်။ ရွာသူရွာသားတွေဟာလည်းရှေးအခါက အလုပ်အကိုင် အပေါက်အလမ်း ဖြောင့်ကြတယ်။

ဒါပေမယ့် အာနန္ဒာသင်္ဘေးဝင်စားတဲ့သူငယ် ပဋိသန္ဓေယူတဲ့အချိန်ကစပြီး ရွာသူရွာသားတွေ အလုပ်အကိုင် အပေါက်အလမ်းမတည့် ဖြစ်လာကြတယ်။

ဒါကြောင့် သူတို့ဟာ “တို့ရွာထဲကိုတော့ သူယုတ်မာတဦးဦးရောက်လာပြီ” လို့ ဆိုပြီး ရွာကို အိမ်ခြေငါးရာစီ နှစ်ခြမ်းခွဲလိုက်ကြတယ်။

အဲဒီအခါ အာနန္ဒာသင်္ဘေးဝင်စားတဲ့သူငယ်ပါတဲ့အခြမ်းက အလုပ်အကိုင်မကောင်းပဲ၊ မပါတဲ့ အခြမ်းက အလုပ်အကိုင် အဆင်ပြေလာတယ်။

ဒါနဲ့ အိမ်ခြေ ၂၅၀ စီ၊ ၁၂၅-အိမ်စီ စသည်ဖြင့် ခွဲလိုက်တဲ့အခါမှာလည်း သင်္ဘေးဝင်စားတဲ့ သူငယ်ပါတဲ့အခြမ်းကသာ အလုပ်အကိုင် အဆင်မပြေဖြစ်တယ်။ ဒီလိုနဲ့ ဆက်လက်ပြီး ခွဲလာလိုက်ကြတာ နောက်ဆုံးမှာ သူ့မိဘတအိမ်ပဲ ကျန်တော့တယ်တဲ့။

အဲဒီအခါ သူတို့တအိမ်တည်းသာ အလုပ်အကိုင် အဆင်မပြေတာတွေ့ရတယ်။ ဒါကြောင့် အိမ်ထောင်ရှင်အမျိုးသားက “ဒီအမျိုးသမီးကိုယ်ဝန်ရှိကတည်းက တရွာလုံးအလုပ်အကိုင်အဆင်မပြေဖြစ်တယ်၊ သန္ဓေသားဟာ လူယုတ်မာဖြစ်ရမယ်” ဆိုပြီး သူ့ဇနီးကိုယ်ဝန်သည်ကိုအိမ်ပေါ်ကနှင်ချပစ်တယ်။

---

[၂၆] ကိုယ်တိုင်လည်းမလှူ သူများကိုလည်းမလှူအောင် ဟောပြောခဲ့သူ အာနန္ဒာသင်္ဘေးသေဆုံးပြီးနောက် အရုပ်ဆိုး သူတောင်းစားလေး ဖြစ်ခဲ့နရပုံ။

www.dhammaransi.com



www.dhammaransi.com



အဲဒီအမျိုးသမီးဟာ ဆင်းဆင်းရဲရဲ အသက်မွေးရပြီး မွေးဖွားချိန်စေ့တော့ သားယောကျ်ား ဖွားမြင်တယ်။ အဲဒီသူငယ်ဟာ မျက်စိ၊ နား၊ နှာ၊ လက်၊ ခြေ စတဲ့ ကိုယ်အင်္ဂါတွေဟာ ရှိသင့်တဲ့နေရာမှာ မရှိလို့ ဘီလူး သဘက်လို ဖြစ်နေတယ်။ အလွန် အရုပ်ဆိုးတယ်တဲ့။ ဒါပေမယ့် ရင်သွေးဆိုတော့ မိခင်အနေနဲ့ မပစ်ရက်ဘူးပေါ့။

အဲဒီအမျိုးသမီးဟာ ကလေးငယ်ပါသွားယင် ရှာလို့ဖွေလို့ ဘာမှမရဘူး။ ဒါကြောင့် သူငယ်ကို အိမ်မှာ ထားခဲ့ပြီးမှ အရှာအဖွေထွက်ရတယ်။ ဒီလို ဆင်းဆင်းရဲရဲနဲ့ မွေးမြူလာလိုက်တာ သူငယ်လေး သူ့ဝမ်းသူကျောင်းနိုင်တဲ့အရွယ် ရောက်လာတယ်။

ဒီတော့မှ မိခင်ဖြစ်သူဟာ မတတ်သာတော့တာနဲ့ သားသူငယ်ကို စွန့်ပစ်လိုက်ရတယ်။ ခွက်ကလေးတလုံးပေးကာ တောင်းရမ်းစားခိုင်း လိုက်ရပါတယ်။ ခွက်တောင် ခွက်ကောင်း မဟုတ်ဘူး။ မြေအိုးကွဲခွက်စုတ်ကလေး ဖြစ်တယ်တဲ့။

အဲဒီ သူငယ်လေးဟာ တနေ့မှာ မြို့ထဲလျှောက်တောင်းယင်း သူ အာနန္ဒာသဌေးဘဝကနေခဲ့တဲ့ အိမ်ဝ ရောက်သွားတယ်။ သူ့ အိမ်ပဲဆိုပြီး အတင်းဝင်တယ်။ ပထမ၊ ဒုတိယနဲ့ တတိယတံခါးမုခ်တွေကို ကျော်ပြီး စတုတ္ထတံခါးမုခ်နားအထိ ရောက်သွားပါတယ်။ အဲဒီနားမှာ မူလသီရိသဌေးရဲ့ သားသမီးငယ်တွေ ဆော့ကစားနေကြတယ်။

---

[၂၇] အာနန္ဒာသဌေးဖြစ်စဉ်က နေခဲ့ဖူးသော အိမ်ထဲသို့ ဝင်လာသူ အရုပ်ဆိုး သူတောင်းစားလေးကို အိမ်ထဲက လူတွေက ဝိုင်းရိုက်နေကြပုံ။

www.dhammaransi.com



www.dhammaransi.com



အဲဒီကလေးငယ်တွေဟာ အရုပ်ဆိုး သူတောင်းစားငယ်လေးကို ရုတ်တရက်မြင်လိုက်ရတော့ ကြောက်လန့်ပြီး အော်ဟစ်ငိုယိုကြပါတယ်။

ဒါနဲ့ လူကြီးတွေရောက်လာကာ "ကျက်သရေမရှိတဲ့ သူယုတ်"ဆိုပြီး သူငယ်ကို ဝိုင်းရိုက်ကြတယ်။ အရိုက်အနှက်ခံရပြီးမေ့မြောနေတဲ့ သူတောင်းစားလေးကို အမှိုက်ပုံမှာ ပစ်ထားကြတယ်တဲ့။

အဲဒီအခိုက်မှာ မြတ်စွာဘုရားကြွရောက်တော်မူလာပါတယ်။မူလသီရိသဌေးကိုခေါ်တော်မူပြီး သူငယ်ဟာ အာနန္ဒာသဌေး ဝင်စားသူဖြစ်ကြောင်း မိန့်ကြားပါတယ်။ အစတော့ ဘုရားစကားကို မူလသီရိက မယုံကြည်ဘူး။ ဒါနဲ့ အာနန္ဒာသဌေးဘဝက မြှုပ်ထားခဲ့တဲ့ ရွှေအိုးတွေပြပေးဖို့ သူငယ်လေးကို မြတ်စွာဘုရားက မိန့်ကြားပါတယ်။ ရွှေအိုးတွေကိုမြင်ရတော့မှပဲ မူလသီရိလည်း ယုံကြည်သွားတယ်။

ဒီ အာနန္ဒာသဌေးရဲ့ အဖြစ်အပျက်ကိုကြည့်ပါက မလှူမတန်းသူများသေယင် အပါယ်ငရဲမကျတာတောင် လူပြန်ဖြစ်တဲ့အခါ ဆင်းရဲတတ်တယ်။ မိမိဆင်းရဲရုံမျှမက၊မိမိရဲ့ပတ်ဝန်းကျင်ကိုပါ ဆင်းရဲစေနိုင်တယ်ဆိုတာ တွေ့ရပါတယ်။

ဒါတင်မျှမက သူတောင်းစားသူငယ်ဟာ အာနန္ဒာသဌေး ဝင်စားသူဖြစ်ကြောင်း မြတ်စွာဘုရားကိုယ်တိုင် ဖြေရှင်းပေးခဲ့တာကို သိရခြင်းဖြင့် နောက်ဘဝ ရှိ မရှိဆိုတဲ့ ပြဿနာဟာလည်း အလိုအလျောက် ရှင်းသွားပါတယ်။

www.dhammaransi.com



## လူပင်မရောက် ဗိမာန်ပေါက်

အလှူအတန်းပြုသူများသေယင် နတ်ရွာနတ်ပြည် ရောက်ကြတာ များတယ်။ အချို့အလှူရှင်များမှာ လူမသေခင်ကပင် နတ်ပြည်၌ မိမိတို့အတွက် နတ်ဗိမာန်ကြိုတင်ပေါ်ပေါက်လျက်ရှိကြတယ်တဲ့။

မြတ်စွာဘုရား လက်ထက်က ဗာရာဏသီပြည်မှာ နန္ဒိယအမည်ရှိတဲ့ သူကြွယ်သားတဦး ရှိခဲ့ဖူးပါတယ်။ သူဟာ သဒ္ဓါတရားပြည့်စုံသူ၊ မိဘလက်ထက်ကစပြီး သံဃာတော်များကိုဆည်းကပ်ကိုးကွယ်လုပ်ကျွေးခဲ့သူဖြစ်ပါတယ်။ မိဘတွေပေးစားတဲ့ အိမ်ထောင်ဘက် အမျိုးသမီးကို လက်ခံတာတောင် သူ့ဆရာရဟန်းသံဃာတော်တွေကို ရိုရိုသေသေ ပြုစုလုပ်ကျွေးပါ့မယ်လို့ ဝန်ခံကတိပြုစေပြီးမှ လက်ခံခဲ့တယ်တဲ့။

မိဘများသေလွန်လို့ သူကိုယ်တိုင် အိမ်ထောင်ဦးစီး ဖြစ်လာတဲ့အခါမှာလည်း အလှူအတန်းအကြီးအကျယ်ပြုတယ်။ ရဟန်းသံဃာတော်တွေကို ဆွမ်းလှူတယ်။ ဆင်းရဲသူဆင်းရဲသား ခိုကိုးရာမဲ့များကိုလည်း အမြဲတန်း အစားအစာ ပေးကမ်းလေ့ ရှိတယ်တဲ့။

ဒါတင်မျှမက မိဂဒါဝုန် တောအရပ်မှာ ဆင်ဝင်ဆောင် လေးခုပါတဲ့ လေးဆောင်တွဲကျောင်းကြီးတဆောင် ဆောက်လုပ်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်များအား လှူဒါန်းတယ်၊ မြတ်စွာဘုရားရဲ့ လက်တော်မှာ ရေစက်သွန်းချလိုက်တာနဲ့တပြိုင်နက် တာဝတိံသာနတ်ပြည်ထက်မှာ သူ့အတွက် နတ်ဗိမာန်ကြီးပေါ်ထွက်နှင့်ပြီး ဖြစ်နေတယ်တဲ့။

www.dhammaransi.com



အဲဒီဗိမာန်ဟာ အရှေ့ အနောက် တောင် မြောက် ၁၂ ယူဇနာကျယ်ပြီး အမြင့်ယူဇနာ ၁၀၀ ရှိတယ်။ ရတနာ ၇-ပါးနဲ့ပြီးတဲ့ နတ်ဗိမာန်ကြီးတဲ့။ ဒီအကြောင်းကို နန္ဒိယသူကြွယ်ကတော့ မသိသေးဘူးပေါ့။

တနေ့မှာ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးဟာ တာဝတိံသာနတ်ပြည်ကြွပြီး နန္ဒိယရဲ့ ဗိမာန်နားမှာ ရပ်နေတဲ့အခါ နတ်တွေ အဖူးအမြော်ရောက်လာကြပါတယ်။ ရှင်မဟာမောဂ္ဂလာန်က ဗိမာန်အသစ်အကြောင်းကို စုံစမ်းကြည့်တဲ့အခါ မိဂဒါဝုန်တောကျောင်းဒကာ နန္ဒိယသူကြွယ်အတွက် ကြိုတင်ပေါ်ထွက်နေတဲ့ ဗိမာန်ဖြစ်ကြောင်း နတ်သားတွေက လျှောက်ထားကြပါတယ်။


အဲဒီအခါ နန္ဒိယရဲ့အလုပ်အကျွေးဖြစ်မည့်နတ်သမီးတွေလဲ ဗိမာန်မှဆင်းသက်လာပြီး ရှင်မဟာမောဂ္ဂလာန်ကို ရိုသေစွာရှိခိုးကြတယ်။ နန္ဒိယသူကြွယ်ထံ စကားလက်ဆောင် ပါးကြတယ်။

"အရှင်ဘုရား....၊ တပည့်တော်တို့ဟာ နန္ဒိယမောင်တော်ရဲ့ အလုပ်အကျွေးဖြစ်မည့် သူတွေပါ။ နန္ဒိယမောင်တော်ကို စောင့်မျှော်ရတာ ကြာလို့ ငြီးငွေ့လှပါပြီ။ မြေအိုးကိုခွဲပြီး ရွှေအိုးကိုယူသလို လူ့စည်းစိမ်ကို စွန့်ပြီး နတ်စည်းစိမ်ကို ယူဖို့ နတ်ပြည်သို့ အမြန်လာဖို့ မှာလိုက်တဲ့အကြောင်း အရှင်ဘုရားပြန်ရောက်ယင် မောင်တော်နန္ဒိယကို မိန့်ကြားတော်မူလိုက်ပါ" လို့ နတ်သမီးတွေက ဝိုင်းလျှောက်ကြတယ်တဲ့။

---

[၂၀] ကျောင်းဒကာနန္ဒိယသူကြွယ်အတွက်မသေမီကပင်နတ်ပြည်မှာ နတ်ဗိမာန်ပေါ်ထွက်နှင့်လျက်ရှိနေပုံ။

www.dhammaransi.com



www.dhammaransi.com



ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်လဲ လူ့ပြည်ပြန်ရောက်တဲ့အခါ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး "ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ လူ့ပြည်ကကောင်းမှုရှင် မသေမီ သူ့အတွက် နတ်ပြည်ထက်မှာ ဘုံဗိမာန်ပေါ်ထွက်နှင့်ပါသလားဘုရား" လို့ မေးလျှောက်ပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက "ချစ်သားမောဂ္ဂလာန်၊ နန္ဒိယသူကြွယ်အတွက် ပေါ်ထွက်ဖြစ်ထွန်းနှင့်နေတဲ့ နတ်စည်းစိမ်ကို တာဝတိံသာနတ်ပြည်မှာ သင်ကိုယ်တိုင်မြင်ခဲ့ပြီးပြီပဲ၊ ဘာဖြစ်လို့ ငါဘုရားကို ပြန်မေးနေရတာလဲ" လို့ မိန့်ကြားတော်မူပါတယ်။

ဒါကြောင့် အလှူအတန်းပြုသူများ သေယင် နတ်ပြည်ရောက်တယ်။ မသေမီကပင် ဘုံဗိမာန်များလဲ ပေါ်နိုင်တယ်ဆိုတာကို သတိပြုကြပြီး တတ်စွမ်းသမျှ ဒါနပြုကြဖို့ပါပဲ။

## လူဖြစ်ပြန်က လိုရာရ

အလှူအတန်းပြုသူများသေယင် နတ်ပြည်မရောက်တာတောင် လူပြန်ဖြစ်တဲ့အခါ ဥစ္စာ စီးပွားပေါများတယ်၊ လိုရာမရှား ရနိုင်တယ်တဲ့။

---

[၂၉] လူ့ပြည်ပြန်ရောက်ယင် နန္ဒိယသူကြွယ်အား ပြောကြားပေးပါရန် နန္ဒိယ၏အလုပ်အကျွေးဖြစ်မည့် နတ်သမီးများက ရှင်မောဂ္ဂလာန်ကို လျှောက်ထားနေကြပုံ။

www.dhammaransi.com



www.dhammaransi.com



ရာဇဂြိုဟ်ပြည်မှာ မဟာသေနအမည်ရှိတဲ့ ပုဏ္ဏားကြီးတဦး ရှိခဲ့ဖူးပါတယ်။ သူဟာ ရှင်သာရိပုတ္တရာရဲ့ဖခင် ဝင်္ဂန္တပုဏ္ဏားကြီးရဲ့ မိတ်ဆွေဖြစ်တယ်။ ရှင်သာရိပုတ္တရာကိုလဲ သားအရင်းလို နှလုံးသွင်းရှိဟန် တူပါတယ်။

တနေ့မှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ ဆွမ်းခံလှည့်လည်ယင်း သူ့အိမ်တံခါးဝ ရောက်လာပါတယ်။ သူ့ကိုသနားတာနဲ့ ချီးမြှောက်ဖို့ ကြွလာခြင်းပါပဲ။

ဒါပေမယ့် ပုဏ္ဏားကြီးခမြာ ပစ္စည်းဥစ္စာပျက်ပြားပြီး ဆင်းရဲနွမ်းပါးနေချိန်ဖြစ်လို့ ဘာတခုမျှ လှူစရာမရှိတာနဲ့ ရှင်သာရိပုတ္တရာကို အတွေ့မခံပဲ ရှောင်တိမ်းနေရှာတယ်။

ရှင်သာရိပုတ္တရာလဲ နောက်နေ့ ဆက်ကြွပြန်တယ်။ သူလဲ အတွေ့မခံပဲ ဆက်လက် ရှောင်တိမ်းမြဲ ရှောင်တိမ်းနေတယ်။ သားအရင်းလို သူထင်မှတ်တဲ့ အရှင်မြတ်ကို ဘာတခုမျှ လှူစရာမရှိလို့ စိတ်မကောင်းတာနဲ့ ရှောင်နေခြင်းပါပဲ။

တနေ့မှာ သူ့အတွက်ရလာတဲ့ ပုဆိုးကြမ်းတထည်နဲ့ နို့ဆွမ်းတထပ်စာကို အရှင်မြတ်အား လှူဖို့ စောင့်မျှော်နေပါတယ်။

ဈာန်သမာပတ်မှ ထစဖြစ်တဲ့ အရှင်သာရိပုတ္တရာလဲ ပုဏ္ဏားကြီးရဲ့ အကြံအစည်ကို သိတာနဲ့ သူ့ကို ချီးမြှောက်ဖို့ ကြွရောက်တော်မူလာပါတယ်။

---

[၃၀] မဟာသေနပုဏ္ဏားကြီးသည် ဘာမျှလှူစရာမရှိ၍ ရှင်သာရိပုတ္တရာကို အတွေ့မခံပဲ ရှောင်ပုန်းနေရှာပုံ။

www.dhammaransi.com



www.dhammaransi.com



မဟာသေနပုဏ္ဏားကြီးလဲ ပုဆိုးကြမ်းနဲ့ နို့ဆွမ်းတထပ်စာကို အရှင်မြတ်အား အကုန်ဆက်ကပ်လှူဒါန်းလိုက်တယ်။ ဒီကောင်းမှုကြောင့် အရှင်ဘုရားတို့ သိအပ်တဲ့တရားကို သိရပါလို၏လို့လဲဆုတောင်းတယ်တဲ့။

အဲဒီ မဟာသေနပုဏ္ဏားကြီး သေတဲ့အခါ သာဝတ္ထိပြည်မှာ ရှင်သာရိပုတ္တရာရဲ့ အလုပ်အကျွေးဆွမ်းဒကာတဦးအိမ်မှာ သွားဖြစ်ပါတယ်။

သူ့မိခင်ဟာ သန္ဓေသား စွဲကပ်တဲ့အချိန်ကစပြီး ကောင်းမြတ်တဲ့ ချင်ခြင်းတပ်ပါတယ်။ အဲဒီချင်ခြင်းက ရှင်သာရိပုတ္တရာ အမှူးရှိတဲ့ သံဃာတော်ငါးရာကို နို့ဃနာဆွမ်းဆက်ကပ်လှူဒါန်းချင်တယ်။ သံဃာဘော်များစားလို့ကျန်တဲ့ နို့ဆွမ်းကို သူကိုယ်တိုင် ယောဂီအဝတ်ဝတ်ပြီး စားချင်တယ်တဲ့။

ဒါနဲ့ သူ့ရဲ့ဆွေတွေမျိုးတွေက ရှင်သာရိပုတ္တရာ အမှူးရှိတဲ့ သံဃာတော်တွေကို နို့ဃနာဆွမ်းလှူဒါန်းပြီး မိခင်လောင်း ချင်ခြင်းတပ်တာကို ပြေပျောက်အောင် ဆောင်ရွက်ပေးကြတယ်။

အဲဒီအမျိုးသမီးဟာ ကိုးလလွန်မြောက် ဆယ်လရောက်တော့ သားယောကျာ်းလေးဖွားမြောက်ပါတယ်။ ကလေးရဲ့ မွေးနေ့မင်္ဂလာပွဲမှာ ရှင်သာရိပုတ္တရာ အမှူးရှိတဲ့ သံဃာတော်တွေကို နို့ဃနာဆွမ်း ဆက်ကပ်လှူဒါန်းတယ်။ ကလေးငယ်ကိုလဲ ရေမိုးချိုးပေးပြီး တစ်သိန်းတန် ကမ္ဗလာအခင်းပေါ်မှာ သိပ်ထားပါတယ်။

---

[၃၁] မိမိအတွက် ရှားရှားပါးပါးရလာသော ပုဆိုးကြမ်းနှင့် နို့ဆွမ်းတထပ်စာကို မဟာသေနပုဏ္ဏားကြီးက ရှင်သာရိပုတ္တရာအား အကုန် လှူဒါန်းနေပုံ။

www.dhammaransi.com



www.dhammaransi.com



အဲဒီကလေးငယ်ဟာ ရှင်သာရိပုတ္တရာကိုမြင်တဲ့အခါ "ဒါ ငါ့ဆရာပဲ၊ ငါ့ဆရာကြောင့်ဒီစည်းစိမ်ကို ငါရတာပဲ၊ ငါ့ဆရာကို ဒီကမ္ဗလာ အခင်းလှူမှပဲ"လို့ အကြံဖြစ်ပါတယ်။ ဒါကြောင့် သူ့ကျော အောက်က ကမ္ဗလာအခင်းကို သူ့လက်ချောင်းကလေးများနဲ့ တဖြည်းဖြည်းဆွဲကာ လုံးယူတယ်။ လူကြီးတွေက ကလေးလက်နဲ့ ကမ္ဗလာအခင်း ငြိတယ်ထင်ပြီး ဖြုတ်ပယ်ဖို့ကြိုးစားယင် ကလေးက ငိုတယ်တဲ့။

ဒါနဲ့ ကမ္ဗလာနဲ့အတူ ကလေးငယ်ကို ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ရဲ့ ခြေရင်းမှာ ကပ်ပြီး ချပေးလိုက်တယ်။ အဲဒီအခါ ကလေးငယ်ဟာ လက်ထဲကကမ္ဗလာကို သူ့ဆရာဟောင်းအား လှူဒါန်းတဲ့အနေနဲ့ လွှတ်ချလိုက်တယ်တဲ့။

ဒီတော့မှ လူကြီးတွေက ကလေးရဲ့ဆန္ဒကိုရိပ်စားမိသွားပါတယ်။ ကလေးကိုလဲရှင်သာရိပုတ္တရာရဲ့ လူနာမည် ဥပတိဿကိုစွဲယူပြီး 'တိဿ' လို့ အမည် ပေးပါတယ်။

တိဿလေး ၇-နှစ်သားရောက်တဲ့အခါ သူ့ဆန္ဒအတိုင်း မိဘတွေက ရှင်သာရိပုတ္တရာထံမှာ ကြီးကျယ်ခမ်းနားစွာ ရှင်ပြုပေးကြတယ်။ ဘုရားအမှူးရှိတဲ့သံဃာတော်တွေကို ရေမရောတဲ့နို့ဃနာဆွမ်းကိုချည်း ၇-ရက်လုံးလုံး ဆက်တိုက် လှူဒါန်းဆက်ကပ်တယ်တဲ့။

---

[၃၂] မဟာသေနဝင်စားသူ ကလေးငယ်က မိမိကျောအောက်က တင်သိန်းတန် ကမ္ဗလာ အခင်းကို ရှင်သာရိပုတ္တရာအား လှူလို၍ လက်ကလေးများနှင့်ဆွဲပြီး လုံးယူနေပုံ။

www.dhammaransi.com



www.dhammaransi.com



ဂ-ရက်မြောက်နေ့မှာ ရှင်တိဿ ဆွမ်းခံထွက်တယ်။ မြို့သူမြို့သားတွေက ကိုရင်လေးကို ဆွမ်းပွဲ (ဆွမ်းသပိတ်) ငါးရာနှင့် ဆွမ်းပွဲအောက်ခံ ကရွတ်ခွေ(သပိတ်ခြေ)အဖြစ် ပုဆိုး အထည် ငါးရာပါ လောင်းလှူကြတယ်။

နောက်နေ့ကျတော့ အလှူရှင်တွေက ဆွမ်းပွဲငါးရာနှင့် ပုဆိုးအထည်ငါးရာကို ကျောင်းနားအထိ လာရောက်လောင်းလှူကြပါတယ်။ ၂ ရက်ပေါင်းမှာ ဆွမ်းပွဲတစ်ထောင်နှင့် ပုဆိုးတစ်ထောင် ရရှိပါတယ်။ ဒါတွေအားလုံးကိုလဲ သံဃာတော်များအား ကိုရင်တိဿက လှူဒါန်းပစ်တယ်တဲ့။

အခါတပါး ချမ်းအေးတဲ့နေ့အနေမှာ ခုနစ်နှစ်အရွယ် သာမဏေငယ် ရှင်တိဿဟာ ကမ္ဗလာ ခြုံထည်အလိုရှိကြတဲ့ သံဃာပေါင်းတစ်ထောင်ကို ဦးဆောင်ပင့်သွားပြီး ကမ္ဗလာခြုံထည် အလှူခံကြ ပါတယ်။ မြို့ထဲမရောက်မီပင် ခြုံထည်ငါးရာ ရတယ်။ မြို့ထဲရောက်တော့ နောက်ထပ် ကမ္ဗလာ ခြုံထည် ငါးရာ ရပြန်ဘယ်တဲ့။

ဒီလို လှူတဲ့တန်းတဲ့ သူတွေ ပေါများပြီး ညွှဲ့သည်တွေ အလာများလွန်းလို့ ရှင်တိဿဟာ မြို့မှာနေရတာ ငြီးငွေ့လာပါတယ်။ ဒါကြောင့် မြတ်စွာဘုရား ထံ ကမ္မဋ္ဌာန်းတောင်း၊ ယောကျောင်း တကျောင်းမှာ သွားရောက် ဝါကပ်၊ တရားအလုပ်ကို မပြတ်ကြိုးစားအားထုတ်လိုက်တာ ခုနစ်နှစ် သားအရွယ်မှာပဲ ရဟန္တာ ဖြစ်သွားပါတယ်တဲ့။

---

[၃၃] ကမ္ဗလာခြုံထည်အလိုရှိသူသံဃာတစ်ထောင်ကိုပင့်ဆောင်ပြီးရှင်တိဿလေးကမ္ဗလာအလှူခံထွက်နေပုံ

www.dhammaransi.com



www.dhammaransi.com



ဒီ ရှင်တိဿလေးဟာ ဆွေမျိုးမိဘတွေကလဲ ချမ်းသာ၊ လူ့ဒါန်းသူ ဒကာဒကာမတွေကလဲ ပေါများပြီး လိုရာမရှားရနိုင်တာဟာ ဘာ့ကြောင့်လဲဆိုယင် မဟာသေနပုဏ္ဏားကြီးဘဝက အလှူဒါန ပြုခဲ့လို့ပါပဲတဲ့။

ကဲ....ပဌမ အမေးအဖြေနဲ့ ပတ်သက်ပြီး ပြောလာလိုက်တာ တော်တော်တောင် များလွန်းသွားပြီ။ အကျဉ်းချုပ် ဆောင်ပုဒ်ကလေးတွေဆိုပြီး အဆုံးသတ်ကြဦးစို့။

မေး။ ။အချို့လူတွေ ဆင်းရဲလှလို့၊ အချို့လူက ချမ်းသာတယ်။
ဒီလိုဖြစ်တာ ဘာ့ကြောင့်လဲလို့၊ ကွဲကွဲပြားပြား သိချင်တယ်။

ဖြေ။ ။မလှူဒါန်းသူ သေယင်မလွဲပ၊ အပါယ်ငရဲ ကျလိမ့်မယ်။
လူဖြစ်ပြန်သော် ဥစ္စာမဲ့လို့၊ ဆင်းရဲတွင်းလဲ နက်တတ်တယ်။
လှူဒါန်းတဲ့သူ သေယင်မှတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ဥစ္စာများလို့၊ လိုရာမရှား ရနိုင်တယ်။
မှတ်ကွယ်၊ မှတ်ကွယ်။

✽

www.dhammaransi.com

## ဆဋ္ဌမ မေး, ဖြေ စကားပြေ

မြတ်စွာဘုရား....အချို့လူတွေဟာ အမျိုးယုတ်ကြပါတယ်၊ အချို့လူတွေကတော့ အမျိုးမြတ်ကြပါတယ်။ လူချင်းတူပါလျက် ဒီလို "အမျိုးယုတ်၊ အမျိုးမြတ်" ကွဲပြားရတာဟာ ဘာ့ကြောင့်ပါလဲ။

သုဘပုဏ္ဏား....ဒီလောကမှာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အချို့လူတွေဟာ ခက်ထန်တယ်၊ ထောင်လွှားတက်ကြွတယ်၊ ရှိခိုးထိုက်သူကိုလဲ ရှိမခိုး၊ ခရီးဦး ကြိုဆိုထိုက်သူကိုလဲ ခရီးဦးမကြိုဆို၊ နေရာပေးထိုက်သူကိုလဲ နေရာမပေး၊ လမ်းဖယ်ပေးထိုက်သူကိုလဲ လမ်းဖယ်မပေး၊ အရိုအသေပြုထိုက်သူကိုလဲ အရိုအသေမပြု၊ အလေးပြုထိုက်သူကိုလဲ အလေးမပြု၊ မြတ်နိုးထိုက်သူကိုလဲ မမြတ်နိုး၊ ပူဇော်ထိုက်သူကိုလဲ မပူဇော်ကြပေ။

ဒီလို ကြီးမြတ်သူကို အရိုအသေ မပြုတာဟာ မှားယွင်းတဲ့ ကံပဲ။ ဒီလူမျိုးသေယင် ချမ်းသာကင်းရာ၊ မကောင်းတဲ့လားရာ၊ ဖရိုဖရဲကျရာ ငရဲရွာသို့ ရောက်ရတတ်တယ်။

တကယ်လို့ ငရဲမကျပဲ လူပြန်ဖြစ်ယင်လဲ အမျိုးယုတ်တတ်တယ်။ ဒီလိုအရိုအသေ ပြုထိုက်သူ ပူဇော်ထိုက်သူကို အရိုအသေမပြုတာ၊ မပူဇော်တာဟာ ယုတ်နိမ့်တဲ့အမျိုးမှာ ဖြစ်စေတတ်တဲ့အကျင့်ဆိုးပင် ဖြစ်တယ်။

www.dhammaransi.com



သုဘပုဏ္ဏား....ဒီလောကမှာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အချို့ လူတွေကျတော့ ခက်ထန်ယောင်လွှားမှု မရှိဘူး၊ ရှိခိုးထိုက်သူကိုလဲ ရှိခိုးတယ်၊ ခရီးဦး ကြိုဆိုထိုက်သူကိုလဲ ခရီးဦးကြိုဆိုတယ်၊ နေရာပေးထိုက်သူကိုလဲ နေရာပေးတယ်၊ လမ်းဖယ်ပေးထိုက်သူကိုလဲ လမ်းဖယ်ပေးတယ်။ အရိုအသေပြုထိုက်သူကိုလဲ အရိုအသေပြုတယ်၊ အလေးပြုထိုက်သူကိုလဲ အလေးပြုတယ်၊ မြတ်နိုးထိုက်သူကိုလဲ မြတ်နိုးတယ်၊ ပူဇော်ထိုက်သူကိုလဲ ပူဇော်တယ်။

ဒီလို ကြီးမြတ်သူကို ရိုသေတာ ပူဇော်တာဟာ ကောင်းတဲ့ကံ ဖြစ်တယ်။ ဒီလူမျိုး သေယင် ကောင်းတဲ့လားရာ နတ်ပြည်နတ်ရွာ ရောက်ရတယ်။

လူပြန်ဖြစ်ယင်လဲ မြင့်မြတ်တဲ့ အမျိုးမှာ ဖြစ်ရတယ်။ ဒီလို မာန်မာနမရှိပဲ ကြီးမြတ်သူကို အရိုအသေပြုတာ ပူဇော်တာဟာ မြင့်မြတ်တဲ့အမျိုးမှာ ဖြစ်စေတတ်တဲ့ အကျင့်ပင် ဖြစ်တယ်။

အခု ဖော်ပြခဲ့တာတွေကတော့ ခြောက်ခုမြောက် အမေးအဖြေ ဆိုလိုချက် စကားပြေပါပဲ။

မိဘဝေါ်ကား ငဲ့သွား

မိမိထက် အသက်အရွယ် ဂုဏ်သိက္ခာကြီးသူ မိဘ၊ ဆရာသမား၊ ရဟန်း၊ သံဃာစတဲ့ ပုဂ္ဂိုလ်တွေကို မရိုမသေ မထီမဲ့မြင် ပြုသူများ သတိတရားရကြစေဖို့ အမိကို စော်ကားလို့ ငရဲရောက်သွားတဲ့ သဌေးသားအကြောင်း ဆက်ကြဦးစို့။

www.dhammaransi.com



ကဿပ မြတ်စွာဘုရားရှင် လက်ထက်မှာ ကျွန်ုပ်တို့ ဘုရားအလောင်းတော်ဟာ တန်ခိုးကြီး ရှက္ခစိုး နတ်မင်းတဦး ဖြစ်ခဲ့ဖူးပါတယ်၊ အဲဒီ နတ်မင်းဟာ အခါတပါးမှာ ဥဿဒငရဲသို့ အခြွေအရံများနှင့်အတူ သွားရောက်လည်ပတ် ကြည့်ရှုပါတယ်။

အဲဒီငရဲက ငရဲသူငရဲသားတွေဟာ ခေါင်းပေါ်မှာ အသွားထက်လှတဲ့ဓားစက်ကို ရွက်ထားကြရတယ်။ ဓားစက်ရှလို့ သွေးတွေစီးကျပြီး အလွန်ကြီးမားတဲ့ ဆင်းရဲဒုက္ခကို ခံစားကြရတယ်။

အဲဒီမှာ အလောင်းတော်နတ်မင်းကို မိတ္တဝိန္ဒက အမည်ရှိတဲ့ ငရဲသားက သူဟာ ဘာဖြစ်လို့ ဒီလို ဓားစက်ကြီးရွက်ရပြီး ဆင်းရဲခံရတာလဲလို့ မေးမြန်းတယ်၊ နတ်မင်းက "သင်ဟာ အလိုရမက်ကြီးတယ်၊ မိဘစကားနားမထောင်ခဲ့ဘူး၊ အမိကို စော်ကားခဲ့တယ်၊ ဒါကြောင့် ဒီလို ဆင်းရဲမျိုး ခံစားနေရတာဖြစ်တယ်" လို့ ဖြေကြားပါတယ်။

အဲဒီ မိတ္တဝိန္ဒကဟာ ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သဌေးသားဖြစ်ခဲ့ဖူးတယ်။ သူ့မိဘတွေဟာ သောတာပန်အရိယာတွေဖြစ်ကြတယ်။ ဒါပေမယ့် သူကတော့ ကိုယ်ကျင့်သီလမရှိဘူး၊ ရတနာသုံးပါးကိုလဲ ယုံကြည်လေးစားမှု မရှိဘူးတဲ့။

သူ့ဖခင်သေဆုံးတဲ့အခါ မိခင်က အိမ်ထောင်ဦးစီးဖြစ်လာတယ်။ အမိဖြစ်သူဟာ ဘဦးတည်းသောသား မိတ္တဝိန္ဒကကို လိမ်မာရေးခြားရှိစေလိုတယ်။ လူဖြစ်ရကျိုး နပ်စေလိုတယ်။ ဒါကြောင့် သူ့သားကို အလှူအတန်းပြုခိုင်းတယ်၊ သီလယူခိုင်းတယ်၊ ဥပုသ်စောင့်ခိုင်းတယ်၊ တရားနာခိုင်းတယ်။

www.dhammaransi.com



သူကတော့ မိခင်စကားကို လုံးဝနားမထောင်ဘူး။ “ဒါတော့ ကျုပ်ကို လာမပြောနဲ့၊ သေယင် ရောက်ချင်တဲ့နေရာ ရောက်ပစေ” လို့ မရိုမသေ ပြန်ပြောလေ့ရှိတယ်။

အမိဖြစ်သူကလဲ လက်မလျှော့ဘူး။ တနေ့မှာ အမျိုးမျိုးချော့မော့ပြီး ဥပုသ်စောင့်ခိုင်းတယ်။ ဥပုသ်စောင့်ရာက ပြန်လာယင် ငွေတစ်ထောင်ပေးမယ်လို့ ပြောပါတယ်။

မိတ္တဝိန္ဒကဟာ ငွေတစ်ထောင်လိုချင်တာနဲ့ ကျောင်းတော်သွားတယ်။ သီလယူရုံယူပြီး ဇရပ်တခုမှာ ညအိပ်တယ်။ သူ့မိခင်ကတော့ တညလုံး သူ့သား တရားနာနေတယ်လို့ ထင်ရှာတယ်။

ဒါကြောင့် သားပြန်လာယင် တရားဟော ဘုန်းကြီးတပါးပါး ပါလာလိမ့်မယ်ထင်ပြီး နေရာအသင့် ခင်းထားတယ်။ ယာဂုလည်း အသင့် ကျိုထားတယ်တဲ့။

မိုးလင်းတော့ မိတ္တဝိန္ဒကဟာ အိမ်ကို တယောက်တည်းရောက်လာတယ်။ အမိက တရားဟော ဘုန်းကြီး ပါမလာဘူးလားလို့ မေးတဲ့အခါ “ခင်ဗျား တရားဟောဘုန်းကြီးကို ကျုပ်က ဘာလုပ်ရမှာလဲ၊ ငွေတစ်ထောင်သာ လိုချင်တယ်၊ မြန်မြန်ပေး”လို့ အတင်းတောင်းတယ်တဲ့။

ငွေတစ်ထောင်ရတဲ့အခါ အဲဒီငွေနဲ့အရောင်းအဝယ်လုပ်လိုက်တာ ကံအားလျော်စွာငွေတစ်သိန်းနှစ်သောင်းရတယ်။ သူဟာ လှေဖြင့် ကုန်ရောင်းသွားမည်ပြုတဲ့အခါ အမိက သူ့ လက်ကိုဆွဲပြီး အတင်း

[၃၄] သားမိုက်မိတ္တဝိန္ဒကကို အမိက ဆုံးမစကား ပြောကြားနေပုံ။

www.dhammaransi.com



www.dhammaransi.com



တားတယ်။ သားမိုက် မိတ္တဝိန္ဒကဟာ အမိစကားနားမထောင်ရုံတင်မက အမိကို ရိုက်နှက် တွန်းလှဲထားခဲ့ပြီး သမုဒ္ဒရာသို့ လှေဖြင့် ထွက်သွားတယ်တဲ့။

နောက် ၇-ရက်အကြာမှာ သူတို့စီးလာတဲ့လှေဟာ သမုဒ္ဒရာအလယ်မှာ သူ့ကြောင့် ရပ်နေပါတယ်။ သူယုဘ်မာ မဲချတဲ့အခါ ၃-ကြိမ်တိုင်တိုင် မိတ္တဝိန္ဒကချည်း မဲကျပါတယ်။ ဒါနဲ့ လှေသမားတွေဟာ သူ့ကို ဖောင်ပေါ်တင်ပြီး သမုဒ္ဒရာထဲ မျှောချထားခဲ့ပါတယ်။ ဒီတော့မှ လှေလဲ ခရီးဆက်ထွက်လို့ ရသွားတယ်။

မိတ္တဝိန္ဒကဟာ ဖောင်ပေါ်မှာ အိပ်လိုက်သွားတဲ့အခါ ကျွန်းငယ်တခုကို ရောက်သွားပါတယ်။

အဲဒီမှာ ဖန်ဗိမာန်ရှင် ၇-ရက်စံ၊ ၇-ရက်ခံ ဝေမာနိက ပြိတ္တာမ ၄-ဦးနဲ့တွေ့ပြီး ၇-ရက် နတ်စည်းစိမ် စံစားရတယ်။

အဲဒီ ပြိတ္တာမများ ၇-ရက် ဆင်းရဲခံဖို့အသွားမှာ သူလဲ ရှေ့ဆက် ခရီးထွက်ခဲ့ပြန်တယ်။

နောက်တကျွန်းသို့ အရောက်မှာ ငွေဗိမာန်ရှင် ၇-ရက်စံ၊ ၇-ရက်ခံ နတ်ပြိတ္တာမ ၈-ယောက်နဲ့ တွေ့ပြီး ၇-ရက်တိုင်တိုင် နတ်စည်းစိမ် စံစားရတယ်။ အဲဒီ နတ်ပြိတ္တာမများ ၇-ရက် ဆင်းရဲခံဖို့ အသွားမှာ သူလဲ ရှေ့ဆက်ပြီး ခရီးထွက်ခဲ့ပြန်တယ်။

တတိယအကြိမ် ကျွန်းငယ်တခုကို ရောက်တဲ့အခါ ပတ္တမြားဗိမာန်ရှင် ၇-ရက်စံ၊ ၇-ရက်ခံ နတ်ပြိတ္တာမ ၁၆ ဦးနဲ့တွေ့ပြီး ၇-ရက်တိုင်တိုင် နတ်စည်းစိမ် စံစားပျော်မွေ့ခဲ့ရပြန်တယ်။

www.dhammaransi.com



အဲဒီ နတ်ပြိတ္တာမများ ဆင်းရဲခံဖို့အသွားမှာ သူလဲ ခရီးဆက်ပြီးထွက်ခဲ့ပြန်ရာ ကျွန်းငယ်တခု အရောက်မှာ ရွှေဗိမာန်ရှင် နတ်ပြိတ္တာမ ၃၂-ဦးနှင့် တွေ့ပြီး နတ်စည်းစိမ်ကို ၇-ရက်စံစားရပြန်တယ်။

အဲဒီ နတ်ပြိတ္တာမများ ၇-ရက် ဆင်းရဲခံဖို့အသွားမှာ သူတို့ပြန်လာတဲ့အထိ စောင့်ဖို့မှာကြားတာတောင် မစောင့်တော့ပဲ ဆက်ပြီး ခရီးထွက်ခဲ့ပြန်ရာ တံခါး ၄-ခုရှိပြီး သံတံတိုင်းကာရံထားတဲ့ ဥဿဒငရဲထဲ ရောက်သွားရတယ်။ "ဒီတိုင်းပြည်မှာဝင်ပြီး မင်းလုပ်ဦးမယ်"ဆိုတဲ့အကြံကြီးနဲ့ဝင်ရောက်ခဲ့ခြင်းပါပဲ။

မိတ္တဝိန္ဒကဟာ ခေါင်းပေါ်မှာ ဓားစက်ရွက်ပြီး ကြီးမားစွာ ဆင်းရဲခံစားနေရတဲ့ ငရဲသားတယောက်ကိုတွေ့တဲ့အခါ ဓားစက်ကိုပဒုမ္မာကြာပန်းထင်ပြီးတောင်းတယ်တဲ့။ "ငရဲပန်းကိုရွှေပန်းထင်" ဆိုတဲ့ ဆိုရိုးစကားဟာ ဒီဝတ္ထုကိုအကြောင်းပြုပြီး ပေါ်လာဟန် တူပါတယ်။

ပထမတော့ ငရဲသားက ပဒုမ္မာကြာပန်းမဟုတ်ကြောင်း၊ ကြောက်စရာကောင်းအောင်အသွားထက်လှတဲ့ ဓားစက်ဖြစ်ကြောင်း ပြောပါသေးတယ်။ ပြောမရပဲ အကြိမ်ကြိမ်တောင်းလွန်းတာနဲ့ နောက်ဆုံးမှာ မိတ္တဝိန္ဒကကို ဓားစက် ပေးသွားတယ်။ မိတ္တဝိန္ဒကလဲ ခေါင်းပေါ်ရောက်မှပဲ အသွားထက်တဲ့ဓားစက်မှန်း သိတော့တယ်။

ပထမငရဲသားမှာ အကုသိုလ်ကံကုန်လို့ ငရဲပြည်ကလွတ်မြောက်သွားပေမယ့် သူ့မှာတော့ အဲဒီအချိန်ကစပြီး အသွားထက်လှတဲ့ ဓားစက်ကြီး ခေါင်းပေါ်ရွက်ကာ ဆင်းရဲဒုက္ခ ခံရပါတော့တယ်။

www.dhammaransi.com



မိတ္တဝိန္ဒကဟာ ဝေမာနိကပြိတ္တာမများနှင့်တွေ့ပြီး နတ်စည်းစိမ်စံစားရတာကတော့ အမိစကားကို တကြိမ်မျှ နားထောင်ပြီး တရက်တာမျှ ဥပုသ်စောင့်ခဲ့လို့ ဖြစ်ပါတယ်။

ဒီအချက်ကိုကြည့်ယင် မိဘဆရာသမားတို့ရဲ့ ကောင်းမြတ်တဲ့အဆုံးအမကို လိုက်နာကျင့်ကြံတာဟာ မိမိတို့အတွက် အကျိုးအမြတ်ထွက်နိုင်တယ်ဆိုတာကို လူငယ်လူရွယ်များ သတိပြုကြဖို့ပါပဲ။

အသွားထက်လှတဲ့ ဓားစက်ကြီးရှက်ပြီး ကြီးမားလှတဲ့ဆင်းရဲခံစားရတာကတော့ အမိစကားကို နားမထောင်ပဲ အမိကို စော်ကားခဲ့လို့ ဖြစ်ပါတယ်။

ဒါကြောင့် ကြီးမြတ်သူကိုမရိုမသေပြုယင် ငရဲရောက်တတ်တယ်ဆိုတာ သတိပြုကြပြီး မရိုမသေမပြုမိကြဖို့ အရေးကြီးပါတယ်။

## လူဖြစ်ပြန်က မျိုးညံ့ရ

ကြီးမြတ်သူကို မရိုမသေပြုမိလို့ လူပြန်ဖြစ်တဲ့အခါ အမျိုးညံ့ရတဲ့ ဝတ္ထုကြောင်းလေးဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သဌေးအိမ်မှာ ပုဏ္ဏိကာအမည်ရှိတဲ့ ကျွန်မငယ်တဦး ရှိခဲ့ဖူးတယ်။

---

[၃၅] အမိကိုစော်ကားခဲ့သူ မိတ္တဝိန္ဒက ဥဿဒငရဲ၌ ဓားစက်ရှက်ပြီး ဆင်းရဲဒုက္ခခံနေရပုံ။

www.dhammaransi.com



www.dhammaransi.com



သူဟာ ရေခပ်ကျွန်မတဦးရဲ့ သမီးဖြစ်တယ်။ အနာထပိဏ်သဌေးရဲ့ တစ်ရာမြောက် ကျွန်မငယ်ဖြစ်လို့ သူ့ကိုပါဠိလို''ပုဏ္ဏိကာ''လို့ခေါ်ခြင်းပါပဲ။ မြန်မာလို ခေါ်မယ်ဆိုယင်တော့''ရာပြည့်ကျွန်''လို့ ခေါ်နိုင်ပါတယ်။ အဲဒီ ပုဏ္ဏိကာလေးဟာ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှတဲ့အခါမျိုးမှာတောင် အရှင်သခင်တွေ့ ဆူမှာ ကြိမ်းမှာ အပြစ်ပေးမှာ ကြောက်တာနဲ့ မြစ်ဆိပ်သွားပြီး ရေထဲဆင်းကာ ရေခပ်ရရှာတယ်တဲ့။

ဒါပေမယ့် နောက်အတော်ကြာတော့ သဌေးက သူ့ကို ကျွန်အဖြစ်မှ လွတ်ငြိမ်းခွင့်ပေးလိုက်ပါတယ်။ အဲဒီအခါ ပုဏ္ဏိကာဟာ သဌေးထံခွင့်ပန်ပြီး ရဟန်းမ ပြုသွားပါတယ်။ ဝိပဿနာတရားအလုပ် အားထုတ်တဲ့အခါ မကြာမီ ရဟန္တာမဖြစ်သွားတယ်တဲ့။

အဲဒီ ပုဏ္ဏိကာထေရီဟာ ပရိနိဗ္ဗာန်မပြုခင်မှာ မြတ်စွာဘုရားကို သူ့အကြောင်းတွေပြန်ပြောင်းလျှောက်ထားသွားပါတယ်။

သူဟာ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံနှင့် ကဿပ ဒီဘုရား ၆-ဆူရဲ့ သာသနာမှာ ရဟန်းမ ပြုခဲ့ဖူးပါတယ်။ တရားအလုပ် ကြိုးစားအားထုတ်ခဲ့ဖူးတယ်။ ပညာရှိပြီး ဝိနည်းစောင့်စည်းသူလဲ ဖြစ်ခဲ့တယ်။ တရား အဟောအပြော ကောင်းသူလဲ ဖြစ်ခဲ့ဖူးတယ်တဲ့။

---

[၃၆] ရှေးဘုရားခြောက်ဆူ လက်ထက်ငယ် ပညာတတ် အပြောအဟောကောင်း ဘိက္ခုနီမ ဖြစ်ခဲ့စဉ်က ကြီးမြတ်သူကို မရိုမသေပြုခဲ့မိ၍ ယခု ဘုရားလက်ထက်၌ ရေခပ်ကျွန်မ လာဖြစ်နေရသူ ပုဏ္ဏိကာ။

www.dhammaransi.com



www.dhammaransi.com



ဒါပေမယ့် အဲဒီ ပညာဗဟုသုတကို အကြောင်းပြုပြီး မာန်မာန အလွန် ခက်ထန်ခဲ့ဖူးတယ်။ သိသရှိသူ အခြားရဟန်းမများကို မထိမဲ့မြင် မရိုမသေ ပြုခဲ့ဖူးတယ်တဲ့။

အဲဒီလို မရိုမသေပြုခဲ့မိလို့ ယခု ပုဏ္ဏကာဘဝမှာ ကျွန်မ လာဖြစ်ရခြင်း ဖြစ်တယ်လို့ သူ့အကြောင်းကို သူကိုယ်တိုင် ထုတ်ဖော်ဝန်ခံ လျှောက်ကြားသွားပါတယ်။

ဒါကြောင့် ကြီးမြတ်သူကို မရိုမသေ ပြုမိယင် အမျိုးညံ့တတ်တယ်ဆိုတာကို သတိပြုကြဖို့ပါပဲ။

## ခါငှက်၊ ဆင်၊ မျောက်၊ နတ်ပြည်ရောက်

ကြီးမြတ်သူကို အရိုအသေပြုခြင်းဟာ ရှေးသူတော်ကောင်းတို့ရဲ့ အစဉ်အလာကောင်းတရပ် ဖြစ်တယ်။ရှေးအခါက ဘုရားအလောင်း ခါ၊ ရှင်မဟာမောဂ္ဂလာန်အလောင်း ဆင်နဲ့ ရှင်သာရိပုတ္တရာ အလောင်း မျောက်တို့ဟာ ဟိမဝန္တာတောက ပညောင်ပင်တပင်မှာ အတူနေထိုင်ကြပါတယ်တဲ့။

သူတို့ဟာ အစကတော့ အချင်းချင်း အရိုအသေမပြုပဲ အမှုမဲ့အမှတ်မဲ့ ပေါ့ပေါ့ဆဆနေခဲ့ကြပါတယ်။ နောက်ကျမှ "ငါတို့ဟာ ဒီလိုနေလို့မသင့်ဘူး၊ ကြီးသူကို ငယ်သူက ရိုသေပြီးနေကြမှ သင့်မယ်" လို့ တိုင်ပင် သဘောတူ ဆုံးဖြတ်ကြပါတယ်။ အသက်ကြီးသူကို ရှာတဲ့အခါ ပညောင်ပင်ရဲ့ အသက်ကို စံထားပြီး ရှာကြပါတယ်။

ရှေးဦးစွာ မျောက်က "ငါဟာ ငယ်ငယ်တုန်းက မြေကြီးပေါ်မှာထိုင်ပြီး ဒီပညောင်ပင်ရဲ့ ခေါင်ဖျားကို ငါ့လက်နဲ့ လှမ်းကိုင်ဆွတ်ခူးခဲ့ဖူးတယ်" လို့ ပြောပါတယ်။

www.dhammaransi.com



အဲဒီနောက် ဆင်က "ငါဟာ ငယ်ငယ်တုန်းက ဒီပညောင်ပင်ငယ်ကို ပေါင်ကြားနဲ့ ခွခွပြီး ကျော်လွှားသွားခဲ့ဖူးတယ်"လို့ ပြောဆိုပါတယ်။

နောက်ဆုံး ခါအလှည့်ရောက်တော့ "ဒီပညောင်ပင်ဟာ ငါ ညောင်သီးစားပြီး စွန့်ပစ်ခဲ့တဲ့ မစင်မှ ပေါက်လာတာဖြစ်တယ်" လို့ ပြောပြပါတယ်။

သူတို့သုံးဦးရဲ့ ပြောစကားကို ပြန်လည်တိုက်ဆိုင်ကြည့်လိုက်တော့ ခါငှက်ဟာ အသက်အကြီးဆုံးဖြစ်တယ်ဆိုတာ သိလာကြပါတယ်။

အဲဒီအချိန်ကစပြီး အသက်ကြီးသူ ခါမင်းကို ဆင်နှင့်မျောက်တို့က အရိုအသေ ပြုကြတယ်။ ခါမင်းကလဲ အသက်ငယ်သူများကို ဆုံးမဩဝါဒပေးတယ်။

သူတို့အားလုံးဟာ တိရစ္ဆာန်တွေ ဖြစ်ကြပေမယ့် ကြီးသူကို ငယ်သူက ရိုသေ၊ ငယ်သူကို ကြီးသူက မေတ္တာထားပြီး နေသွားကြလို့ သေဆုံးတဲ့အခါ နတ်ပြည်ရောက်ကြရတယ်တဲ့။

ဒါကြောင့် ကြီးမြတ်သူကို အရိုအသေပြုတာဟာ နတ်ပြည်ရောက်ကြောင်း တရားကောင်း ဖြစ်တယ်ဆိုတာ သတိပြု လိုက်နာကြဖို့ပါပဲ။

## လူဖြစ်ပြန်က အကျိုးရ

မိမိထက် အသက် သိက္ခာ ဂုဏ်ဝါကြီးသူများအား အရိုအသေ အလေးအမြတ် ပြုတတ်သူကို "ဆရာကောင်းတပည့်ပီသပါပေတယ်။ မိဘကောင်းဖခင်သားသမီးမှန်ပါပေတယ်။ လူလိမ္မာလူယဉ်ကျေး

www.dhammaransi.com



လေးတွေပဲ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးလေးတွေ ဖြစ်ပါပေတယ်''စသည်ဖြင့် မြင်ရသူ အပေါင်း သူတော်ကောင်းတို့က ချီးမွမ်းပြောဆိုကြမဲ့ ဖြစ်ပါတယ်။

ဒီလိုအရိုအသေပြုတတ်သူဟာ ဒီ ဘဝမှာတင် ''လူလိမ္မာ၊ လူယဉ်ကျေး၊ အမျိုးကောင်းသား သမီးအဖြစ်''အသိအမှတ်ပြုခံရတာကို ကြည့်ရှုရခြင်းအားဖြင့် ''ကြီးမြတ်သူကို ရိုသေသူများ သေလို့ လူပြန်ဖြစ်ယင် အမျိုးမြတ်တယ်''ဆိုတဲ့ ဘုရားဟောစကား မှန်ကန်ကြောင်း စာရှုသူ မှန်းဆသိနိုင် ကောင်းပါပြီ။

ကဲ.... ၆-ခုမြောက် အမေးအဖြေနဲ့ ပတ်သက်လို့တော့ တော်လောက်ပါပြီ။ အကျဉ်းချုပ် ဆောင်ပုဒ်ကဗျာလေးတွေဆိုပြီး အဆုံးသတ်ကြစို့။

မေး။ ။အချို့လူတွေ မျိုးရိုးညံ့လို့၊ အချို့မျိုးဇာတ် မြတ်ပါတယ်။
ဒီလိုဖြစ်တာ ဘာ့ဒကြောင့်လဲလို့ ကွဲကွဲပြားပြား သိချင်တယ်။

ဖြေ။ ။ကြီးမြတ်သူကို မရိုမသေပြုတော့၊ အပါယ်ရောက်မှု ဖြစ်ကြောင်းကွယ်။
လူဖြစ်ပြန်သော် အမျိုးညံ့လို့၊ လူသူမခန့် ဖြစ်တတ်တယ်။
ကြီးမြတ်သူကို ရိုသေတတ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ရှေးကံမြတ်ကြောင့်၊ အမျိုးဇာတ်လဲ မြတ်နိုင်တယ်။
မှတ်ကွယ်....မှတ်ကွယ်။

[၃၇] အသက်ကြီးသူ ခါဝှက်ကို အသက်ငယ်သူ ဆင်နှင့်မျောက်တို့က အရိုအသေပြု၍နေကြပုံ

www.dhammaransi.com



www.dhammaransi.com

## သတ္တမ မေး, ဖြေ စကားပြေ

မြတ်စွာဘုရား.... အချို့လူတွေဟာ ပညာမဲ့ကြပါတယ်။ အချို့လူတွေကြတော့ ပညာရှိကြပါတယ်။ လူချင်းတူပါလျက် ဒီလို "ပညာရှိ မရှိ" ကွဲပြားရတာ ဘာ့ကြောင့်ပါလဲ။

သုဘပုဏ္ဏား....ဒီလောကမှာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ အချို့လူတွေဟာ ဂဟန်းစတဲ့ ပညာရှိများထံချဉ်းကပ်ပြီး "ဘယ်တရားဟာ ကုသိုလ်ဖြစ်တယ်၊ ဘယ်တရားဟာ အကုသိုလ်ဖြစ်တယ်၊ ဘယ်တရားက အပြစ်ရှိတယ်၊ ဘယ်တရားက အပြစ်ကင်းတယ်၊ ဘယ်တရားက မှီဝဲထိုက်တယ်၊ ဘယ်တရားက မမှီဝဲထိုက်ဘူး၊ ဘယ်ဟာကိုပြုလုပ်ယင် တသက်ပတ်လုံး ဆင်းရဲနိုင်တယ်၊ ဘယ်ဟာကိုပြုလုပ်ယင် တသက်ပတ်လုံး ချမ်းသာနိုင်တယ်" ဆိုတာကို မေးမြန်းစုံစမ်းခြင်း မပြုခဲ့ဘူး။

ဒီလို ပညာရှိထံ မှီဝဲဆည်းကပ်ပြီး မေးမြန်းစုံစမ်းခြင်းမပြုတာဟာ မှားယွင်းတဲ့ ကံဖြစ်တယ်။ ဒီလိုလူမျိုးသေယင် မကောင်းတဲ့လားရာ၊ ချမ်းသာကင်းရာ၊ ဖရိုဖရဲ ကျရာ ငရဲရွာသို့ ရောက်ရတယ်။

တကယ်လို့ ငရဲမကျပဲ လူပြန်ဖြစ်ယင်လဲ ပညာမဲ့တတ်တယ်။ ဒီလို ပညာရှိကို မမှီဝဲမဆည်းကပ်တာ၊ မေးမြန်းစုံစမ်းခြင်း မပြုတာဟာ ပညာမဲ့စေတတ်တဲ့အကျင့်ပင် ဖြစ်တယ်။

www.dhammaransi.com



သုဘပုဏ္ဏား....ဒီလောကမှာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အချို့လူတွေဟာ ရဟန်းစတဲ့ ပညာရှိများထံ ချဉ်းကပ်ပြီး "ဘယ်တရားဟာ ကုသိုလ်ဖြစ်တယ်၊ ဘယ်တရားဟာ အကုသိုလ်ဖြစ်တယ်၊ ဘယ်တရားက အပြစ်ရှိတယ်၊ ဘယ်တရားက အပြစ်ကင်းတယ်၊ ဘယ်တရားက မှီဝဲထိုက်တယ်၊ ဘယ်တရားက မမှီဝဲထိုက်ဘူး၊ ဘယ်ဟာကိုပြုလုပ်ယင် တသက်လုံး ဆင်းရဲနိုင်တယ်၊ ဘယ်ဟာကိုပြုယင် တသက်ပတ်လုံး ချမ်းသာနိုင်တယ်"ဆိုတာကို အဖန်ဖန် မေးမြန်း စုံစမ်းခဲ့တယ်။

ဒီလို ပညာရှိထံ ဆည်းကပ်မှီဝဲပြီး စုံစမ်းမေးမြန်းတာဟာ ကောင်းတဲ့ကံ ဖြစ်တယ်။ ဒီ လူမျိုး သေယင် ကောင်းတဲ့လားရာ နတ်ပြည် နတ်ရွာသို့ ရောက်ရတယ်။

တကယ်လို့ နတ်ပြည်မရောက်ပဲ လူပြန်ဖြစ်ယင်လဲ ပညာရှိဖြစ်ရတယ်။ ဒီလိုပညာရှိကို ဆည်းကပ်မှီဝဲတာ၊ အသိပညာနဲ့ပတ်သက်ပြီး စုံစမ်းမေးမြန်းတာဟာ ပညာကြီးခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပင် ဖြစ်တယ်။

အခု ဖော်ပြခဲ့တာတွေကတော့ "သတ္တမ အမေး အဖြေ"ဆိုလိုချက်စကားပြေ ဖြစ်ပါတယ်။

### အဌာတသတ်မင်း ငရဲဆင်း

ပညာရှိကို မမှီဝဲမဆည်းကပ်သူများဟာ အပြစ်ရှိတဲ့အလုပ်၊ အပြစ်မရှိတဲ့အလုပ်၊ လုပ်သင့်တဲ့အလုပ်၊ မလုပ်သင့်တဲ့အလုပ်များကို ကွဲကွဲပြားပြား မသိနိုင်ကြဘူး။ ဒီလို မသိယင် လုပ်သင့်တာကို မလုပ်မိပဲ မလုပ်သင့်တာတွေ လျှောက်လုပ်မိတတ်တယ်။

www.dhammaransi.com



ဒီလို မလုပ်သင့်တာတွေ လျှောက်လုပ်မိယင် ဒီဘဝမှာလဲ မကောင်းကျိုးတွေ ခံစားရတတ်တယ်။ နောင်ဘဝမှာလဲ အပါယ်ငရဲ ကျရတတ်ကယ်။

ဒီလို ပညာရှိကို မမှီဝဲ မဆည်းကပ်မိလို့ မလုပ်သင့်တာတွေ လုပ်မိတာနဲ့ ငရဲကျသွားရတဲ့ အဇာတသတ်မင်းအကြောင်း နည်းနည်းဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက်က အားလုံးအသိများကြတဲ့အဇာတသတ်မင်းသားဟာ ဘုရားကျောင်းဒါယကာသား ဖြစ်ပါလျက်နဲ့ အတုမဲ့ အမြတ်ဆုံး ပညာရှိဖြစ်တဲ့ ဘုရားထံ အယင် မချဉ်းကပ်မိပဲ ဒေဝဒတ်မိုက်ထံ အယင်ဆုံး ချဉ်းကပ် ကိုးကွယ်မှားခဲ့တယ်။ ဒါကြောင့် ဒေဝဒတ်ဆရာမိုက်ရဲ့ ပြောဆိုတိုက်တွန်းချက်အရ ဖခင်ဖြစ်သူ ဗိမ္ဗိသာရမင်းကြီးကို ရက်ရက်စက်စက်ကြီး သတ်ဖြတ်ခဲ့ပါတယ်။

နောက်မှ မှားမှန်းသိပြီး ဘုရားထံ ဆည်းကပ်ကိုးကွယ်ခဲ့ပါတယ်။ တကယ်လို့သာ သူဟာ အဖသတ်ကံ မကျူးလွန်မိခဲ့ယင် ဒီဘဝမှာတင် တမဂ်တဖိုလ် ရနိုင်ပါတယ်။ ရနိုင်လောက်တဲ့ဉာဏ် ပါရှိသူလဲ ဖြစ်တယ်။ မြတ်စွာဘုရားကို ကြည်ညိုတဲ့ ပုထုဇဉ်တွေထဲမှာတော့ သူဟာ အသွန်ကဲဆုံး ဖြစ်တယ်တဲ့။

ဒါပေမယ့် မဆည်းကပ်ထိုက်သူ ဆရာမိုက်ကို အယင်ဆုံး ဆည်းကပ်ကိုးကွယ် မှားမိတဲ့အတွက် မလုပ်ထိုက်တဲ့ အဖသတ်ကံ ကျူးလွန်မိပြီး သေဆုံးတဲ့အခါ လောဟကုမ္ဘီငရဲမှာ မချိမဆန့် ခံနေရရှာပါတယ်တဲ့။

---

[၃၀] ဒေဝဒတ်ဆရာမိုက်ကို ဆည်းကပ်မှားမိ၍ အဖသတ်ကံကျူးလွန်မိသူ အဇာတသတ်မင်း လောဟကုမ္ဘီငရဲ၌ ဆင်းရဲခံနေရပုံ။

www.dhammaransi.com



www.dhammaransi.com



ဒါတောင် နောက်ပိုင်းမှာ မြတ်စွာဘုရားကိုဆည်းကပ်မိလို့ သက်သာခွင့် နည်းနည်းရသွားတာ၊ မဟုတ်ယင် သူ့ဆရာ ဒေဝဒတ်မိုက်လို အဝီစိ ငရဲအထိ ဆိုက်ရောက်သွားဖို့ သေချာတယ်တဲ့။

ဒါကြောင့် ပညာရှိကို မမှီဝဲမဆည်းကပ်တာဟာလဲ အပါယ်ငရဲကျကြောင်း ဖြစ်တယ်ဆိုတာ သတိပြုကြဖို့ပါပဲ။

## လူနုံလူအ ဖြစ်ပြန်ရ

ဒီလောကမှာ စာပေပညာ၊ နှုတ်မှုပညာ၊ လက်မှုပညာ၊ စက်မှုပညာ စတဲ့ အတတ်ပညာ တခုခုကျွမ်းကျင်တတ်မြောက်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် အသိအမှတ်ပြုခံရသူတွေဟာ အလကား နေယင်း ထိုင်ယင်း အလိုအလျောက် ပညာရှင်တွေ ဖြစ်လာကြတာ မဟုတ်ပါဘူး။ သူတို့ဟာ သူတို့အယင် ရှိနှင့်ကြတဲ့ ပညာရှင်များထံချဉ်းကပ်နည်းခံပြီး အနည်းနှင့်အများဆိုသလို ဆည်းပူး လေ့လာ သင်ယူခဲ့ကြရပါတယ်။

ဒီလိုမှ မသင်ယူ မလေ့လာခဲ့ယင် ဘာပညာ၊ ဘာဗဟုသုတမှ ရနိုင်မှာမဟုတ်ပါဘူး။ ဘာပညာ၊ ဘာဗဟုသုတမှ မရှိတဲ့သူဟာ ဒီဘဝမှာတင်ပဲ လူနုံ လူအအဖြစ် အများရဲ့ မှတ်ထင်ခြင်းကို ခံရတတ်မြဲ ဖြစ်ပါတယ်။

ဒီလို ပညာရှိထံချဉ်းကပ်နည်းခံပြီး ပညာဗဟုသုတ မရှာမိသူဟာ ဒီဘဝမှာတင် "ပညာမဲ့သူ လူနုံ လူအ" ဖြစ်ရတာကို ကြည့်ရခြင်းအားဖြင့် "ပညာရှိကို မမှီဝဲ မဆည်းကပ်သူများ သေလို့ လူပြန်ဖြစ်ယင်

www.dhammaransi.com



ပညာမဲ့သူဖြစ်တတ်တယ်''ဆိုတဲ့ ဘုရားဟောစကား မှန်ကန်ကြောင်း မှန်းဆ သိနိုင်ကောင်းလောက်ပါပြီ။

## ဖုံ၊ မြေခွေး၊ မျောက် ကောင်းရာရောက်

ပညာရှိကို ဆည်းကပ်မှီဝဲသူများသေယင် ကောင်းရာသုဂတိ ရောက်နိုင်ပုံနဲ့ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

ရှေးအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်မှာ ဘုရားလောင်းဟာ ယုန်မျိုး၌ဖြစ်ပြီး တောတခုမှာ နေပါတယ်။ ယုန်မင်းနေရာ တောရဲ့တဘက်မှာ တောင်ခြေ၊ အခြားတဘက်မှာ မြစ်၊ နောက်တဘက်မှာ ပစ္စန္တရစ် ရွာငယ်ရှိတယ်။

အလောင်းတော်ယုန်မင်းမှာ အရှင်အာနန္ဒာအလောင်း ဖုံ၊ရှင်မောဂ္ဂလာန်အလောင်းမြေခွေး၊ ရှင်သာရိပုတ္တရာအလောင်း မျောက် ဆိုတဲ့ အတူနေမိတ်ဆွေ ၃-ယောက်လဲ ရှိတယ်။

သူတို့ဟာ မိမိတို့နဲ့ဆိုင်ရာ စားကျက်များမှာ အစာရှာ စားသောက်ကြပြီး ညနေချမ်းကျမှ တနေရာတည်းပေါင်းဆုံ နေထိုင်ကြတယ်။ ယုန်ပညာရှိက ကျန်မိတ်ဆွေ ၃-ဦးကို ဒါနပြုဖို့၊ သီလစောင့်ဖို့၊ ဥပုသ်ကျင့်သုံးဖို့ ဩဝါဒတရား ဟောကြားလေ့ရှိတယ်။ သူ့မိတ်ဆွေများကလဲသူ့အဆုံးအမကို လက်ခံ နာယူကြတယ်။

www.dhammaransi.com



တနေ့မှာ ဘုရားအလောင်း ယုန်မင်းဟာ ကောင်းကင်က လပြင်းကို မော့ကြည့်တဲ့အခါ နက်ဖြန် ဥပုသ်နေ့ဖြစ်တယ်ဆိုတာကို သိရတယ်။ ဒါနဲ့ သူ့မိတ်ဆွေ ၃-ယောက်ကိုခေါ်ပြီး "နက်ဖြန် ဥပုသ်နေ့ ဖြစ်တယ်၊ သီလယူကြ၊ ဥပုသ်စောင့်ကြ၊ သီလရှိချိန်မှာ အလှူအတန်းပြုယင် အကျိုးပိုကြီးတယ်။ ဒါကြောင့် အလှူခံလာယင် သင်တို့ရဲ့အစားအစာထဲက ခွဲဝေလှူဒါန်းပြီးမှ စားကြ" လို့ တိုက်တွန်းစကားပြောကြားပါတယ်။

နောက် ဥပုသ်နေ့မှာ ဖျံက မိမိရှာဖွေရလာတဲ့ပုံသကူ ငါးကြင်းသေ ၇-ကောင်ကို အလှူခံလာယင် လှူဖို့ထားပြီး ဥပုသ်စောင့်တယ်။

မြေခွေးကလဲ မိမိရှာဖွေရလာတဲ့ အမဲကင်၊ ဖွတ်ကင်နှင့် နို့ဓမ်းအိုးတို့ကို လှူဖို့ထားပြီး ဥပုသ်စောင့်တယ်။


မျောက်ကလဲ မိမိရှာဖွေရလာတဲ့ သရက်သီးခိုင်ကို လှူဖွယ်အဖြစ်ထားပြီး အလှူခံပုဂ္ဂိုလ်ကို စောင့်မျှော်ယင်း ဥပုသ်သီလ ဆောက်တည်ပါတယ်။

ဘုရားအလောင်း ယုန်မင်းကိုယ်တိုင်သည်း သူ့ခန္ဓာကိုယ်ကို အလှူခံပုဂ္ဂိုလ်အား လှူဒါန်းဖို့ ရည်မှန်းပြီး ဥပုသ်စောင့်သုံးခဲ့ပါတယ်။

---

[၃၉] ပညာရှိယုန်မင်းထံချဉ်းကပ်မှီဝဲနေထိုင်သူ ဖျံ၊ မြေခွေးနှင့်မျောက်တို့ကို ယုန်မင်းက ဆုံးမစကား ပြောကြားခနပုံ။

www.dhammaransi.com



www.dhammaransi.com



ဒီ ဖျံ၊ မြေခွေးနဲ့မျောက်တို့ဟာ တိရစ္ဆာန်တွေဖြစ်ကြပေမယ့် ပညာရှိယုန်မင်းကို ဆည်းကပ် မှီဝဲမိတဲ့အတွက် အလှူပြုရမှန်း၊ သီလဆောက်တည်ရမှန်း၊ ဥပုသ်စောင့်သုံးရမှန်း သိရှိလာကြတယ်။ ဒီ အလုပ်တွေဟာ နတ်ပြည်နတ်ရွာ ရောက်ရာရောက်ကြောင်း ကောင်းမှုကံတွေ ဖြစ်တယ်။ လုပ်သင့်လုပ်ထိုက်တယ်ဆိုတာ ယုံကြည်ကြတယ်။

ဒီလို သိရှိ ယုံကြည်တဲ့အတိုင်းလဲ စွမ်းအားရှိသမျှကုသိုလ်ကောင်းမှုတွေ ပြုကြတယ်။ ဒါဟာ ပညာရှိကို ဆည်းကပ်မှီဝဲရတဲ့အတွက်ကြောင့်ပါပဲ။

သူတို့ဟာ သေတဲ့အခါ ကံအားလျော်စွာ လားရောက်ကြရတယ်လို့ ဇာတ်အဋ္ဌကထာမှာတော့ သာမန်ပဲပါရှိပါတယ်။ ဒါပေမယ့် သူတို့ဟာ အသက်ထက်ဆုံး ဒါနပြု၊ သီလဆောက်တည်၊ ဥပုသ် ကျင့်သုံးပြီး သေကြဘာဖြစ်လို့ နတ်ပြည်မရောက်တာတောင် အနည်းဆုံး လူဖြစ်ဖို့ကတော့ သေချာ ပါတယ်။

## လူဖြစ်ပြန်က ပညာရ

ပညာရှိကို မှီဝဲဆည်းကပ်သူများသေလို့ လူပြန်ဖြစ်ယင် ပညာဉာဏ် ကြီးမားတယ်ဆိုတာနဲ့ ပတ်သက်တဲ့အကြောင်း နည်းနည်းဆက်ကြဦးစို့။

မြတ်စွာဘုရားရဲ့ယောကျ်ားမြတ် လက္ခဏာ ၃၂-ပါးထဲမှာ "ချောမွေ့တဲ့ အသားအရေရှိပြီး ကိုယ်ကာယ၌ မှုအညစ်အကြေးမကပ်ငြိခြင်း"လဲ တပါးအပါအဝင် ဖြစ်ပါတယ်။

www.dhammaransi.com



ဒီလို လက္ခဏာရှင်မျိုးဟာ လူအဖြစ်နေယင် စကြာမင်း ဖြစ်နိုင်တယ်၊ ပညာ ကြီးတယ်။ လောကီလူသားတွေထဲမှာ ပညာအရှိဆုံးသူ ဖြစ်တယ်။

ရဟန်းပြုယင် ဘုရားဖြစ်နိုင်တယ်။ ကြီးသောပညာ၊ များသောပညာ၊ ရွှင်သောပညာ၊ လျင်သောပညာ၊ ထက်သောပညာ၊ ထိုးထွင်းသိနိုင်သောပညာ ရှိတယ်။ ဘုရားဆိုတာ အတုမဲ့ အမြတ်ဆုံး ဉာဏ်ပညာဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ပိုင်ဆိုင်တဲ့ အတုမဲ့ အမြတ်ဆုံး ပညာရှိ ဖြစ်တယ်။

မြတ်စွာဘုရားဟာ ဒီလိုအကြီးမားဆုံး၊အမြင့်မြတ်ဆုံး၊အတုမဲ့ပညာရှိဖြစ်တာဟာ အကြောင်းမဲ့ သက်သက်မဟုတ်ပါဘူး။ ရှေးရှေး ဘဝကြီးငယ်တွေမှာ ပညာရှိများထံ ဆည်းကပ်မှီဝဲပြီးတော့ "ဘယ်ဟာက ကုသိုလ်ဖြစ်တယ်၊ ဘယ်ဟာက အကုသိုလ်ဖြစ်တယ်၊ ဘယ်ဟာက လုပ်ထိုက်တယ်၊ ဘယ်ဟာက မလုပ်ထိုက်ဘူး"စတဲ့ အသိပညာနဲ့ပတ်သက်တဲ့ မေးမြန်းစုံစမ်း ဆည်းပူးလေ့လာမှုတွေကို ပြုခဲ့လို့သာ ဖြစ်ပါတယ်တဲ့။

ဒါကြောင့် ပညာရှိကို ဆည်းကပ်မှီဝဲတာဟာ ခုရော နောင်ပါ အသိပညာ ကြီးမားစေတဲ့ အကြောင်းဖြစ်တယ်ဆိုတာ သတိပြု လိုက်နာကြဖို့ပါပဲ။

ကဲ....နောက်ဆုံးဖြစ်တဲ့ သတ္တမ အမေး အဖြေတော့ ဆုံးသွားပြီ။ အကျဉ်းချုပ် ဆောင်ပုဒ် ကဗျာလေးတွေ ဆိုကြဦးစို့။

www.dhammaransi.com



မေး။ ။အချို့လူတွေ ပညာတတ်လို့၊ မတတ်သူလဲ ရှိပါတယ်။
ဒီလိုဖြစ်တာ ဘာ့ကြောင့်လဲလို့၊ ကွဲကွဲပြားပြား သိချင်တယ်။

ဖြေ။ ။ပညာရှိကို မဆည်းကပ်တော့၊ အပါယ်လေးရပ် ရောက်လိမ့်မယ်။
လူဖြစ်ပြန်သော် ပညာမရလို့၊ လူနုံ လူအ ဖြစ်တတ်တယ်။
ပညာရှိကို မှီဝဲကပ်တော့၊ နတ်ပြည်ခြောက်ထပ် ရောက်ရမယ်။
လူဖြစ်ပြန်သော် ပညာတတ်လို့၊ ရှင်လူဆည်းကပ် ခံရတယ်။
မှတ်ကွယ်....မှတ်ကွယ်။ ။

ဒေါ

www.dhammaransi.com

## ရုပ်သေးပမာ ကံဆိုတာ

အခုဖော်ပြခဲ့ပြီးတဲ့အကြောင်းအရာတွေကိုခြုံကြည့်လိုက်ယင် သတ္တဝါတွေဟာ ဘဝအမျိုးမျိုး၊ ဘုံအမျိုးမျိုးတွေမှာ အခြေအနေ အမျိုးမျိုးတွေ ကွဲပြားပြီး ကျင်လည်နေကြရတာတွေဟာ ကံရဲ့ ခြယ်လှယ်မှုကြောင့် ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

ဒါပေမယ့် ဒီကံဟာ သူ့ချည်းသက်သက်တော့ ခြယ်လှယ်နိုင်တာမဟုတ်ပါဘူး။ သူ့ကိုနောက်ကွယ်က ကြိုးကိုင်နေသူရှိတယ်။ အဲဒါကတော့ တဏှာပဲ။ ကံကို တဏှာက အထောက်အပံ့ပေးတယ်။ တဏှာက ကြိုးကိုင်နေတယ်။ ကံဆိုတာ တဏှာရုပ်သေးဆရာကြိုးဆွဲမှ လှုပ်ရှားကခုန်တတ်တဲ့ ရုပ်သေးရုပ်နဲ့ တူတယ်လို့ ဆိုချင်ဆိုနိုင်ပါတယ်။

ကုသိုလ်ကံ(သို့မဟုတ်)အကုသိုလ်ကံဟာ တဏှာရဲ့အထောက်အပံ့ကိုမရယင် ဘဝသစ်ပဋိသန္ဓေကို မဖြစ်စေနိုင်ပါဘူး။ ဘဝသစ်မဖြစ်ယင် "အသက်တိုခြင်း၊ ရှည်ခြင်း၊ ရောဂါများခြင်း၊ ရောဂါနည်းခြင်း၊ အရုပ်ဆိုးခြင်း၊ အရုပ်ချောခြင်း"စတဲ့ စောစောကပြောခဲ့တဲ့ကွဲပြားမှုတွေဟာမဖြစ်တော့ပါဘူး။ တဏှာရဲ့အထောက်အပံ့ကို ရလို့သာ ကံတွေက ဘဝသစ်ပဋိသန္ဓေကို ဖြစ်စေနိုင်တာ၊ လူသားတွေကို ခြယ်လှယ်နေနိုင်တာ ဖြစ်ပါတယ်။

www.dhammaransi.com



## တဏှာဟူသမျှ ပယ်သတ်ကြ

ဒါကြောင့် ကံရဲ့ခြယ်လှယ်မှုကို မခံချင်ကြယင် ကံကိုကြိုးကိုင်နေတဲ့တဏှာကိုအပြတ်ရှင်းရမယ်။ တဏှာကိုအပြတ်ရှင်းရမယ်ဆိုတော့ တဏှာဆိုတာ ဘာလဲ၊ အဲဒီတဏှာကို ဘယ်လိုအပြတ်ရှင်းရမလဲဆိုဘာ သိဖို့ လိုလာပါတယ်။

တဏှာနဲ့ပတ်သက်ပြီး "ဒိဋ္ဌိတဏှာ ပယ်ခွာရေး တရားစာအုပ်"မှာ တော်တော် ပြည့်ပြည့် စုံစုံ ဖော်ပြထားပြီး ဖြစ်လို့ ဒီမှာတော့ နည်းနည်းလောက်သာ ဖော်ပြပါတော့မယ်။

တဏှာဆိုတာ ကောင်းတဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိနဲ့ တွေးစရာတွေကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ သဘောဖြစ်တယ်။ အဲဒီတဏှာကို ဘယ်လိုရှင်းရမလဲဆိုတော့ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ အိပ်တိုင်း၊ ဖောင်းတိုင်း၊ ပိန်တိုင်း၊ ဒီလိုအာရုံနဲ့ဒွါရဆုံတိုင်းဆုံတိုင်းမှာ ထင်ရှားရှိတဲ့သဘော ရုပ်နာမ်တွေကို မြင်တယ်၊ ကြားတယ် စသည်ဖြင့် မပြတ်ရှုမှတ်ပြီး ပယ်ရမယ်တဲ့။

## အကျဉ်းရှုဖွယ် ဖော်ပြမယ်

လိုရင်းကတော့ ဝိပဿနာ ရှုမှတ်ပြီး ပယ်ရမယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့် ခုအချိန်ကစပြီး မဟာစည် ဝိပဿနာရှုနည်း အကျဉ်းချုပ်ကို သိသာရုံ ထုတ်နုတ်ဖော်ပြသွားပါမယ်။

www.dhammaransi.com



ဝိပဿနာအားထုတ်မယ့် ပုဂ္ဂိုလ်ဟာ လူ့ပုဂ္ဂိုလ်ဖြစ်မယ်ဆိုယင် လူနဲ့ဆိုင်ရာ သီလကို ရှေးဦးစွာ ဆောက်တည်ထားရပါတယ်။ ရဟန်းတော် ဖြစ်မယ်ဆိုယင်လဲ ရဟန်းဆိုင်ရာ သီလကို ရှေးဦးစွာ စင်ကြယ်စေရပါတယ်။

အဲဒီနောက် ဆိတ်ငြိမ်ရာ အရပ်သို့ဖြစ်စေ၊ သစ်ပင်အောက်သို့ ဖြစ်စေ၊ တောထဲသို့ ဖြစ်စေ သွားရောက်ပြီး နေရာယူရပါတယ်။

တရားမထိုင်ခင် မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူထားချင်ယင်လဲ လှူထားနိုင်ပါတယ်။ နောက်ပြီး ကိုယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် စသည်တွေကိုလဲ မေတ္တာပို့ထားပါ။ မိမိရဲ့ သီလဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ အထောက်အပံ့ ဖြစ်ပါစေလို့လဲ စိတ်က ညွှတ်ထားပါတဲ့။

အဲဒီနောက် မျက်စိမှိတ်ထား၊ အသက်ကိုမှန်မှန်ရှူ၊ စိတ်က ဝမ်းဗိုက်ကို အာရုံပြုထားပါ။ အသက်ရှူသွင်းတိုင်း ရှူသွင်းတိုင်း ဝမ်းဗိုက်ဖောင်းတက်လာတဲ့အခါ ဖောင်းတာကို အာရုံပြုပြီးတော့ "ဖောင်းတယ်"လို့ မှတ်ပါ။ အသက်ရှူထုတ်တိုင်း ရှူထုတ်တိုင်း ဝမ်းဗိုက်ပိန်ကျသွားတဲ့အခါ ပိန်တာကို အာရုံပြုပြီးတော့ "ပိန်တယ်"လို့ မှတ်ပါ။

မှတ်တဲ့အခါ စိတ်နဲ့သာ မှတ်ပါ။ နှုတ်က လိုက်ဆိုစရာ မလိုပါဘူး။ နောက်ပြီး ဖောင်းအောင် ပိန်အောင်ဆိုပြီးတော့ အသက်ကိုလဲ တမင်ပြင်းပြင်းမရှူပါနဲ့၊ မှတ်တဲ့အခါမှာလဲ တကယ် ဖောင်းမှသာ ဖောင်းတယ်လို့မှတ်ပါ။ တကယ် ပိန်မှသာ ပိန်တယ်လို့ မှတ်ပါ။

www.dhammaransi.com



ဒီတော့ မှတ်ရမယ့် အမှတ်ဟာ "ဖောင်းတယ်၊ ပိန်တယ်" ဖြစ်ပါတယ်။ အသက်ရှူ မြန်ယင် "ဖောင်းတယ်၊ ပိန်တယ်" ဒီ ၂-ချက်သာ မှတ်ပါ။ အသက်ရှူနည်းနည်းနှေးယင်တော့ မိမိထိုင်နေတဲ့ အမူအရာကိုပါ အာရုံပြုပြီးတော့ "ထိုင်တယ်"လို့ ထည့်မှတ်ပါ။ ဒီတော့ အမှတ်ဟာ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်" ၃-ချက် ဖြစ်ပါတယ်။

အသက်ရှူသိပ်နှေးယင် အထိအများဆုံးနေရာကိုပါ အာရုံပြုပြီးတော့ "ထိတယ်"လို့ ထည့်မှတ်ပါ။ ဒီတော့ အမှတ်ဟာ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်" ၄-ချက် ဖြစ်လာပါတယ်။

ဒီနေရာမှာ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်"လို့ မှတ်တာဟာ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်" ဆိုတဲ့ အခေါ်အဝေါ် (ပညတ်) စကားလုံး သက်သက်ကိုသာ သိရို မှတ်တာတော့ မဟုတ်ဘူး။ အဲဒီ စကားလုံးများနဲ့ ခေါ်ဆိုအပ်တဲ့ အခေါ်ခံသဘော ရုပ်တရားစစ်စစ်ကို ဘာဝနာမယဉာဏ်ဖြင့် အမှန်အတိုင်းသိအောင် မှတ်တာသာဖြစ်တယ်။ ဒါကို အထူးသတိပြုစေချင်ပါတယ်။

ဘာမှ ထွေထွေထူးထူး မှတ်စရာမရှိတဲ့အခါ ဒီ "ဖောင်းမှု၊ ပိန်မှု၊ ထိုင်မှု၊ ထိမှု" တွေကိုပဲ မပြတ်ရှုမှတ်သွားရပါတယ်။

အဲဒီလိုမှတ်နေတုန်း တနေရာရာက နာလာမယ်၊ ကျင်လာမယ်၊ ကိုက်လာမယ်၊ ယားလာမယ် ဆိုယင် နာတဲ့သဘော၊ ကျင်တဲ့သဘော စသည်ကို အာရုံပြုပြီးတော့ "နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊

www.dhammaransi.com



ယားတယ်''စသည်ဖြင့် အရပ်သုံးစကားနဲ့ပဲမှတ်ပါ။ လက်၊ ခြေ၊ ခေါင်း၊ ပေါင်း စတဲ့ ပုံသဏ္ဌာန်တွေကိုတော့ ထည့်မမှတ်နဲ့။

''ဒီမှာလဲ ''နာတယ်၊ကျင်တယ်၊ယားတယ်''စသည်ဖြင့် မှတ်တာဟာ အခေါ်အဝေါ်စကားလုံးသက်သက်ကို သိရုံ မှတ်တာတော့ မဟုတ်ဘူး။ အခေါ်ခံ နာမ်သဘောစစ်စစ်တွေကို သိအောင်မှတ်တာသာ ဖြစ်တယ်။ ဒါကို သတိပြုဖို့မမေ့နဲ့ဦး။

ဒီလို နာတယ်၊ ကျင်တယ် စသည်ဖြင့် ဖြစ်တဲ့အတိုင်း လိုက်မှတ်လို့ ပျောက်သွားယင် မင်တိုင်အမှတ်ဖြစ်တဲ့ ''ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်''ကို ပြန်မှတ်ပါ။

နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ယားတာတွေကို မှတ်လို့မပျောက်တာနဲ့ နေရာပြင်ချင်ယင်''ပြင်ချင်တယ်၊ ပြင်ချင်တယ်''လို့မှတ်။ ယားတာမပျောက်လို့ ကုတ်ချင်ယင်လဲ ''ကုတ်ချင်တယ်၊ ကုတ်ချင်တယ်၊ကုတ်တယ်''စသည်ဖြင့် အရပ်သုံးအတိုင်းပဲ မှတ်ပါ။နေရာပြင်ထိုင်ယင်လဲ''ပြင်တယ်၊ရွှေ့တယ်''စသည်ဖြင့် မှတ်ပါ။

တံတွေးထွေးချင်ယင် ''ထွေးချင်တယ်''မှတ်။ ထွေးယင် ''ထွေးတယ်''မှတ်။ တံတွေးမျိုချင်ယင် ''မျိုချင်တယ်''မှတ်။ မျိုယင်''မျိုတယ်''မှတ်။ ဘာမှ မှတ်စရာမရှိယင် အခြေခံအမှတ်၊ ပင်တိုင်အမှတ်ဖြစ်တဲ့ ''ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်''လို့ ပြန်မှတ်ပါ။

ဒီလိုမှတ်နေရာက စိတ်က တခြားကိုရောက်သွားမယ်ဆိုယင် ''ရောက်တယ်၊ ရောက်တယ်''မှတ်။ စိတ်ကူးယင် ''စိတ်ကူးတယ်၊စိတ်ကူးတယ်'' မှတ်။ စိတ်ကူးထဲမှာ တယောက်ယောက်နဲ့ တွေ့ယင်လည်း

www.dhammaransi.com



"တွေ့တယ်၊တွေ့တယ်"မှတ်။ စိတ်ဆိုးယင်"ဆိုးတယ်၊ဆိုးတယ်"မှတ်။ ပျော်ယင်"ပျော်တယ်"မှတ်။ ပျင်းယင် "ပျင်းတယ်၊ ပျင်းတယ်"မှတ်။ စိတ်ထဲမှာ ရှိသမျှ အကုန်မှတ်ပါ။

ဒီနေရာမှာလဲ "စိတ်ကူးတယ်၊ စဉ်းစားတယ်"စသည်ဖြင့် မှတ်တာဟာ အခေါ်အဝေါ်စကား လုံးသက်သက်ကိုသာ သိရုံမှတ်တာ မဟုတ်ဘူး။ အဲဒီစကားလုံးများနဲ့ ခေါ်ဆိုအပ်တဲ့ အခေါ်ခံ စိတ် နာမ်သဘောစစ်စစ်ကို သိအောင် မှတ်တာဖြစ်တယ်ဆိုတာကိုလဲ သတိပြုကြပါ။

စိတ်ထဲမှာရှိသမျှ အကုန်လိုက်မှတ်နေရာက ဘာမှ မှတ်စရာမရှိယင် အခြေခံဖြစ်တဲ့"ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်"ကိုပဲ ပြန်မှတ်ပါ။

အဲဒီလိုမှတ်နေရာက မျက်စိထဲမှာ တခုခုမြင်လာယင် မြင်တာကိုအာရုံပြုပြီး "မြင်တယ်၊ မြင် တယ်"လို့ မှတ်ပါ။ မြင်တာ ပျောက်သွားယင် အခြေခံအမှတ်ဖြစ်တဲ့ ဖောင်းမှု၊ ပိန်မှု၊ ထိုင်မှု၊ ထိမှု တွေကို အာရုံပြုပြီးတော့ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်" ပြန်မှတ်ပါ။

အဲဒီလိုမှတ်နေရာက နားထဲမှာ ထူးထူးခြားခြား ကြားယင် ကြားတာကို အာရုံပြုပြီးတော့ "ကြားတယ်၊ ကြားတယ်"လို့ မှတ်ပါ။ နှာခေါင်းထဲမှာ အနံ့တခုခုနံလာယင်လဲ"နံတယ်၊မွှေးတယ်" စသည်ဖြင့် အရပ်သုံးစကားအတိုင်း မှတ်ပါ။

ဒီနေရာမှာလဲ "မြင်တယ်၊ကြားတယ်"စသည်ဖြင့် မှတ်တာဟာ မြင်ခိုက်၊ကြားခိုက်မှာ တကယ် ထင်ရှားရှိတဲ့သဘော ရုပ်နာမ်စစ်စစ်ကို သိအောင် မှတ်တာသာဖြစ်တယ်။ "မြင်တယ်၊ ကြားတယ်" စတဲ့ စကားလုံးသက်သက်ကိုသာ သိရုံမှတ်တာ မဟုတ်ဘူး။

www.dhammaransi.com



မြင်တာ၊ ကြားတာ၊ နံတာ ပျောက်သွားလို့ ဘာမှ မှတ်စရာမရှိယင် မူလ မှတ်နေကျအတိုင်း "ဖောင်းတယ်၊ ပိန်တယ်"စသည်ဖြင့် ပြန်မှတ်ပါ။ အခု ပြောခဲ့ဘာတွေကတော့ ထိုင်တဲ့အခါမှတ်ပုံ မှတ်နည်းတွေပါပဲ။

ထိုင်မှတ်နေရာက ထချင်လာယင်"ထချင်တယ်၊ ထချင်တယ်"လို့မှတ်။ ထတဲ့အခါ ခန္ဓာကိုယ် တဖြည်းဖြည်းကြွတက်လာတဲ့ အမူအရာကိုအာရုံပြုပြီးတော့"ထတယ်၊ ထတယ်"လို့မှတ်ပါ။ ရပ်တဲ့အခါ "ရပ်တယ်"လို့မှတ်။ လှမ်းချင်ယင် "လှမ်းချင်တယ်၊ လှမ်းချင်တယ်"လို့မှတ်။ လှမ်းယင်"လှမ်းတယ်၊ လှမ်းတယ်"လို့မှတ်။ ဒါမှမဟုတ် "ဗယ်လှမ်းတယ်၊ ညာလှမ်းတယ်"မှတ်ပါ။ ဒါမှမဟုတ်ယင်လဲ ခြေကြွယင် "ကြွတယ်"။ လှမ်းယင်"လှမ်းတယ်"လို့မှတ်။ ဒီလို"ကြွတယ်၊လှမ်းတယ်" နှစ်ချက်မှတ်နိုင်ယင် ခြေကြွတာ လှမ်းတာ ခြေချတာကို အာရုံပြုပြီးတော့"ကြွတယ်၊ လှမ်းတယ်၊ ချတယ်"သုံးချက်မှတ်ပါ။ သုံးချက်မှတ်နိုင်လာယင်၊ ဒါမှမဟုတ် စိတ်အထွက်များလာယင်"ကြွတာ၊ လှမ်းတာ၊ ချတာ၊ ထိတာ" ကိုပါ အာရုံပြုပြီးတော့ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်"လို့ လေးချက်မှတ်ပါ။

ဒီလို အမှတ်နဲ့သွားနေရာက ရပ်ယင်၊ "ရပ်တယ်၊ ရပ်တယ်"လို့မှတ်။ လှည့်ချင်ယင် "လှည့်ချင်တယ်၊ လှည့်ချင်တယ်"၊ လှည့်ယင်"လှည့်တယ်၊ လှည့်တယ်"လို့မှတ်။ မှတ်တဲ့အခါမှာ ကိုယ်အမူအရာကို အာရုံပြုပြီးတော့ စိတ်နဲ့သာ မှတ်ပါ။

အဲဒီနောက် ဆက်သွားယင်"ကြွတယ်၊ လှမ်းတယ်"စသည်ဖြင့်ပြန်မှတ်ပါ။ ရေသောက်ချင်ယင် "သောက်ချင်တယ်"မှတ်။ ရေခွက်ဘက်သို့ လက်လှမ်းယင်"လှမ်းတယ်၊ လှမ်းတယ်" မှတ်။ ရေခွက်ကို

www.dhammaransi.com



ကိုင်ယင် "ကိုင်တယ်၊ ထိတယ်"စသည်ဖြင့် မှတ်။ သောက်ယင် "သောက်တယ်"မှတ်။ မျိုယင်"မျိုတယ်"မှတ်။ လည်ချောင်းထဲမှာ အေးသွားယင် "အေးတယ်၊ အေးတယ်"မှတ်။ ရေခွက် ပြန်ထားယင် "ထားတယ်၊ထားတယ်"မှတ်။ ပြန်သွားယင် "ကြွတယ်၊ လှမ်းတယ်"စသည်ဖြင့် ပြန်မှတ်ပါ။

သွားယင်း မှတ်နေရာက ကြည့်ချင်ယင် "ကြည့်ချင်တယ်"၊ "ကြည့်ယင် ကြည့်တယ်"၊မြင်ယင် "မြင်တယ်"မှတ်၊ ထိုင်ချင်လာယင် "ထိုင်ချင်တယ်၊ ထိုင်ချင်တယ်"လို့မှတ်။ ထိုင်ယင်လဲ ခန္ဓာကိုယ် တဖြည်းဖြည်း နိမ့်ကျသွားတာကို အာရုံပြုပြီးတော့ "ထိုင်တယ်၊ ထိုင်တယ်"လို့မှတ်။ ထိုင်ပြီးလို့ ဆက်မှတ်ချင်ယင် အယင်မှတ်သလိုပဲ -"ဖောင်းတယ်၊ ပိန်တယ်"စသည်ဖြင့် ပြန်မှတ်ပါ။

ဒီလိုမှတ်နေရာက အိပ်ချင်ယင် "အိပ်ချင်တယ်၊ အိပ်ချင်တယ်"မှတ်။ အိပ်တဲ့အခါ ခန္ဓာကိုယ် တဖြည်းဖြည်း ယိုင်ကျသွားတဲ့ အမူအရာကို အာရုံပြုပြီးတော့ "လှဲတယ်၊ အိပ်တယ်"စသည်ဖြင့် မှတ်။ လက်ထောက်ယင် "ထောက်တယ်"၊ ခေါင်းအုံးနဲ့ခေါင်းနဲ့ထိယင် "ထိတယ်၊ ထိတယ်"လို့မှတ်ပါ။

အိပ်တဲ့အခါမှာလည်း မှတ်ယင်းနဲ့ပဲအိပ်ပျော်စေရမယ်။ ဘယ်လိုလဲဆိုတော့ အသက်ကိုမှန်မှန်ရှူ၊ ဝမ်းဗိုက်ကိုအာရုံပြုပြီးတော့ ထိုင်မှတ်တုန်းကလိုပါပဲ။ "ဖောင်းတယ်၊ပိန်တယ်၊ဖောင်းတယ်၊ပိန်တယ်" လို့ မှတ်။ အသက်ရှူနှေးယင် အိပ်တဲ့အမူအရာနဲ့ အထိများတဲ့နေရာကို အာရုံပြုပြီးတော့ "အိပ်တယ်၊ ထိတယ်"လို့ ထည့်မှတ်။ ဒီတော့ အမှတ်ဟာ "ဖောင်းတယ်၊ ပိန်တယ်၊အိပ်တယ်၊ထိတယ်"ဖြစ်ပါတယ်။ ဒီကြားထဲ စိတ်ကူး စဉ်းစားမှု၊ နာမှု၊ ကျင်မှု စသည်တွေ ဖြစ်လာယင်လဲ အယင် ထိုင်မှတ်တုန်းကလိုပဲ

www.dhammaransi.com



"စိတ်ကူးတယ်၊ စဉ်းစားတယ်၊ နာတယ် ကျင်တယ်" စသည်ဖြင့် မှတ်။ ဘာမှ မှတ်စရာ မရှိယင် "ဖောင်းတယ်၊ ပိန်တယ်၊ အိပ်တယ်၊ ထိတယ်" ပြန်မှတ်။ အိပ်ပျော်သွားတဲ့အထိ ဆက်မှတ်သွားပါ။

အိပ်ရာက နိုးလာလို့ မျက်စိဖွင့်ချင်ယင် "ဖွင့်ချင်တယ်၊ ဖွင့်ချင်တယ်"။ ဖွင့်ယင် "ဖွင့်တယ်၊ ဖွင့်တယ်"၊ ထချင်ယင် "ထချင်တယ်၊ ထချင်တယ်"။ ထယင် "ထတယ်၊ ထတယ်"။ ယိမ်းယင် "ယိမ်းတယ်၊ ယိမ်းတယ်"။ လက်ထောက်ယင် "ထောက်တယ်၊ ထောက်တယ်" စသည်ဖြင့် မှတ်ရပါတယ်။ စားတဲ့အခါ၊ ရေချိုးတဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါတွေမှာလည်း "ကွေးတယ်၊ ဆန့်တယ်၊ စားတယ်၊ ဝါးတယ်၊ မျိုတယ်၊ ကိုင်တယ်၊ ထိတယ်" စသည်ဖြင့် မပြတ် မှတ်ရပါတယ်။

အချုပ်ပြောရယင်တော့ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ အိပ်ပျော်နေချိန်မှ တပါးကျန်အချိန်တွေမှာ (၁) ကိုယ်အမူအရာမှန်သမျှ ကြီးကြီးသေးသေး အကုန် မှတ်ရပါတယ်။ (၂) ခံစားမှုမှန်သမျှ ကောင်းကောင်းဆိုးဆိုး အကုန်မှတ်ရပါတယ်၊ (၃) စိတ်ကူးတိုင်း၊ ကြံစည်တိုင်း၊ စဉ်းစားတိုင်း ကောင်းတာပဲ ဖြစ်ဖြစ်၊ မကောင်းတာပဲ ဖြစ်ဖြစ် အကုန် မှတ်ရပါတယ်။ (၄) စိတ်ထဲမှာ ထင်လာတဲ့ အာရုံမှန်သမျှ အကုန်မှတ်ရပါတယ်။

အဲဒီလိုရှုမှတ်သွားယင်မှတ်တိုင်းမှတ်တိုင်းအခိုက်အတန့်အားဖြင့်တဏှာငြိမ်းငြိမ်းသွားပါတယ်။ အမြဲတမ်းတော့ မငြိမ်းသေးဘူး။ ဒီအတိုင်းဆက်မှတ်သွားလို့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီး

www.dhammaransi.com



နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက် မျက်မှောက်ပြုသွားမယ်ဆိုယင် သောတာပန်ဖြစ်သွားတာပါပဲ။

ဒီဒေနှဟောတဲ့တရားက တရားအားမထုတ်ဘူးသေးတဲ့ လူငယ်လူရွယ်တွေကို အဓိကရည်ရွယ်ချက်ထားပြီး ဟောကြားတဲ့တရားဖြစ်လို့ ဉာဏ်စဉ်အဆင့်ဆင့်တက်ပုံကို ဖော်မပြတော့ပဲ ချန်လှပ်ထားခဲ့ပါတယ်။

ဉာဏ်စဉ်ဆိုတာက တရားကို တော်တော်ပြည့်ပြည့်စုံစုံအားထုတ်ပြီးသား ယောဂီများအတွက်သာ မိမိတို့ရဲ့ ကိုယ်တွေ့အသိဉာဏ်နဲ့ ဒေသနာလာဉာဏ်စဉ်တို့ကို တိုက်ဆိုင်ကြည့်ဖို့သာ အဓိက လိုအပ်မယ် ထင်ပါတယ်။

အထက်က ဖော်ပြခဲ့တဲ့အတိုင်း ရှုမှတ်သွားလို့ သောတာပန်ဖြစ်သွားယင် မိမိတို့ကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံက အပါယ်မချနိုင်တော့ဘူး။ အပါယ်ရောက်တဲ့အထိ ကံက မခြယ်လှယ်နိုင်တော့ဘူး။ ကာမသုဂတိ ဘုံမှာလဲ ၇-ဘဝထက်ပိုပြီးတော့ ကံရဲ့ခြယ်လှယ်မှုကို မခံရတော့ဘူး။

သောတာပန်ပုဂ္ဂိုလ်ဟာ အယင်မှတ်နည်းအတိုင်းပဲ ဆက်မှတ်သွားလို့ သကဒါဂါမ် ဖြစ်သွားမယ်ဆိုယင် ကာမသုဂတိဘုံမှာ ၂-ဘဝထက်ပိုပြီး ကံရဲ့ခြယ်လှယ်မှုကို မခံရတော့ဘူး။

အနာဂါမ်ဖြစ်တဲ့အထိ အားထုတ် နိုင်မယ်ဆိုယင် ကာမဘုံမှာ ကံရဲ့ ခြယ်လှယ်မှုကို တဖန်ဘယ်တော့မှ မခံရတော့ဘူး။

www.dhammaransi.com



ရဟန္တာဖြစ်တဲ့အထိ အားထုတ်သွားမယ်ဆိုယင်တော့ တဏှာခပ်သိမ်း အပြီးတိုင် ကင်းငြိမ်း သွားမယ်။ တဏှာမရှိယင် ကံကလဲ ဘဝသစ်ပဋိသန္ဓေကို လုံးဝမဖြစ်စေနိုင်တော့ဘူး။ ရဟန္တာပုဂ္ဂိုလ်ဟာ ပရိနိဗ္ဗာန်ပြုလိုက်တာနဲ့တပြိုင်နက် ဘဝဇာတ်ချုပ်ငြိမ်းပြီး ကံရဲ့ ခြယ်လှယ်မှုမှ ယတိပြတ် လွတ်မြောက်သွားပါတယ်။

ဒါကြောင့် ကံရဲ့ခြယ်လှယ်မှုမှ လွတ်မြောက်ချင်ကြယင် ကံကိုကြိုးကိုင်နေတဲ့ တဏှာမှန်သမျှ အပြီးတိုင်ကင်းငြိမ်းပြီး ရဟန္တာဖြစ်တဲ့အထိ ဝိပဿနာတရားအလုပ် ကြိုးစားအားထုတ်ရမယ်။

ကဲ....''ကံနှင့် လူသားတရားတော်''တပုဒ်လုံးကို အကျဉ်းချုပ် ဖော်ပြတဲ့ ဆောင်ပုဒ် ကဗျာလေးတွေဆိုပြီး တရားပွဲ အဆုံးသတ်ကြစို့။

### ဟောပြီးသမျှ သိမ်းကျုံးပြ ကဗျာ

ကံ နှင့် လူသား ဤတရားကို၊ မောင်မယ်အများ ဖတ်သင့်တယ်။
အလုပ်, စေတနာ ကံပါပဲကွယ့်၊ အသည်းစွဲအောင် မှတ်ကြကွယ်။
နှစ်သက်တွယ်တာ တဏှာပဲကွယ့်၊ ချစ်ခင်တာလဲ တူပါတယ်။
တဏှာကြောင့်သာ ကံတရားက၊ သတ္တဝါများကို ခြယ်လှယ်တယ်။
တဏှာကြိုးကိုင် ကံရုပ်သေးလို့၊ ပမာပေးလဲ ဖြစ်နိုင်တယ်။

www.dhammaransi.com



ခပ်သိမ်းတဏှာ အကုန်ပြတ်ယင်၊ ဘဝဇာတ်သိမ်း ငြိမ်းပါတယ်။
တဏှာပြတ်အောင် ဘယ်တရားကို၊ ကြိုးစားအားထုတ် ကျင့်ရမယ်။
ဝိပဿနာခေါ် မြတ်တရားကို၊ ကြိုးစားကျင့်မှ ပြတ်ပါမယ်။
ဝိပဿနာ အလုပ်စခန်းမှာ၊ မဟာစည်နည်းလမ်း လိုက်သင့်တယ်။
ဖောင်းပိန် ကိုသာ အခြေခံထားလို့၊ ထင်ရှားရုပ်နာမ် ရှုခိုင်းတယ်။
စာသံ ပေသံ မပါငြားလဲ၊ ဉာဏ်စဉ်တိုးပွား မဂ်ဆိုက်မယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ တဏှာများလဲ ငြိမ်းပါတယ်။
ခပ်သိမ်းတဏှာ ပြတ်အောင်ရှုတော့၊ ကံခြယ်လှယ်မှု လွတ်မြောက်တယ်။
မှတ်ကြွယ်....မှတ်ကြွယ်။ ။

www.dhammaransi.com

# နိဂုံး အနေ ဆုမွန်ခြွေ

အဒ္ဒမှသု ယံ ဇဟန္တေသု၊ ကမ္မံ နေသ နဝိဗာစတိ။
တသ္မာတဏှာ ဇဟေယျာထ၊ ကယိရထ ဘဝက္ခယံ။ ။

သာဓဝေါ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ အမှေသု၊ ဘဝဇာတ်ကြော မျှောချင်တိုင်း မျှောလာကြကုန်သော ငါတို့သည်။ ယံတဏှာ၊ ဘဝသစ်အထွေထွေကို အမှန်မသေ ဖြစ်စေတတ်သော နှစ်သက်တွယ်တာ အကြင်တဏှာ မှန်သမျှကို။ ဇဟန္တေသု၊ ဝိပဿနာဉာဏ် မဂ်ဉာဏ် တို့ဖြင့် အမြစ်ပါမကျန်ရအောင် ပယ်စွန့်နိုင်ကြကုန်သည်ရှိသော်။ ကမ္မံ၊ တဏှာကြောင့်သာ တို့သူငါကို ခြယ်လှယ်နိုင်ပြီး ကံတရားသည်။ နေသ-အမှေ၊ လူနတ်ဗြဟ္မာ သတ္တဝါအစားစား သူစေရာသွားလာ နေကြရသော ငါတို့တတွေကို။ ယသ္မာ၊ အကြင့်ကြောင့်။ နဝိဗာစတိ၊ ချုပ်ချယ်ကွပ်ကဲ၍ နှိပ်စက် ညှဉ်းဆဲခြင်းပြုနိုင်တော့မည် မဟုတ်ချေ။ တသ္မာ၊ ထိုကြောင့်။ တုမှေ၊ သင် တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည်။ တံဘဏှာ၊ ကံ၏ဆရာ ထိုဘဏှာကို။ ဇဟေယျာထ၊ အမှန်မသေ

www.dhammaransi.com



ပယ်စွန့်သင့်ကြပါပေကုန်၏။ ဧဟိတ္ဝာန၊ ပယ်စွန့်နိုင်ကြကုန်သည်ဖြစ်၍။ ဘဝကွယံ၊ ဘဝဇာတ်သိမ်းကုန်ခန်းချုပ်ငြိမ်းခြင်းကို။ ကယိရထ၊ ပြုလုပ်နိုင်ကြပါစေကုန်သတည်း။ ဝါ၊ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ အိပ်တိုင်း၊ ဖောင်းတိုင်း၊ ပိန်တိုင်း၌ တကယ်ထင်ရှားရှိနေတဲ့ ရုပ်နာမ်စမ္မ သဘာဝတရားတို့ကို မပြတ်ရှုမှတ် ပွားများကြပြီးလျှင် ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် တဏှာမှန်သမျှ မကျန်ရအောင် အမြစ်လှန်အစပြတ် ပယ်သတ်နိုင်ကြကုန်သည်ဖြစ်၍ ဒုက္ခဇာတ် သိမ်းနိုင်ကြပါစေကုန်သတည်း။ ။

သာဓု....သာဓု....သာဓု။

အရှင်သုန္ဒရ
ပြန်တန်ဆာကျောင်း
အလယ်တောရတိုက်၊ ဗဟန်း၊ ရန်ကုန်မြို့။

သာသနာသက္ကရာဇ် ၂၅၂၂–ခုနှစ်၊
ကောဇာသက္ကရာဇ် ၁၃၄၀–ခုနှစ်၊ ဝါခေါင်လဆန်း [၅] ရက်။
တနင်္ဂနွေနေ့ [၉–၇–၇၈] ကံ နှင့် လူသား တရားစာမူ ပြီးသည်။

www.dhammaransi.com

ပြန်တန်ဆာ အရှင်သုန္ဒရ {ဓမ္မာစရိယ၊ ဘီ-အေ}

ရေးဖွဲ့သော

# " သူယုတ်စစ်တမ်းကဗျာပန်း "

" မှတ်စရာ ဝသလသုတ်ဂါထာ "

[နောက်ဆက်တွဲအဖြစ်ထည့်သွင်းဖော်ပြပါသည်။]

www.dhammaransi.com

## သုယုတ်စစ်တမ်း ကဗျာပန်း

ဤသုယုတ်စစ်တမ်း ကဗျာပန်းသည် အင်္ဂုတ္တိုရ် ဘာရဒွါဇပုဏ္ဏားအား မြတ်စွာဘုရားဟောကြားတော်မူသည့် ဝသလသုတ်လာ ပါဠိဂါထာများကို ဘာသာပြန်၍ ရေးစပ်ထားသော ကဗျာစုဖြစ်ပါသည်။

စာရေးသူ၏ကျေးဇူးရှင် ဆရာတပါးဖြစ်သူ ပဲခူးတိုင်း၊ ကျောက်တံခါးမြို့၊ ဇရပ်ကုန်းအနောက်ကျောင်းဆရာတော် အရှင်နန္ဒမာလာမဟာထေရ်မြတ်က စာရေးသူအား ဝသလသုတ်ဂါထာများကိုပြ၍ "ကလေးများနှင့် သင့်လျော်အောင် ရေးပါ"ဟု ခိုင်းစေချက်အရ "ကလေးလက်ဆောင်"အဖြစ် ဤကဗျာစုကို ရေးသားခြင်း ဖြစ်ပါသည်။

ကလေးများ ရွတ်ဖတ်သီဆိုရာ၌ လွယ်ကူ သွက်လက်စေရန် မင်းသုဝဏ်၏ သပြေသီးကောက် ကဗျာသွားကိုမှီ၍ ဖွဲ့ဆိုထားပါသည်။ မူရင်းသုတ်၌ ဂါထာပုဒ်ရေ ၂၀-ရှိသော်လည်း ကာရန်အခက်အခဲကြောင့် အဓိပ္ပာယ်ဆင်တူရာ ဂါထာအချို့ကို ပေါင်းစပ်ဖွဲ့ဆိုထားသဖြင့် ကဗျာပုဒ်ရေမှာ ၁၇ ခုသာဖြစ်နေပါသည်။ ပေါင်းစပ်ထားသောဂါထာများ၏ နံပါတ်များကို သိနိုင်ရန် ပုးတွဲ ပြထားပါသည်။ ဥပမာ-ကဗျာထိပ်၌ နံပါတ်၃/၄ ဟု တွေ့ရလျှင် ဂါထာနံပါတ် ၃ နှင့် ၄ တို့ ပေါင်းစပ် ဖွဲ့ထားသည်ဟု မှတ်ယူရန် ဖြစ်ပါသည်။

www.dhammaransi.com



"သူယုတ်ဆိုတာ သေချာသိဖို့၊ ကျမ်းဂန်အရှိ ဖော်ပြမယ်"

၁။ အမျက်ထွက်ကာ ရန်ငြိုးထားလို့၊ မကောင်းစိတ်များ သူမွေးတယ်။
ကျေးဇူးဖျက်ချေ အယူမှားနဲ့၊ မာယာများလဲ သူယုတ်ကွယ်။

၂။ လူ့တိရစ္ဆာန် တကြိမ်ဖွားနဲ့၊ နှစ်ကြိမ်ဖွား ငှက်၊ငါး၊မြွေရယ်။
သတ္တဝါအပေါ် သနားစိတ်ကင်းလို့၊ သတ်ဖြတ်ညှဉ်းဆဲ သူယုတ်ကွယ်။

၃/၄။ ရွာနိဂုံးကို ပိတ်ဆို့ဖျက်လို့၊ ပြည်ရွာဖျက်ဟု ထင်ရှားတယ်။
မြို့ရွာ တောမှာ ထားတာများကို၊ ခိုးယူစားလဲ သူယုတ်ကွယ်။

၅/၆။ ကြွေးမြီယူကာ ပြန်မပေးပဲ၊ ငြင်းဆိုထွက်ပြေး သူယုတ်ကွယ်။
ခရီးလမ်းမှာ သတ်ဖြတ်လုလဲ၊ သူယုတ်မာပဲ ဖြစ်ပါတယ်။

၇။ သက်သေလိုက်ယင် မေးစစ်ကြောတော့၊ လိမ်သည်ပြောလို့ ထွက်ဆိုတယ်။
မိမိ၊ဥစ္စာ၊ သူ့အတွက်ကြောင့်၊ ငွဲ့ညှာထွက်လဲ သူယုတ်ကွယ်။

၈။ ဆွေမျိုး မိတ်ဆွေ သူ့ဇနီးကို၊ ခြိမ်းခြောက်ဖျက်ဆီး လွန်ကျူးတယ်။
ဖြားယောင်းစိတ်တူ ကျူးလွန်တဲ့လဲ၊ သူယုတ်မာပဲ ဖြစ်ပါတယ်။

www.dhammaransi.com



၉။ အိုခင်းရင့်ရော် မိဘများကို၊ ကျွေးနိုင်သားနဲ့ ပစ်ထားတယ်။
မကျွေးမွေးသူ ထိုသားမျိုးလဲ၊ လူယုတ် လူဆိုး ဖြစ်ပါတယ်။

၁၀။ မိဘ ညီနောင် နှမများနဲ့၊ ယောက္ခမအားလဲ မညှာတယ်။
ပုတ်ခတ်ပြစ်တင် ချုပ်ချယ်ပြုတော့၊ သူယုတ်မာဟု ခေါ်ရမယ်။

၁၁။ အကျိုးသိလို မေးသူများကို၊ အကျိုးမဲ့စကားနဲ့ ဆုံးမတယ်။
အကျိုးရှိရာ သိရက်သားနဲ့၊ ဖုံးလွှမ်းပြောကြား သူယုတ်ကွယ်။

၁၂။ မကောင်းမှုဆို မရှောင်ပြုလို့၊ လူမသိဖို့ လိုလားတယ်။
မိမိအပြစ်ကို ဖုံးလွှမ်းထားလဲ၊ သူယုတ်စားပဲ ဖြစ်ပါတယ်။

၁၃။ သူများအိမ်ကို အလည်ပတ်သွားတော့၊ စားလား သောက်လား နေခဲ့တယ်။
ကိုယ့်အိမ်လာသူ မိတ်ဆွေများကို၊ ဧည့်ဝတ်ပျက်ပြား သူယုတ်ကွယ်။

၁၄/၁၅။ ရဟန်းသံဃာ အလှူခံများကို၊ မမှန်စကားနဲ့ လှည့်ဖြားတယ်။
စားချိန်ရောက်သော် ချုပ်ချယ်ထားလို့၊ မပေးပဲထား သူယုတ်ကွယ်။

၁၆။ ကိုယ်ပိုင်ဥစ္စာ မရှိပဲနဲ့၊ ရှိဒလဟန်လဲ ဆောင်တတ်တယ်။
ဝါကြွားလိမ်ယူ လှည့်ပတ်စားလဲ၊ သူယုတ်သားပဲ ဖြစ်ပါတယ်။

www.dhammaransi.com



၁၇။ မိမိကိုယ်ကို ချီးမြှောက်ကြွားလို့၊ သူများကျတော့ နှိမ်တတ်တယ်။
မာန်ကြောင့်သာ ဂုဏ်သိရ်ယုတ်ယင်၊ သူလဲ လူယုတ် ဖြစ်ပါတယ်။

၁၈။ တပါးသူကို အပြစ်ပြုလို့၊ ဝန်တိုမှုကဲ စဉ်းလဲတယ်။
အလိုဆိုး,ခက်ထန်,အရှက်,အကြောက် ကင်းတော့၊ လူယုတ် လူဖျင်း ဖြစ်ပါတယ်။

၁၉။ ဘုရားမြတ်စွာ တပည့်သားနဲ့၊ ရှင်လူများကို ထိပါးတယ်။
ချုပ်ချယ်ပြောကာ မြည်တွန်ပြုလဲ၊ သူယုတ်မာပဲ ဖြစ်ပါတယ်။

၂၀။ ရဟန္တာစစ် မဖြစ်ပဲနဲ့၊ ဖြစ်တယ်လို့လဲ ဝန်ခံဘယ်။
သူယုတ်တကာတွင် အဆုံးစွန်ယုတ်လို့၊ သူယုတ်ဗိုလ်ချုပ် ဖြစ်ပါတယ်။
"ဘာရဒွါဇ ထိုပုဏ္ဏားကို၊ မြတ်စွာဘုရားက ဟောခဲ့တယ်"
မှတ်ကွယ်၊ မှတ်ကွယ်။ ။

www.dhammaransi.com

မဟာစည် နိုင်ငံခြားသာသနာပြု ဓမ္မကထိက

## မြန်တန်ဆာ အရှင်သုန္ဒရ (ဓမ္မာစရိယ၊ ဘီ-အေ)

### ရေးသားသော စာအုပ်များ

၁။ ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားတော်
၂။ ကံနှင့် လူသား ပုံပြတရားတော်
၃။ လူ့ကျင့်ဝတ် ပုံပြတရားတော်
၄။ ဒိဋ္ဌိ-တဏှာ ပယ်ခွာရေးတရားတော်
၅။ အမြတ်ဆုံးစစ်သည်နှင့် စကားစစ်ပွဲတရားတော်
၆။ ကုသိုလ်ပန်း ပုံပြတရားတော်
၇။ မြတ်သောတာပန် ပုံပြတရားတော်

ပင်ရင်းဖြန့်ချီရေး
**သီရိရတနာ စာပေတိုက်**
၁၆၆၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

www.dhammaransi.com

သီရိရတနာစာပေတိုက်
၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့

www.dhammaransi.com

# သင့်တာဝန်

ဤစာအုပ်သည် ဗုဒ္ဓဘာသာဝင် လူငယ်၊ လူရွယ်များအတွက် အထူး ရည်ရွယ် ရေးသားထားသောစာအုပ်ဖြစ်ပါသည်။ သို့သော် ကိုယ်တိုင်ဆုံးအောင်ဖတ်ကြည့်ပြီးပါက လူကြီးများလည်း ဖတ်ရှုသင့်ကြောင်း သိလာပါလိမ့်မည်။

မြန်မာစာ ဖတ်တတ်သူတိုင်း လွယ်လွယ်ကူကူ နားလည်သဘောပေါက်နိုင်ရန် အတတ်နိုင်ဆုံး ရေးသားထားပါသည်။ ဖတ်ရှုလိုက်နာ ကျင့်ကြံရန်မှာ သင့်တာဝန်သာ ဖြစ်ပါသည်။

စာအုပ် စာစောင်၊ တွေ့မရှောင်၊ ဆုံးအောင်ဖတ်ရှုပါ။
မကောင်း ရှောင်ပယ်၊ ကောင်း ဆောင်ကွယ်၊
ကျင့်ကွယ် ကျင့်ပါ၊ သင့်ဝန်တာ။ ။